# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၃၂၁)


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှီအန်းမြို့သို့ရောက်ရှိ

## ရှီအန်းမြို့နှင့် မြန်မာနိုင်ငံရှိ မြို့တစ်မြို့တို့အား ညီအစ်မမြို့တော်ထူထောင်၍ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**ရှီအန်း ဩဂုတ် ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ပေကျင်းမြို့မှ **(အပေါ်ပုံ)** လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရှန်ရှီးပြည်နယ် ရှီအန်းမြို့သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

**လက်မှတ်ရေးထိုး**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ရှီအန်းလေဆိပ်မှ ချင်ရှိုယွမ်းရှင်ဘုရင် စစ်သည်တော် မြင်းရုပ်တု (Qin Terra Cotta Warriors and Horses) သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ချင်ရှိုယွမ်းရှင်ဘုရင် စစ်သည်တော်မြင်းရုပ်တုများကို တရုတ်ပြည်၏ ပထမဆုံးဘုရင် ချင်ရှိုယွမ်း အသက် ၁၃ နှစ် ဘီစီ ၂၄၆ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ပြီး ၁၁ နှစ်ကြာ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ရုပ်တုများကို ၁၉၇၄ ခုနှစ်တွင် ရှီအန်းမြို့ လင်ထုံမြို့နယ်မှ လယ်သမားများက ရှာဖွေတွေ့ရှိခဲ့ပြီး ရုပ်တုများတွင် စစ်သည်တော်များ၊ မြင်းရုပ်များနှင့် စစ်ရထားများ ပါဝင်သည်။

**တွေ့ရှိခဲ့**

၂၀၀၇ ခုနှစ်အထိ တူးဖော်တွေ့ရှိခဲ့သည့် အဓိကမြေအောက်ကျင်းကြီး သုံးခုတွင် စစ်သည်ရုပ်တုပေါင်း ၈၀၀၀ ခန့်၊ စစ်ရထားရုပ် ၁၃၀ ခန့်၊ မြင်းရုပ် ၅၂၀ ခန့်နှင့် မြင်းစစ်သည်ရုပ် ၁၅၀ ခန့်ကို တွေ့ရှိခဲ့သည်။ ယူနက်စကိုမှ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ၁၉၈၇ ခုနှစ်တွင် သတ်မှတ်ခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*

**လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရာတွင် ပွတ်တိုက်မှုအချို့**

စာမျက်နှာ-၆

**ဖိလစ်ပိုင်ပြည်တွင်းငြိမ်းချမ်းရေးအတွက် အပစ်ရပ်စဲရေးကို သမ္မတကကြေညာမည်**

စာမျက်နှာ-၁၀




# လူထုရင်ကို အေးငြိမ်းစေသည့် ခရီးစဉ်

ဤရက်ပိုင်းများအတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်ပြည်ချစ်ကြည်ရေးခရီးစဉ်အကြောင်း သတင်းများဝေဝေဆာဆာတွေ့မြင်ရပါသည်။ အတိုင်ပင်ခံပုဂ္ဂိုလ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံတော်အခမ်းအနား၊ ဂုဏ်ပြုတပ်ဖွဲ့များဖြင့် ကော်ဇောနီခင်း၍ ကြိုဆိုခဲ့သည်။ တရုတ်ပြည်၏ မြန်မာနိုင်ငံအပေါ် အလေးထားမှုကို တွေ့မြင်ရခြင်းလည်း ဖြစ်ပါသည်။

ဤခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် ဩဂုတ်လ ၁၉ ရက်နေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် တွေ့ဆုံခဲ့ကြသည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ်"ဆွေမျိုးပေါက်ဖော်"ချစ်ကြည်ရေးနှင့် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့ အတူတကွဖော်ထုတ်ခဲ့ကြသည့် ငြိမ်းချမ်းစွာအတူယှဉ် တွဲနေထိုင်ရေး မူကြီးငါးရပ်ကို အခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်စေရေးအတွက် အတူတကွကြိုးပမ်းသွားကြရန်၊ မြန်မာ-တရုတ် နှစ်ဖက်ကြား အိမ်နီးချင်းကောင်းပီသသောမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ပြီး မဟာဗျူဟာကျသော မိတ်ဖက်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ နှစ်နိုင်ငံကြား အစဉ်အလာရှိသော အဆင့်မြင့်ခေါင်းဆောင်များကြား ရင်းနှီးစွာဆက်ဆံမှုကို ဆက်လက်၍ ထိန်းသိမ်းရန်နှင့် နယ်စပ်ဒေသများ စီမံခန့်ခွဲရေး ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခဲ့ကြသည်။

တရုတ်သမ္မတရှီကျင့်ဖျင်က မြန်မာနိုင်ငံ၏အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်သူများ၏ နေထိုင်မှုဘဝမြှင့်တင်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မြန်မာနိုင်ငံ၏လိုအပ်ချက်နှင့်ကိုက်ညီသည့် အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သလို ဒေါ်အောင်ဆန်းစုကြည်ကလည်း တရုတ်နိုင်ငံ၏"တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း" ကနဦးဆောင်ရွက်ချက်ကို ကြိုဆိုကြောင်း ပြောကြားခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတရှီကျင့်ဖျင်အား မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်ကိုလည်း တွေ့ရပေသည်။

ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြားပူးတွဲကြေညာချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။ အချက် ၁၀ ချက်ပါထုတ်ပြန်ကြေညာလွှာတွင် နှစ်နိုင်ငံကြားအစဉ်အလာရှိသော အဆင့်မြင့်ခေါင်းဆောင်များကြား ရင်းနှီးစွာ ဆက်ဆံမှုကို ဆက်လက်ထိန်းသိမ်းရန်၊ မဟာဗျူဟာမြောက် ဆက်သွယ်မှုမြှင့်တင်ရန်၊ အုပ်ချုပ်မှုဆိုင်ရာအတွေ့အကြုံဖလှယ်မှု ပိုမိုနက်ရှိုင်းစေရန်၊ နှစ်နိုင်ငံအကြားအဆင့်အသီးသီးတွင် အထူးသဖြင့်နိုင်ငံရေးပါတီများနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်သွားရန်၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်သည့်ညှိနှိုင်းမှုဆက်လက်ဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ရေအရင်းအမြစ်၊ လျှပ်စစ်ထုတ်လုပ်မှုနှင့် ဘဏ္ဍာရေးအစရှိသော ကဏ္ဍများတွင်လည်း အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားကြရန်တို့ ပါဝင်ပါသည်။

ထို့ပြင် အရေးကြီးသောအချက်အနေဖြင့် တရုတ်-မြန်မာနယ်စပ်ဒေသများ၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးခိုင်မာစေရန် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နှစ်ဖက်သဘောတူညီခဲ့ကြသည့်အချက်လည်း ပါဝင်သည်။ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တို့အတွက် ကြိုးပမ်းချက်များအပေါ်တက်ကြွ၍ အပြုသဘောဆောင်သည့် တရုတ်နိုင်ငံ၏ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ဖော်ပြချက်လည်း ပါဝင်ပါသည်။

ယခုနိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်ခရီးစဉ်မှာ အစိုးရသစ်၏ နိုင်ငံခြားရေးမူဝါဒအတွက် အရေးပါသောအစိတ်အပိုင်းတစ်ခုကို အကောင်အထည်ဖော်ခြင်းဖြစ်ပေသည်။ ယခုအချိန်သည် ပြည်တွင်း၌ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁) ရာစုပင်လုံကျင်းပရန် ရက်သတ္တနှစ်ပတ်လောက်သာလိုသောအချိန်ဖြစ်ရာ တစ်ဖက်နိုင်ငံ၏တက်ကြွ၍ အပြုသဘောဆောင်သော ကူညီပံ့ပိုးမှုများသည် (၂၁) ရာစုပင်လုံအတွက်များစွာအကျိုးပြုမည်ဟုယူဆရပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိလိုအပ်ချက်များတွင် အရေးအကြီးဆုံးမှာ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ပြည်သူလူထု၏လူနေမှုဘဝမြှင့်တင်ရေးတို့ပင်ဖြစ်သည်။ ယခုနိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်ခရီးစဉ်တွင် ထိုသုံးချက်စလုံးနှင့်ပတ်သက်သော နားလည်မှု၊ သဘောတူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုစသည့် ကတိကဝတ်များကို တွေ့မြင်ရပေရာ သာမန်ချစ်ကြည်ရေးခရီးစဉ်တစ်ခုအဖြစ်သာမက လူထုရင်ကို အေးငြိမ်းစေသော၊ အတိုင်းထက်အလွန်အောင်မြင်သည့် ခရီးစဉ်တစ်ခုအဖြစ် တွေ့မြင်ရကြောင်း ဖော်ပြအပ်ပါသည်။ ။




## ရွှေလှိုင်ကော် (ကယား) ပရဟိတအသင်းမှ စာသင်ကျောင်းသို့ စာသင်ခုံများ သွားရောက်လှူဒါန်း

**လွိုင်ကော် ဩဂုတ် ၂၀**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ရွှေလှိုင်ကော် (ကယား) ပရဟိတ လူမှုကူညီရေးအသင်းမှ ဩဂုတ် ၁၉ ရက်က အခြေခံပညာအထက်တန်းကျောင်းခွဲ လောဓမ္မ စာသင်ကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် လိုအပ်နေသော စာသင်ခုံ ၂၅ ခုံအား သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါစာသင်ကျောင်းသည် ယခင်က ကျောင်းသားကျောင်းသူ ၉၀၀ ကျော်ခန့်ရှိရာ စာသင်ခုံများ လုံလောက်မှုရှိသော်လည်း ယခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်ခန့် တိုးလာသည့်အတွက် စာသင်ခုံများ လုံလောက်မှုမရှိဖြစ်နေ၍ သက်ဆိုင်ရာနှင့် ဆက်သွယ်ကာ အလှူရှင်များရှာဖွေရာမှ ရွှေလှိုင်ကော် (ကယား) ပရဟိတလူမှုကူညီရေးအသင်းက စာသင်ခုံ ၂၅ ခုံ စုစုပေါင်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀ ကို လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စာသင်ခုံများအား ရွှေလှိုင်ကော်(ကယား) ပရဟိတ လူမှုကူညီရေးအသင်းမှ ဦးသန်းစိုးနှင့်အဖွဲ့က ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဦးနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးတင်ညွန့်တို့က လက်ခံယူခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## သီလရှင်စာသင်တိုက်နှင့် အောက်ပိုင်း အထက (ခွဲ)ကျောင်းတို့၌ သန့်ရှင်းရေးဆောင်ရွက်ပေး

**ပုသိမ် ဩဂုတ် ၂၀**

သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ တစ်တပ်တစ်အား ပါဝင်ကူညီနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျောင်းသားတပ်ခွဲမှူး ကိုနောင်ဦးဝေ၊ အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေးတပ်(ဒဂုံတက္ကသိုလ်နယ်မြေ)မှ အင်အား ၄၀၊ တွဲဖက်အတွင်းရေးမှူး ကိုပြည့်ဖြိုးဇော်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ဒဂုံတက္ကသိုလ် ကြက်ခြေနီအသင်း(ခွဲ)မှ အင်အား ၁၀ ဦး၊ ကျောင်းသားခေါင်းဆောင် ကိုကောင်းဆက်ဟိန်း၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၊ ဒဂုံတက္ကသိုလ်ကင်းထောက်အဖွဲ့မှအင်အား ၁၀ ဦး စုစုပေါင်း အင်အား ၆၀ တို့သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ သစ်ဆိမ့်ကုန်းရပ် သာသနာ့နွယ်သိင်္ဂီ သီလရှင်ပရိယတ္တိစာသင်တိုက်သို့ ဩဂုတ် ၂၀ ရက်က သန့်ရှင်းရေးလုပ်ဆောင်ပေးခဲ့ကြသည်။

မြစ်ရေပြန်ကျချိန် ရွံ့နွံနှင့် အမှိုက်သရိုက်များအား ဆေးကြောပေးခဲ့ပြီး ပစ္စည်းများရွှေ့ပြောင်းပေးခဲ့ ကြသည်။

ထို့နောက် အမှတ်(၂)ရပ်ကွက်ရှိ အောက်ပိုင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ နံနက် ၉ နာရီတွင် ရောက်ရှိပြီး စာသင်ခန်းများအား ဆေးကြောပေးကာ သန့်ရှင်းရေးလုပ်ဆောင်ပေးခဲ့ကြသည်။ ဦးစားပေး လုပ်ငန်းများမှာ စာသင်ကျောင်းများ သန့်ရှင်းရေးလုပ်ပေးခြင်း၊ သောက်ရေအမြန်ရရှိရေးအတွက် ရေတွင်းရေကန်များအား ပြန်လည်သန့်ရှင်းရေး ပြုလုပ်ပေးခြင်း၊ အိမ်သာများ ပြန်လည်ပြုပြင်ပေးခြင်းတို့ ဖြစ်ကြောင်း ကျောင်းသား တပ်ခွဲမှူး ကိုနောင်ဦးဝေက ပြောကြားသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## မီးလောင်သေဆုံးသည့် ကျောင်းသူ၏မိသားစုအား ထောက်ပံ့ငွေပေးအပ်

**မြင်းခြံ ဩဂုတ် ၂၀**- မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၁) တိုးချဲ့ရပ်ကွက်ရှိ အမျိုးသမီးဘော်ဒါဆောင် မီးလောင်မှုတွင် သေဆုံးသွားသည့် အစိုးရနည်းပညာတက္ကသိုလ်တွင် BE (Civil) နောက်ဆုံးနှစ်တက်ရောက်ပညာသင်ကြားနေသော မယုဇင်မြင့်၏မိသားစုများနေထိုင်သော မရိုးကုန် (တောင်) ရွာသို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်မေသက်ခိုင်နှင့်အဖွဲ့ဝင်များသည် ဩဂုတ် ၁၉ ရက် ညနေ ၄ နာရီခွဲက သွားရောက်ပြီး ခရိုင်အဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် မြို့နယ်အဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ တို့ကို အဘွားဖြစ်သူ ဒေါ်ညွန့်ဝေအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်( မြင်းခြံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၀-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂.၅၈ |
| ထိုင်း | တစ်ဘတ် | ၃၄.၁၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၅ |
| တရုတ် | တစ်ယွမ် | ၁၇၉.၀၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၆၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ဖာမန်ကျောင်းတော်ရှေ့၌ ဘုန်းတော်ကြီးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှန်ရှီးပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Hu Heping နှင့် တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

✻ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ဆိုဖီတယ်ဟိုတယ် ( Sofitel Legand People’s Grand) သို့ ရောက်ရှိကြသည်။

**ဆွေးနွေး**

မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရှန်ရှီးပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Hu Heping တို့သည် ဆိုဖီတယ်ဟိုတယ်၌ တွေ့ဆုံပြီး ရှန်ရှီးပြည်နယ် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ရှန်ရှီးပြည်နယ်၊ ရှီအန်းမြို့နှင့် မြန်မာနိုင်ငံရှိ မြို့တစ်မြို့တို့အား Sister City ညီအစ်မမြို့တော်ထူထောင်၍ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး၊ ရှန်ရှီးပြည်နယ်တွင် တက္ကသိုလ် ၁၀၀ နှင့် သုတေသနဌာနပေါင်း ၁၀၀၀ ရှိ၍ ပညာရေးနှင့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရှန်ရှီးပြည်နယ်တွင် ကောင်စစ်ဝန်ရုံး ဖွင့်လှစ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**ဖူးမြော်ကြည်ညို**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် Famen Temple ကိုသွားရောက်ဖူးမြော်ကြည်ညိုကြသည်။

**ပြသထား**

ဖာမန်ကျောင်းတော်ကို ကျိုးမင်းဆက်တွင် ဟွမ်ဘုရင်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဝူတန်မင်းဆက် ၆၁၈ ခုနှစ်တွင် ဖာမန်ကျောင်းတော်ဟု စတင်ခေါ်ဝေါ်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ကျောင်းတော်ကို ပြန်လည်ပြုပြင်တိုးချဲ့ပြီး နိုဝင်ဘာ ၉ ရက်တွင် ဖာမန်ကျောင်းတော်ကို ဖွင့်လှစ်ခဲ့သည်။ ကျောင်းတော်ထဲတွင် အဖိုးတန်ဓာတ်တော်များနှင့် ပစ္စည်းများကို ပြသထားကြောင်း သိရှိရသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ Yang Ling Xin Cun ကျေးရွာကို သွားရောက်၍ ကျေးရွာစိုက်ပျိုးရေးဇုန်မှ စိုက်ပျိုးထုတ်လုပ်ထားသည့် စပျစ်သီးများကို ကြည့်ရှုလေ့လာပြီး စပျစ်ခြံအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ယန်လင်း စိုက်ပျိုးရေးရွာသည် ရှီအန်းမြို့၏ အနောက်တောင်ဘက် မိုင် ၅၀ ခန့်အကွာတွင် တည်ရှိသည်။ ၁၉၉၇ ခုနှစ်တွင် အဆင့်မြင့်နည်းပညာသုံး စိုက်ပျိုးရေးပြခန်းကို စတင်တည်ဆောက်ခဲ့သည်။ စိုက်ပျိုးရေးပြခန်းကို အပိုင်းငါးပိုင်း ခွဲခြားထားပြီး ပိုးမွှားပြခန်း၊ သတ္တဗေဒပြခန်း၊ စိုက်ပျိုးရေးသမိုင်းပြခန်း၊ ရုက္ခဗေဒပြခန်းနှင့် မြေဆီမြေလွှာ နည်းပညာပြခန်းတို့ ဖြစ်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချင်ရှီယွမ်းရှင်ဘုရင် စစ်သည်တော် မြင်းရုပ်တုများကို ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)

# မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ မန္တလေး-ဗန်ကောက်ခရီးစဉ် စတင်ပျံသန်းမည်

**မန္တလေး ဩဂုတ် ၂၀**

မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA)၏ နိုင်ငံတကာခရီးစဉ်အဖြစ် မန္တလေး - ဗန်ကောက် - မန္တလေးသို့ ဩဂုတ် ၃၁ ရက်တွင် စတင်ပျံသန်းပြေးဆွဲမည့် ခရီးစဉ်သစ်ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ဩဂုတ် ၁၉ ရက် ညနေ ၄ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

“မြန်မာအမျိုးသား လေကြောင်းလိုင်းအနေနဲ့ ဗန်ကောက်မြို့ကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကစပြီး ပြေးဆွဲခဲ့ရာမှာ မြန်မာပြည်အထက်ပိုင်းမှ ခရီးသွားတွေ အဆင်ပြေအောင် မန္တလေးမှ ဗန်ကောက် ခရီးစဉ်ကို ကောင်းမွန်ပြီးဈေးနှုန်းချိုသာတဲ့ ဝန်ဆောင်မှုတွေနဲ့ ပြေးဆွဲပေးတာဖြစ်ပါတယ်”ဟု မြန်မာအမျိုးသား လေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန်သန်းထွန်းက ပြောသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် အစိုးရဦးဆောင်မှုမှ Corporative အသွင်ကူးပြောင်းလဲဖွဲ့စည်းခဲ့ပြီး ခရီးသည်များ ဘေးကင်းလုံခြုံရေးနှင့် ကောင်းမွန်သည့် ဝန်ဆောင်မှုများဖြင့် နိုင်ငံတကာ စံနှုန်းများပြည့်မီအောင် မြှင့်တင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် သမိုင်းမှတ်တိုင် စိုက်ထူခဲ့သည်။

“MNA ဝန်ထမ်းတွေက ခရီးသွားဧည့်သည်တွေအတွက် လေယာဉ်တံခါးကနေ ကြိုဆိုပြီး ခရီးဆောင်အိတ်တွေ သယ်ပေးမယ်။ ကလေးငယ်တွေအတွက် စောင့်ရှောက်ပေးမှုနဲ့ ဘီးတပ်ကုလားထိုင်စီးသူတွေအတွက် ကူညီပေးမယ်။ လေယာဉ်ကွင်း ကြို/ပို့ ကားဝန်ဆောင်မှုအတွက် မင်္ဂလာပါဝန်ဆောင်မှု ရယူနိုင်ပါတယ်”ဟု MNA မှ စီးပွားရေးအရာရှိ ဦးနိုင်စောလွင်က ပြောသည်။

၂၀၁၅ ဇွန်လမှ နောက်ဆုံးပေါ် အဆင့်မြင့် နည်းပညာသုံး Boeinf Next- Generation 737s လေယာဉ်သစ်များဖြင့် ပြေးဆွဲပေးနေပြီး ပြည်တွင်းလေကြောင်းကွန်ရက်များတွင် အသုံးပြုနိုင်ရန် ATR 72-600s ခြောက်စင်းကိုလည်း ထပ်မံအားဖြည့်ထားကြောင်း သိရသည်။



အဆိုပါ လေကြောင်းလိုင်း၏ လေယာဉ်ပျံသန်းချိန်တွင် ဖျော်ဖြေမှုစနစ်များမှာ airstream ub အသုံးပြုထားသဖြင့် မိမိတို့ထိုင်ခုံတွင် တပ်ဆင်ထားသည့် ရုပ်ရှင်နှင့် TV Show များကို Business Class များတွင် ကြည့်နိုင်ကြောင်း၊ လေယာဉ်ပေါ်တွင် Wireless Connection အသုံးပြုနိုင်ပြီး နိုင်ငံတကာခရီးသွားများအတွက် မင်္ဂလာပါ ဝန်ဆောင်မှုလည်းပေးအပ်ထားကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# လှိုင်သာယာ ခုတင် ၂၀၀ ဆေးရုံ ဖွင့်လှစ်တော့မည်

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေအများဆုံးဖြစ်သော လှိုင်သာယာမြို့နယ်၌ ပြည်သူတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုဖြစ်သော ခုတင် ၂၅ လုံးမှ ခုတင် ၂၀၀ ဆံ့ဆေးရုံသစ်ကြီးကို မြို့နယ်ဆေးရုံဝင်းအတွင်း၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ရာ ဩဂုတ် ၁၉ ရက်တွင် ဆေးရုံသုံးပစ္စည်းများ စတင် ရောက်ရှိနေပြီဖြစ်သောကြောင့် မကြာမီလပိုင်းအတွင်း ဆေးရုံသစ်ကြီးကို ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

“ဆေးရုံသစ်အတွက် ခုတင် ၁၄၄ လုံးမှာ ၇၅ လုံးရောက်နေပြီ။ ခွဲစိတ်ခန်းပစ္စည်းနဲ့ ခုတင်တွေ ရောက်နေပါပြီ။ ဖွင့်ပွဲရက်ကို နှစ်ပတ်အတွင်းသိရမှာပါ။ သားဖွားမီးယပ်နဲ့ အရိုးကုဆရာဝန်ကြီးလိုမယ်။ သွားဘက်ဆိုင်ရာ ဆရာဝန်တော့ တာဝန်ထမ်း ဆောင်နေပါပြီ။ ဆရာဝန်ကြီးနဲ့ သူနာပြုတွေလည်းရောက်နေပါပြီ။ ကျန်းမာရေးဝန်ကြီးဌာနကို ကုမ္ပဏီက အပ်တော့မှာပါ။ အဆောက်အအုံရဲ့ လိုအပ်တာလေးတွေ ပြန်စစ်ဆေးပြီး ဆောင်ရွက်နေပါတယ်”ဟု မြို့နယ် ဆရာဝန်ကြီး ဒေါက်တာခင်ရှုပါစိုးက ပြောသည်။

သွားနှင့်ခံတွင်း အထူးကုဆရာဝန် ဒေါက်တာအောင်သိန်းနိုင်က “ဆေးရုံသစ်မှာ ဇူလိုင် ၁၈ ရက်ကစပြီး လူနာတွေကို ကုသပေးနေပါတယ်။ စက်ကလည်း အသစ်ပါ။ သွားနဲ့ပတ်သက်ပြီး ကျောင်းကျန်းမာရေးကိုလည်း ဆောင်ရွက်ပေးနေပါတယ်”ဟု ပြောသည်။

မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း ပြင်ပလူနာဆောင်နှင့် သားဖွားမီးယပ်ဆောင်နှစ်ထပ်ဆောင် အသစ်အား တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး မြို့ခံပြည်သူတို့၏ ကျန်းမာရေးလိုအပ်ချက်အပြင် လှိုင်သာယာမြို့နယ်နှင့်ထိစပ်နေသောမြို့နယ်များမှပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက်လည်း ယင်းခုတင် ၂၀၀ ဆေးရုံကြီးက များစွာအထောက်အကူဖြစ်စေမည်ဖြစ်၍ ဆေးရုံသစ်ဖွင့်လှစ်နိုင်မှုကို မြို့ခံပြည်သူတို့ ဝမ်းမြောက်ဝမ်းသာ စောင့်ကြိုလျက်ရှိသည်။ **သန်းထိုက် (လှိုင်သာယာ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၀**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းဘိုရှိန်နှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဝါဆိုကျောင်းဆရာတော်နှင့် ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်တို့ထံ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ဝါဆိုကျောင်းဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယ၏ ကျန်းမာရေးအခြေအနေအား လျှောက်ထားမေးမြန်းပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအား ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေများအား ဂေါပကအဖွဲ့ထံ ပေးအပ်သည်။

အလားတူ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ ထံမှ ငါးပါးသီလခံယူ၍ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေများအား ဂေါပကအဖွဲ့ထံသို့ ပေးအပ်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



ဩဂုတ် ၁၉ ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၇၁)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနား တက်ရောက်လာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဇနီး ဒေါ်ခင်သီတာတို့အား မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Dr. Ito Sumardi** ကြိုဆိုနှုတ်ဆက်စဉ်
(သတင်းစဉ်)

# ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဩဂုတ် ၁၉ ရက်ထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုတွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ဓာတ်ခွဲစစ်ဆေး အတည်ပြုလူနာ ၁၇၃ ဦးရှိခဲ့သည့်အနက် သေဆုံးသူ ၁၉ ဦးရှိသည်။ အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုမှာ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ ဖြစ်ကြသည်။ အဆိုပါ ဂျပန်ဦးနှောက်ရောင်ရောဂါသည် ဂျပန်ဦးနှောက်ရောင်ဗိုင်းရပ်စ်ပိုး သယ်ဆောင်သည့် Culex tritaeniorhynchus အမျိုးအစားခြင်ကိုက်ခြင်းကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော်လည်း အသက် ၁၅ နှစ်အောက် ကလေးများတွင် ပိုမိုဖြစ်ပွားနိုင်သည်။ ဂျပန်ဦးနှောက်ရောင်ရောဂါ၏ အဓိကလက္ခဏာများမှာ ဖျားခြင်း၊ အန်ခြင်း၊ တက်ခြင်း၊ အချိန်နေရာမဝေခွဲနိုင်အောင် စိတ်ကယောင်ချောက်ချားဖြစ်ခြင်း၊ သတိလစ်မေ့မြောခြင်းနှင့် အသက်သေဆုံးခြင်းများ ဖြစ်နိုင်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ခြင်နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ခြင်ထောင်ဆေးစိမ်ပေးခြင်း၊ ကျန်းမာရေး ပညာပေးခြင်း၊ လူနာသစ် ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် လူနာတွေ့ရှိပါက ဆေးရုံသို့ အမြန်ဆုံး လွှဲပြောင်းကုသစေခြင်း စသည့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ရောဂါဖြစ်ပွားမှုရှိသော လူနာအိမ်နှင့် အနီးပတ်ဝန်းကျင်ရှိ နေအိမ်များ၊ ဝက်မွေးမြူရေးခြံများ စုစုပေါင်း ၂၉၀၃ နေရာတွင် သက်ကြီးခြင်သုတ်သင်နိုင်သည့် ခြင်ဆေးမှိုင်းမှုတ်သည့် လုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ ခြင်ထောင် ၁၇၅၅ လုံးကို ဆေးစိမ်ပေးခြင်း၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်၍ လူပေါင်း ၆၄၀၆ ဦးကို ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ အဆိုပါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းရပ်များကြောင့် ယခုအခါ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ရောဂါကူးစက်ခံရသူ လူနာများ ထပ်မံမတွေ့ရှိရတော့ပါ။ သို့ရာတွင် ပဲခူးတိုင်းဒေသကြီး၊ ကရင် ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ အချို့မြို့နယ်များတွင် ရောဂါ ဆက်လက်ဖြစ်ပွားလျက်ရှိနေသည်။ ရောဂါကူးစက်ဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ရောဂါ ဖြစ်ပွား/သေဆုံးမှုများလေ့ရှိသော ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ရောဂါဖြစ်ပွားနေသော မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများနှင့် ဆက်စပ်နေရာများတွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးအား ရည်မှန်းကလေးဦးရေ ၁၃၀၀၀၀ ခန့်ကို ထိုးနှံပေးရန် စီစဉ် ဆောင်ရွက်လျက်ရှိနေသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွား/သေဆုံးမှုကို လျှော့ချနိုင်ရေးအတွက် ၂၀၁၇ ခုနှစ်တွင် ရောဂါဖြစ်ပွားမှုများလေ့ရှိသည့် အသက် ကိုးလမှ ၁၅ နှစ်အတွင်းရှိ မြန်မာတစ်နိုင်ငံလုံးမှ ကလေးများအားလုံးကို ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်မှ စတင်၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ထည့်သွင်းထိုးနှံ ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# WM Snooker Open ပြိုင်ပွဲ မြန်မာအားကစားသမားများ သွားရောက်ယှဉ်ပြိုင်

**ရန်ကုန် ဩဂုတ် ၂၀**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဩဂုတ် ၁၉ ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိသည့် WM Snooker Open 2016 သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အဖွဲ့ခေါင်းဆောင် အတွင်းရေးမှူး ဦးသန်းဋ္ဌေး၊ နည်းပြ ဦးဇာနည်အောင်သန်း၊ အားကစားသမားများအဖြစ် ကိုထက်၊ ကိုရဲဇော်ထွဋ်တို့သည် ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြရာ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ နည်းစနစ်အကြံပေး ဦးပေါက်စနှင့် တာဝန်ရှိသူများက လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရခြင်းမှာ ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရယူရန် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ပါဝင်ယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ကြံခင်းမြို့နယ်၌ လူမှောင်ခိုကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

**ကြံခင်း ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ လူမှောင်ခိုကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာဦးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုက လူကုန်ကူးမှုပေါ်ပေါက်လာရသည့် အကြောင်းရင်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေများ၊ ပြစ်မှု/ပြစ်ဒဏ်များ၊ ပုဒ်မများ၊ လူကုန်ကူး/ လူမှောင်ခိုအဓိပ္ပာယ်များအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး လူမှောင်ခိုကူးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ လူကုန်ကူးခံရမှုကြောင့် ရရှိနိုင်သော ဆိုးကျိုးများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။ ထို့နောက် တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

❄ *ကျောဖုံးမှ*

"ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြည်ပအလုပ်အကိုင်နဲ့ ပတ်သက်ပြီး ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒတွေ ချမှတ်ဆောင်ရွက်နေပါတယ်။ ဒီမူဝါဒတွေက မြန်မာအလုပ်သမားတွေ ပြည်ပကို သွားရောက်အလုပ်လုပ်ကိုင်တဲ့အခါ တတ်နိုင်သမျှကုန်ကျစရိတ်တွေ သက်သာအောင် ဆောင်ရွက်သွားနိုင်ဖို့ အေဂျင်စီတွေနဲ့ အကြိမ်ကြိမ်ဆွေးနွေးပြီး ဝန်ဆောင်ခတွေ သတ်မှတ်ပါတယ်။ ထိုင်းဆိုရင် ငွေကျပ် တစ်သိန်းခွဲ၊ မလေးရှားဆိုရင် ရင်းဂစ် ၇၀၀၊ ၈၀၀ သတ်မှတ်ပါတယ်။ တကယ်တမ်းကျတော့ ဝန်ကြီးဌာနရဲ့ ဒီသတ်မှတ်ချက်က များနေသေးတယ်။ ခုဟာကျတော့ MWRN, Thai Union တို့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရွှေ့ပြောင်းသွားရောက် အလုပ်သွားလုပ်မယ့် မြန်မာနိုင်ငံသား တစ်ဦးလျှင် ငွေကျပ် ၆၅၅၀၀ သာ ကုန်ကျတော့မယ်ဆိုတော့ အလုပ်သမားတွေအတွက် အတော်လေး ဝမ်းသာစရာကောင်းပါတယ်" ဟု အဆိုပါဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အခမ်းအနားတွင် သတင်းထောက်များအား ပြောသည်။

အဆိုပါ MoU စနစ်သည် မြန်မာနှင့် ထိုင်းနှစ်ဖက်အစိုးရ၊ နှစ်ဖက် လုပ်ငန်းရှင် အချင်းချင်း ပူးပေါင်းဆောင်ရွက်သည့် တရားဝင်အလုပ်သမားစေလွှတ်ရေး အစီအစဉ်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်အရ မြန်မာဘက်ခြမ်းတွင် အလုပ်သမားအေဂျင်စီသို့ ပေးသွင်းရသည့် ငွေကျပ် ၆၅၅၀၀ နှင့် ထိုင်းဘက်ခြမ်းတွင် ဘတ်ငွေ ၂၉၁၀ (မြန်မာငွေကျပ်တစ်သိန်းနီးပါး) သာ ကုန်ကျတော့မည်ဖြစ်၍ ငွေကျပ် တစ်သိန်းခွဲကျော်ဖြင့် သွားရောက် အလုပ်လုပ်ကိုင်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

ယခင်က အလုပ်သမားအေဂျင်စီသို့ ပေးသွင်းရသည့် ဝန်ဆောင်ခမှာ ငွေကျပ်တစ်သိန်းခွဲ ဝန်ကြီးဌာနက သတ်မှတ်ထားသော်လည်း အမှန်တကယ် ငွေကျပ်နှစ်သိန်းမှ သုံးသိန်းကုန်ကျနေပြီး ထိုင်းဘက်ခြမ်းတွင်လည်း ဘတ်ငွေ တစ်သောင်း(မြန်မာငွေကျပ် သုံးသိန်း) ခန့် ကုန်ကျနေသဖြင့် ငွေကျပ် ငါးသိန်းခန့် ကုန်ကျမှုရှိနေကြောင်း သိရသည်။ Thai Union ကုမ္ပဏီအုပ်စုသည် ထိုင်းနိုင်ငံတွင် အအေးခန်းစက်ရုံ ကိုးခုရှိပြီး အလုပ်သမား ၄၀၀၀၀ ကျော် အလုပ်လုပ်ကိုင်နေပြီး ယနေ့အခမ်းအနားတွင် ယင်းကုမ္ပဏီမှ မြန်မာအလုပ်သမား ၂၅၂ ဦးအား ခေါ်ယူရန် တရားဝင်စာချုပ် ချုပ်ဆိုခဲ့သည်။



**ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ စာရင်းသွင်းနေစဉ်**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က ကသာအကျဉ်းထောင်ကြည့်ရှုစစ်ဆေးခဲ့မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် ဒေါက်တာညဏ်ဇော်တို့သည် ဩဂုတ် ၁၅ ရက်တွင် ကသာအကျဉ်းထောင် အကျဉ်းသားအိပ်ဆောင်များကို လည်းကောင်း၊ ၁၆ ရက်တွင် အကျဉ်းသူအိပ်ဆောင်များ၊ ထမင်းချက်ဆောင်၊ ဆေးခန်း၊ တိုက်ခန်း၊ ရေချိုးကန်၊ သောက်ရေသန့်စက်ရုံနှင့် အခြားနေရာများကို ကြည့်ရှုစစ်ဆေးခြင်း၊ အကျဉ်းသား၊ အချုပ်သား ၃၉ ဦးနှင့် တွေ့ဆုံမေးမြန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးပြီး လူဦးရေများပြားကျပ်တည်းနေသဖြင့် အကျဉ်းသားအိပ်ဆောင်များ၊ စားဖိုဆောင်နှင့် အကျဉ်းထောင်အုတ်ရိုးတို့အား တိုးချဲ့တည်ဆောက်ခြင်း၊ သတ်မှတ်စံနှုန်းနှင့် ကိုက်ညီသော သောက်ရေ၊ သုံးရေနှင့် အိမ်သာများ စီမံပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးသင့်ကြောင်း၊ ဖွဲ့စည်းပုံနှင့်အညီ ဝန်ထမ်းများ တိုးချဲ့ခန့်အပ်သင့်ပြီး သင်တန်းတက်ရောက်နေသော ဆရာဝန်နှင့် ခွင့်မဲ့ပျက်ကွက်နေသော သူနာပြုတို့အတွက် အစားထိုးတောင်းခံသင့်ကြောင်း၊ အကျဉ်းထောင်တံခါးကြီးအား စီးနင်းထွက်ပြေးရန် ကြံစည်ကြိုးပမ်းခဲ့သော အကျဉ်းသားသုံးဦးနှင့် ဆက်စပ်ပတ်သက်၍ သံခြေချင်းခတ်ထားသော အကျဉ်းသား ကိုးဦးတို့အား အကျဉ်းထောင်လက်စွဲ ဥပဒေနှင့်အညီ ဆောင်ရွက်သင့်ကြောင်း၊ အကျဉ်းဦးစီးဌာနရုံးချုပ်မှ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အရေးပေါ် တိုးချဲ့ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် တိုးမြှင့်ရန်ပုံငွေရရှိအောင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သင့်ကြောင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားမလာစေရန် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားလာပါက လိုအပ်မည့် ဆေးဝါးနှင့် အသုံးအဆောင်များ စီမံထားရှိခြင်းတို့ကို ပြုလုပ်သင့်ပါကြောင်းဖြင့် အကြံပြုတိုက်တွန်းခဲ့ကြောင်း၊ ယခုကဲ့သို့ သွားရောက်စစ်ဆေးခြင်းမှာ ဇူလိုင် ၂၈ ရက်က ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ကသာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်၏ ကသာအကျဉ်းထောင်နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြချက်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကော်မရှင်၏ ဩဂုတ် ၁၉ ရက်တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁၀/ ၂၀၁၆) အရ သိရှိရသည်။

**(သတင်းစဉ်)**

# နိုင်ငံပြုပြင်ပြောင်းလဲရေးမဟာဗျူဟာရေးဆွဲချမှတ်နိုင်ရန် နိုင်ငံတကာကွန်ဖရင့်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

မလေးရှားနိုင်ငံ အစိုးရအတွင်းဝန်ချုပ် H.E. Tan Sri Dr. Ali Hamsa ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ပူထရာဂျာယာမြို့၌ ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် ဆန်းသစ်တီထွင်နိုင်မှုစွမ်းရည်များဖြင့် နိုင်ငံပြုပြင်ပြောင်းလဲရေးမဟာဗျူဟာရေးဆွဲချမှတ်နိုင်ရန် အထောက်အကူပြု နိုင်ငံတကာကွန်ဖရင့်သို့ တက်ရောက်ခဲ့သည်။

ဩဂုတ် ၁၆ ရက် ကွန်ဖရင့်၌ “Leaders’ Summit Transforming Nations Through Creativity and Innovation” ခေါင်းစဉ်ဖြင့် နိုင်ငံပြောင်းလဲမှုအတွက် မြင့်မားသောစွမ်းဆောင်မှုဆောင်ရွက်ခြင်း၊ ပုံမှန်ဆောင်ရွက်မှုများမှ တီထွင်ဖန်တီးနိုင်စွမ်းရှိမှုကို မျှော်မှန်းကြည့်ခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာရေးဆွဲချမှတ်နိုင်ရန် စီမံချက်များဖန်တီးရေးဆွဲခြင်း စသည့် နိုင်ငံပြုပြင်ပြောင်းလဲရေးဆိုင်ရာစာတမ်းများကို အာဆီယံနှင့်နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်သူပညာရှင်များက ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဩဂုတ် ၁၇ ရက်တွင် “Young Leaders Forum” ကို ကျင်းပခဲ့ပြီး အနာဂတ်ပြုပြင်ပြောင်းလဲရေးအတွက် ခေါင်းဆောင်များပျိုးထောင်ခြင်း၊ ပြည်သူလူထုအား ကောင်းမွန်ပြည့်စုံသည့် ဝန်ဆောင်မှုကို လျင်မြန်စွာဖြည့်ဆည်းပေးခြင်း၊ တက်သစ်စခေါင်းဆောင်များ မွေးထုတ်ပေးခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ အတွေ့အကြုံစာတမ်းများကို ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

ဩဂုတ် ၁၈ ရက်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့ခေါင်းဆောင်များနှင့်အတူ ကွာလာလမ်ပူမြို့ရှိ Urban Transformation Centers၊ iM4U၊ MaGIC နှင့် CRP Gemas တို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့ပြီး သိရှိလိုသည်များကို တာဝန်ရှိသူများနှင့် မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့အတူ ကွာလာလမ်ပူမြို့ရှိ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အဖွဲ့အစည်းများသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့်အတူ မြန်မာကိုယ်စားလှယ် ၁၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၃)သင်တန်းဆင်း

**နေပြည်တော် ဩဂုတ် ၂၀**

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၃)သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းအခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ EU(GOPA) မှ Senior Capacity Building Expert, Mr. David Huysman နှင့် သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၂၀**

မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက် ညနေပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမာမာဝင်းက အမှာစကားပြောကြားပြီး နေပြည်တော် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တားဆီးနှိမ်နင်းရေးဌာန ဌာနမှူး ရဲမှူးကြီးရွှေညာမောင်နှင့် မန္တလေး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အမှတ်(၁)တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မြင့်အောင်တို့က မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၈၀၀ ခန့်တက်ရောက်ခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

❐ *ကျောဖုံးမှ*

တို့အတွက် UNFC မှ အဆိုပြုတင်သွင်းလာသည့် မူကြမ်းရှစ်ချက်အား နှစ်ဖက်ခေါင်းဆောင်များက အပြန်အလှန်ဆွေးနွေးကြခြင်းဖြစ်သည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြု**

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက “ဒီနေ့ဆွေးနွေးချက်ဟာ အလွန်အရေးပါတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။ အထူးသဖြင့် တစ်တိုင်းပြည်လုံးမှာ ထောက်ခံပွဲတွေ၊ သက်ဆိုင်တဲ့ ဂီတပွဲတွေ၊ ကာတွန်း၊ ပန်းချီပြပွဲတွေ စသဖြင့် လုပ်ဆောင်ပြီး ပြည်သူလူထုက မျှော်လင့်တကြီးစောင့်စားနေတဲ့အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းနိုင်ပြီး ဆက်လက်ပြီးတော့ ဖော်ဆောင်ရမယ့် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းမှာလည်း အထောက်အကူပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အခုလိုစိတ်ဝင်တစားဆွေးနွေးပေးကြတဲ့ ခေါင်းဆောင်တွေနဲ့ နှစ်ဖက်အထောက်အကူပြုအဖွဲ့တွေကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်”ဟု နိဂုံးချုပ်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

**UNFC ရဲ့အဆိုပြုမူကြမ်းရှစ်ချက်ကို ဆွေးနွေး**

ယင်းနောက် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) ဒုတိယအဖွဲ့ခေါင်းဆောင်(၂) ဗိုလ်ချုပ်ဂွမ်မော်က “ဒီနေ့ဆပ်ကော်မတီ (၂)နဲ့ DPN အစည်းအဝေးမှာ UNFC ရဲ့ အဆိုပြုမူကြမ်းရှစ်ချက်ကို ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ အပြုသဘောဆောင်တဲ့ ဆွေးနွေးချက်တွေနဲ့ ဆွေးနွေးကြပါတယ်။ ဆွေးနွေးဖို့ လျာထားခဲ့တဲ့ ခေါင်းစဉ်ရှစ်ခုအပေါ်မှာ ရလဒ်တွေရှိပါတယ်။ အချို့အချက်တွေကတော့ ဆက်ပြီးဆွေးနွေးဖို့ လိုအပ်ဆဲဖြစ်ပါတယ်။ တစ်နိုင်ငံလုံးကနေ မျှော်လင့်နေတာကတော့ မကြာခင်ကျင်းပမယ့် (၂၁)ရာစုပင်လုံ ညီလာခံအပေါ်မှာ NCA လက်မှတ်ထိုးမထားတဲ့ အဖွဲ့တွေ တက်ရောက်နိုင်မှုအနေအထားပဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ (၂၁) ရာစုပင်လုံကို တက်ရောက်နိုင်ရေးအတွက် ကြိုးစားနေတာ ဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးပြီးလို့ မနက်ဖြန်မှာလည်း မူဘောင်ဆိုင်ရာဆွေးနွေးပွဲတွေကို ကျွန်တော်တို့တက်မှာ ဖြစ်ပါတယ်။ အခြားခေါင်းစဉ်တွေနဲ့ ဆက်စပ်ဆွေးနွေးဖို့ အစီအစဉ်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့လက်မှတ်မထိုးတဲ့ အဖွဲ့တွေကတော့ နိုင်ငံတော်အစိုးရကို ယုံကြည်တဲ့စိတ်ဓာတ်၊ ဂုဏ်ပြုတဲ့စိတ်ဓာတ်




**ဗိုလ်ချုပ်ဂွမ်မော် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) ဒုတိယအဖွဲ့ခေါင်းဆောင်(၂)**

နဲ့ (၂၁)ရာစုပင်လုံကို တက်ရောက်နိုင်ဖို့ လာရောက်တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ဆွေးနွေးပွဲမှာ ရလဒ်ကောင်းတွေရပါတယ်။ မနက်ဖြန်ဆက်လက်ကျင်းပမယ့် အစည်းအဝေးတွေမှာလည်း အားတက်သရော ဆွေးနွေးပြီးတော့ အားလုံးအတွက် ကောင်းမွန်တဲ့ နိုင်ငံ့ရှေ့ရေးကိုဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်” ဟု ပြောကြားသည်။

ဆွေးနွေးပွဲကို ညနေ ၄ နာရီခွဲတွင် ရုပ်သိမ်းခဲ့ပြီး ယနေ့ဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်ဘက်မှ အဖွဲ့ဝင် ၁၁ ဦးနှင့် UNFC ဘက်မှ အဖွဲ့ဝင် ၁၀ ဦးတို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေနှင့် DPN ဒုတိယအဖွဲ့ခေါင်းဆောင်(၂) ဗိုလ်ချုပ်ဂွမ်မော်တို့အား ယနေ့ပြုလုပ်သည့် အစည်းအဝေးနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေ**

ဒီနေ့ဆွေးနွေးနေတာက NCA ကို လက်မှတ်ရေးထိုးလိုတဲ့အတွက် သူတို့ဘက်က ဆွေးနွေးလိုတဲ့ အချက်တွေကို ဆွေးနွေးတာပါ။ DPN ဘက်က NCA ကိုလက်မှတ်ရေးထိုးလိုတဲ့အတွက် ဒီအချက် ဒီအချက်တွေကို အစိုးရနဲ့ကော်မရှင်ဘက်က ရှင်းလင်းပေးဖို့၊ ဆွေးနွေးပေးဖို့၊ ဆောင်ရွက်ပေးဖို့ဆိုတာပါ။ ကျွန်တော်တို့က NCA ကို အခြေခံပြီးသွားရမှာဖြစ်တဲ့အတွက် NCA ပေါ်မှာပဲဆွေးနွေးရမှာပါ။ ညီလာခံတက်တာနဲ့ NCA လက်မှတ်ထိုးတာနဲ့ မတူပါ ဘူး။ ညီလာခံတက်တာက NCA လက်မှတ်ထိုးခြင်း၊ မထိုးခြင်းနဲ့ မဆိုင်ပါဘူး။အခုလုပ်မယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကနေ အားလုံးပါဝင်ရေးမူကိုဆွဲကိုင်ပြီး ဆက်လက်ကြိုးစားမယ်။ ယုံကြည်မှုတွေ တည်ဆောက်မယ်။



**ဦးလှမောင်ရွှေ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီ အတွင်းရေးမှူး**

ညီလာခံပြီးရင်တော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ NCA မှာ ပြဋ္ဌာန်းထားပါတယ်။ အဲ့ဒါတွေ ဆက်ပြီးဆွေးနွေးနိုင်ဖို့က အဓိကရည်ရွယ်ချက်ထဲမှာ ပါပါတယ်။

**နိုင်ငံရေးမူဘောင် (Framework) ကို ဆွေးနွေး**

မနက်ဖြန်မှာ နိုင်ငံရေးပါတီတွေကိုကိုယ်စားပြုတဲ့ UPDJC အဖွဲ့ဝင် ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ ကော်မတီနဲ့ကော်မရှင်အဖွဲ့တွေ နိုင်ငံရေးမူဘောင် (Framework) ကို ဆွေးနွေးပါမယ်။ အဲဒီလိုဆွေးနွေးတဲ့အခါမှာလည်း ကျွန်တော်တို့ လက်မှတ်မရေးထိုးထားသေးတဲ့ အဖွဲ့တွေကို ဖိတ်ကြားထားပါတယ်။ အခုကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွက် Framework ကပြီးပါပြီ။ ညီလာခံပြီးတဲ့အခါမှာလည်း Framework ကို ဆက်လက်ဆွေးနွေးမယ်ဆိုတဲ့ ကတိကဝတ်ရှိထားတဲ့အတွက် ၂၁ ရက်နေ့မှာ ဆက်ဆွေးနွေးမှာပါ။ မနက်ဖြန် ၂၁ ရက်နေ့ တစ်နေ့လုံး Framework ဆွေးနွေးမယ်။ အဲ့ဒီမှာ လက်မှတ်ထိုးထားတဲ့ ရှစ်ဖွဲ့ရော၊ လက်မှတ်မထိုးရသေးတဲ့ DPN က ခုနစ်ဖွဲ့ရော၊ နောက်အထူးဒေသ(၄) မိုင်းလားရော ဖိတ်ထားပါတယ်။ သူတို့အားလုံးတက်မယ်ပြောတယ်။ Framework က NCA လို မဟုတ်ဘူး။ လိုအပ်ရင်ပြင်လို့ရတယ်။ ဒါကိုဆက်ပြီး ဆွေးနွေးမယ်။ ၂၂ ရက်နေ့မှာလည်း ညီလာခံပူးတွဲကျင်းပရေးကော်မတီမှာ သူတို့ကို DPN ပါဝင်ခွင့်ပေးထားတဲ့အတွက် တက်ရောက်နိုင်ဖို့ရှိတယ်။ ဆိုလိုတာကတော့ အခုညီလာခံမှာ NCA ကို မကျော်ဘဲနဲ့ အားလုံးပါဝင်နိုင်မယ့် နည်းလမ်းကို ရှာနေတယ်။

**နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) ဒုတိယအဖွဲ့ခေါင်းဆောင်(၂) ဗိုလ်ချုပ်ဂွမ်မော်**

UNFC က အဆိုပြုထားတဲ့ ရှစ်ချက်ကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့တွေ့တုန်းက ကျွန်တော်တို့တောင်းဆိုထားတဲ့ နှစ်ဖက် အပစ်အခတ်ရပ်စဲကြောင်းကြေညာနိုင်ဖို့ ဖြစ်ပါတယ်။ နောက်တစ်ချက်က Framework Review တွေကို ဘယ်လိုလုပ်မလဲ၊ နောက်တစ်ချက်က NCA မှာ ကျွန်တော်တို့ဘက်က ပြင်ဆင်ချင်တဲ့ အချက်လေးတွေရှိပါတယ်။ အဲဒီအချက်တွေကို ပြောဆိုဆွေးနွေးတာပါ။ ရလဒ်ကောင်းပါတယ်။ ဆက်ဆွေးနွေးရမယ့် တစ်ချက်၊ နှစ်ချက် ကျန်ပါသေးတယ်။ ဆုံးဖြတ်ချက်မဟုတ်သေးပေမယ့် Framework Review လုပ်ပြီးမှ ဆုံးဖြတ်ချက်အနေနဲ့ အတည်ပြုနိုင်မှာပါ။ အခုအနေနဲ့ကတော့ သဘောတူထားပြီး ဖြစ်ပေမယ့် ရလဒ်အနေအထားနဲ့သာ မှတ်တမ်းတင်ထားခြင်းဖြစ်ပါတယ်။ ဒါတွေ ညှိနှိုင်းပြီးလို့ သဘောတူရင် လက်မှတ်ထိုးမှာပါ။ NCA လက်မှတ်ထိုးဖို့ တောင်းဆိုချက်တွေ အများကြီးမရှိပါဘူး။ ကျွန်တော်တို့အရင် ရှစ်ဖွဲ့လက်မှတ်ထိုးခဲ့တဲ့ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)နဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)တို့နဲ့ ဆွေးနွေးချက်တွေမှာ ကျန်ခဲ့တဲ့ နိုင်ငံတကာသက်သေနဲ့ပတ်သက်တဲ့ မရှင်းလင်းတဲ့ အချက်တွေ၊ လူသားချင်းစာနာမှုကိစ္စတွေနဲ့ တကယ်လို့ NCA မှာ တစ်စုံတစ်ရာအခက်အခဲကြုံလာရင် ဘယ်လိုဖြေရှင်းကြမလဲ။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ကို ထပ်ပြီးတော့ ဘယ်လိုမျိုးအားကောင်းအောင် လုပ်မလဲဆိုတဲ့အပိုင်းကို အဓိကထားဆွေးနွေးတာ ဖြစ်ပါတယ်။

**မူဘောင်ရေးဆွဲရေးမှာ ဘယ်လိုဆုံးဖြတ်မလဲ**

သဘောတူညီချက်ကတော့ ဥပမာ-JMC ဆိုအားကောင်းရမယ်။ အားကောင်းဖို့အတွက် UNFC ရဲ့တောင်းဆိုချက်တွေ ရှိတယ်။ ဒါကို အစိုးရဘက်ကလည်း စဉ်းစားမယ်။ UNFC ကလည်း ဆက်ပြီး စဉ်းစားမယ်။ ဒါပေမယ့် သဘောတူညီချက်ကတော့ JMC ဟာ အားကောင်းရမယ်ဆိုတာပဲ ဖြစ်ပါတယ်။ ကျန်တဲ့ အချက်တွေကတော့ မူဘောင်ရေးဆွဲရေးမှာ ဘယ်လိုဆုံးဖြတ်မလဲဆိုတဲ့အချက်တွေ ဖြစ်ပါတယ်။ မူဘောင်ကတော့ မဆွေးနွေးရသေးလို့ ရလဒ်တွေ မထွက်တာဖြစ်ပါတယ်။ မနက်ဖြန်မှ မူဘောင်ဆွေးနွေးရေးတွေစမှာ ဖြစ်ပါတယ်။ အရင်က UNFC က မြောက်ပိုင်းသုံးဖွဲ့ကို ညှိနှိုင်းပေးပါတယ်။ အခုတော့ အစိုးရနဲ့ တိုက်ရိုက်ချိတ်ဆက်နေတာဆိုတော့ မညှိနှိုင်းပါဘူး။ ဒါပေမယ့် လိုအပ်လို့ရှိရင်တော့ ညှိနှိုင်းပေးဖို့ ကျွန်တော်တို့မှာ အဆင်သင့်ရှိပါတယ်။ ညီလာခံမှာ အားလုံးတက်ရောက်နိုင်မလားဆိုတာ နှစ်မျိုးရှိတယ်။ ညီလာခံကို အားလုံးတက်ရောက်နိုင်ဖို့ပဲ ရည်ညွှန်းရင် အားလုံးတက်ရောက်နိုင်ပါတယ်။ အဆင့်တိုင်းမှာ ဆွေးနွေးဖို့တော့ လိုပါသေးတယ်။

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရာတွင် ပွတ်တိုက်မှုအချို့

**ဇော်** (MNHRC)

၂၈-၇-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ နှစ်ပတ်လည် အစီရင်ခံစာ (၂၀၁၅ ခုနှစ်) အား လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးက စိတ်ဝင်စားစွာတက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးရာတွင် အချို့ကိုယ်စားလှယ်များက လိုရင်းမရောက်ခြင်း၊ အစီရင်ခံစာကို အဓိကဆွေးနွေးမှု မပြုခြင်း၊ အစီရင်ခံစာနှင့် မသက်ဆိုင်သည်များကို ဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးကိစ္စနှင့် အခြားဥပဒေများကို ဆွေးနွေးနေခြင်း စသည်တို့ကြောင့် ပြည်ထောင်စုလွှတ်တော် နာယကကြီးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ (င)တွင် ပြဋ္ဌာန်းထားသော လွှတ်တော်ကိုယ်စားလှယ်သည် မိမိဆွေးနွေးမည့်အကြောင်းကိစ္စနှင့် စပ်လျဉ်းသည့် အတိုချုပ်သာဆွေးနွေးရမည်ဆိုခြင်းကို ရှင်းလင်းအသိပေးခြင်းနှင့် သတိပေးခြင်းများ ပြုလုပ်ခဲ့ရသည်ကိုလည်း တွေ့မြင်ရပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၈-၃-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် (၂၁)၊ ၂၀၁၄ ခုနှစ်အဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေနှင့်အညီ အဖွဲ့ဝင် ၁၁ ဦးပါဝင်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို နိုင်ငံတော်သမ္မတရုံး၏ ၂၄-၉-၂၀၁၄ ရက်စွဲပါ အမိန့်အမှတ် (၂၃/ ၂၀၁၄) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ကော်မရှင်အဖွဲ့ဝင်များသည် ၂၅-၉-၂၀၁၄ ရက်နေ့တွင် ကော်မရှင်ရုံးသို့ ဆက်သွယ်သတင်းပို့ပြီး ၂၉-၉-၂၀၁၄ ရက်နေ့မှစ၍ ရုံးတက်ခဲ့ကြပါသည်။ ၇-၁၀-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကော်မရှင် မျက်နှာစုံညီအစည်းအဝေးအမှတ်စဉ် (၈/ ၂၀၁၄) ဖြင့် လူ့အခွင့်အရေးဆိုင်ရာမူဝါဒနှင့် ဥပဒေဌာနလုပ်ငန်းများကိုကြီးကြပ်ရန် ကော်မရှင်အဖွဲ့ဝင်နှစ်ဦး၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးလုပ်ငန်းများကို ကြီးကြပ်ရန် ကော်မရှင်အဖွဲ့ဝင်နှစ်ဦး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ကြီးကြပ်ရန် ကော်မရှင်အဖွဲ့ဝင်သုံးဦး၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် ကော်မရှင်အဖွဲ့ဝင်နှစ်ဦး၊ စီမံရေးရာနှင့် ဘဏ္ဍာရေးရာလုပ်ငန်းများကိုကြီးကြပ်ရန် ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော စီမံခန့်ခွဲရေးကော်မတီတို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

ဖွဲ့စည်းပုံအရ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနသည် ညွှန်ကြားရေးမှူးတစ်ဦး ဦးဆောင်သော အရာရှိ ၁၅ ဦးနှင့် အခြားအဆင့် ၂၃ ဦးဖြစ်သော်လည်း ထိုစဉ်က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တွဲဖက်ထားသော လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်သော ဝန်ထမ်းခြောက်ဦးဖြင့် လုပ်ငန်းများကို စတင်ခဲ့ရပါသည်။ ယခုတော့ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သော ဝန်ထမ်း ၁၂ ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ပါသည်။

ပုဒ်မ ၇၀ ခုပါဝင်သော လူ့အခွင့်အရေးကော်မရှင်ဥပဒေတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၏ လုပ်ငန်းများကို ပုဒ်မ ၂၈ မှ ပုဒ်မ ၄၅ အထိ ပြဋ္ဌာန်းထားပါသည်။ ၎င်းတို့တွင် လူ့အခွင့်အရေးဖောက်ဖျက်မှုများ စုံစမ်းစစ်ဆေးခြင်း၊ တိုင်တန်းချက်များလက်ခံဆောင်ရွက်ခြင်း၊ အကာအကွယ်ပေးခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်းတို့ ပါဝင်ပါသည်။

ဥပဒေကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နည်းဥပဒေကို ရေးဆွဲရပါသည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေတွင်ပါဝင်မည့် တိုင်တန်းချက်များ စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစနစ်နှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းစနစ် (Mechanism) တို့ကို ဦးစွာရေးဆွဲရပါသည်။ ၎င်းလုပ်ငန်းစနစ်များနှင့်အညီ ၂၀၁၄ ခုနှစ် အောက်တိုဘာလမှစတင်၍ လက်ကျန်တိုင်တန်းချက်များနှင့် အသစ်ထပ်မံရရှိသော တိုင်တန်းချက်များကို နေ့စဉ် နံနက် ၁၀ နာရီခွဲမှ နေ့လည် ၁ နာရီအထိ ကြားနာစစ်ဆေးခဲ့ပါသည်။ ကြီးကြပ်ရေးအဖွဲ့ဝင် သုံးဦးအနက် အနည်းဆုံးအဖွဲ့ဝင်နှစ်ဦးဖြင့် တိုင်တန်းစာများကို အသေးစိတ် ကြားနာစစ်ဆေးခြင်း၊ အချက်အလက်အထောက်အထားများ မပြည့်စုံပါက ပြန်လည်တောင်းခံစေခြင်း၊ တိုင်စာအင်္ဂါရပ်နှင့် ညီညွတ်သည့် တိုင်တန်းချက်များအနက် ဌာနဆိုင်ရာများမှ အရေးယူဆောင်ရွက်သင့်သည်များကို သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားစေခြင်း၊ စေ့စပ်ညှိနှိုင်းပေးသင့်သည်များကို နှစ်ဦးနှစ်ဖက် လာရောက်နိုင်မည့်နေ့၊ အချိန်များညှိနှိုင်းပြီး စေ့စပ်ညှိနှိုင်းပေးခြင်း၊ (တစ်ခါတစ်ရံ တစ်ဖက်ဖက်မှ မလာရောက်၍ ပျက်ပြယ်သွားသည်များလည်း ရှိပါသည်။) ကွင်းဆင်းစစ်ဆေးရန် လိုအပ်သည့်ကိစ္စများအား ကော်မရှင်သို့တင်ပြပြီး ကွင်းဆင်းစစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးမှု အစီရင်ခံစာများကို ပြုစုခြင်း၊ သက်ဆိုင်ရာဌာန များသို့ အကြောင်းကြားခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ တစ်နှစ်အတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို စစ်ဆေးရန် အစီစဉ်များရေးဆွဲခြင်း၊ ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်၍ ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲခြင်း၊ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာပြုစုခြင်း၊ သတင်းထုတ်ပြန်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရပါသည်။

အလားတူ ရုံးအဖွဲ့အနေဖြင့် ကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်ချက်၊ စီမံချက်များကို ရုံးလုပ်ငန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးရပါသည်။ ရုံးအဖွဲ့သည် တိုင်တန်းစာများကို မှတ်ပုံတင်ခြင်း၊ အချက်အလက် အထောက်အထားများ တောင်းခံခြင်း၊ တိုင်တန်းစာပါအကြောင်းအရာကို အကျဉ်းချုပ်ပြုစုခြင်း၊ အထောက်အထားများကို Scan ဖတ်ခြင်း၊ အစည်းအဝေးမှတ်တမ်း ရေးသားခြင်း၊ ဆွေးနွေးဆုံးဖြတ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်တန်းသူများထံ အကြောင်းကြားခြင်း၊ ရက် ၃၀ ကျော်လွန်သော်လည်း ပြန်ကြားစာမရရှိသည့်ဌာနများသို့ နှိုးဆော်စာများပေးပို့ခြင်း၊ ပြန်ကြားစာများကို မှတ်ပုံတင်ခြင်း၊ အချက်အလက်မပြည့်စုံသော ပြန်ကြားစာများအတွက် လိုအပ်ချက်များ ထပ်မံပြန်ကြားပေးရန် အကြောင်းကြားခြင်း၊ ပြီးပြည့်စုံသော ပြန်ကြားစာပါအချက်များကို တိုင်တန်းသူများထံ အသိပေးအကြောင်းကြားခြင်း၊ နေ့စဉ် မျှော်စာ၊ အပတ်စဉ်အစည်းအဝေးမှတ်တမ်း၊ လစဉ် လချုပ်နှင့် နှစ်ပတ်လည်အစီရင်ခံစာများကို ရေးသားပြုစုခြင်း၊ ကွင်းဆင်းစစ်ဆေးမှု အစီရင်ခံစာများကို ကွန်ပျူတာဖြင့်စာရိုက်ခြင်း၊ သက်ဆိုင်ရာဌာနများသို့ အကြံပြုတိုက်တွန်းစာများပေးပို့ခြင်း၊ သတင်းထုတ်ပြန်ချက်များကို ဝက်ဘ်ဆိုက်တင်ခြင်း၊ သတင်းမီဒီယာများသို့ ပေးပို့ခြင်း၊ အကြံပြုတိုက်တွန်းချက်များအပေါ် ဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများကို မေးမြန်းခြင်း၊ ပြန်ကြားချက်မရရှိမချင်း နှိုးဆော်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ရုံးချိန်ဖြင့် မလုံလောက်သည့်အတွက် မကြာခဏ အချိန်ပို (Overtime) ဆင်း၍ တစ်ခါတစ်ရံ စနေ၊ တနင်္ဂနွေနေ့များပါမကျန် ၎င်းတို့၏အခွင့်အရေးများကို အနစ်နာခံလျက် ဆောင်ရွက်ခဲ့ကြရပါသည်။

နိုင်ငံတော်၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်သုံးရပ်မှာ လူ့အခွင့်အရေးကို လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းရန်တို့ဖြစ်ပါသည်။ ဤတာဝန်သုံးရပ်ကို နိုင်ငံတော်အနေဖြင့် မည်မျှအတိုင်းအတာထိ ဆောင်ရွက်ပေးနိုင်ပြီလဲဆိုတာကို ဆန်းစစ်ရန် လိုအပ်မည်ဟု ထင်ပါသည်။

၂၀၁၅ ခုနှစ်အတွင်း ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများမှ စုံစမ်းပေးရန် အကြောင်းကြားခဲ့သည်များအနက် ဌာနအသီးသီးထံမှ ပြန်ကြားစာ ၃၅၀ စောင်သာ လက်ခံရရှိခဲ့ပြီး ၎င်းတို့အနက် ဥပဒေနှင့်အညီ ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားစာမှာ ၈၆ စောင်ဖြစ်ပြီး၊ တစ်နှစ်အတွင်း ပြန်ကြားစာမှာ ၉၄ စောင်ဖြစ်ပါသည်။ ရက်ပေါင်း ၃၀ ကျော်လွန်သော်လည်း တစ်နှစ်အတွင်း ပြန်ကြားမှုများနှင့်ပတ်သက်၍ ဌာနဆိုင်ရာများတွင် အခက်အခဲအမျိုးမျိုး အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်သည်ကို နားလည်စာနာနိုင်ပါသော်လည်း လုံးဝပြန်ကြားမှု မပြုခဲ့သည့်ဌာနများသို့ နှိုးဆော်တိုက်တွန်းခြင်း၊ Check List ထားခြင်းနှင့် နှစ်ပတ်လည် အစီရင်ခံစာတွင် ထည့်သွင်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ကော်မရှင်မှ ပွဲဦးထွက် စုံစမ်းစစ်ဆေးခဲ့သော ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး သေဆုံးမှုနှင့်ပတ်သက်၍ အခင်းဖြစ်ပွားသည့်နေရာသို့ နှစ်ကြိမ်သွားရောက်ကာ အလောင်းတူးဖော်မှု၊ ရင်ခွဲစစ်ဆေးမှုတို့အား စစ်ဆေးကြည့်ရှုခြင်း၊ သက်သေ ၄၇ ဦးအား တွေ့ဆုံမေးမြန်းခြင်း၊ ၁-၁၂-၂၀၁၄ ရက်နေ့တွင် စာမျက်နှာ ၄၂ မျက်နှာပါဝင်သော အထူးအစီရင်ခံစာကို နိုင်ငံတော်သမ္မတရုံးသို့တင်ပြခြင်း၊ ၂-၁၂-၂၀၁၄ ရက်နေ့တွင် စာမျက်နှာ ၁၄ မျက်နှာပါဝင်သော သတင်းထုတ်ပြန်ချက်ကို ကော်မရှင် ဝက်ဘ်ဆိုက်တွင် ဖော်ပြခြင်း၊ ၆-၁-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်သမ္မတအား တွေ့ဆုံ၍ ရှင်းလင်းတင်ပြခြင်း၊ ၁၁-၂-၂၀၁၅ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာနသို့ ဆက်သွယ်၍ တပ်မတော်၏ဆောင်ရွက်ချက်ကို စုံစမ်းမေးမြန်းကာ ၈-၅-၂၀၁၄ ရက်နေ့တွင် ဒုတိယအကြိမ် သတင်းထုတ်ပြန်ခြင်း၊ ၅-၈-၂၀၁၆ ရက်နေ့တွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၏ ဆောင်ရွက်ချက်အဖြစ် ဝက်ဘ်ဆိုက်တွင် ထပ်မံဖော်ပြခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

> **နိုင်ငံတော်၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်သုံးရပ်မှာ လူ့အခွင့်အရေးကို လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းရန်တို့ဖြစ်ပါသည်။ ဤတာဝန်သုံးရပ်ကို နိုင်ငံတော်အနေဖြင့် မည်မျှအတိုင်းအတာထိ ဆောင်ရွက်ပေးနိုင်ပြီလဲဆိုတာကို ဆန်းစစ်ရန် လိုအပ်မည်ဟု ထင်ပါသည်**

ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄၊ ၄၅ တို့နှင့်အညီ ပထမဦးစွာ အင်းစိန်ဗဟို အကျဉ်းထောင်သို့ စစ်ဆေးကြည့်ရှုရန်အတွက် ကော်မရှင်က ပြည်ထဲရေးဝန်ကြီးဌာနသို့ ညှိနှိုင်းမေတ္တာရပ်ခံခဲ့သော်လည်း လျာထားသည့်နေ့မတိုင်မီ နှစ်ရက်ခန့်အလိုအထိ ပြည်ထဲရေးဝန်ကြီးဌာနမှ အကြောင်းပြန်ကြားချက် မရရှိခဲ့ပါ။ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူးထံ ဖုန်းဆက်၍ မေးမြန်းရာတွင် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားကြောင်း၊ ခွင့်ပြုချက်မကျသေးကြောင်း သိရှိရပါသည်။ အင်းစိန်ဖြစ်၍ တော်ပါသေးသည်။ လေယာဉ်၊ မီးရထားစသည်တို့ဖြင့် သွားရသောခရီးဖြစ်ပါက မည်သို့မျှအဆင်မပြေနိုင်တော့ပါ။ ထို့နောက်တွင်မှ အကျဉ်းဦးစီးဌာန အရာရှိကြီးတစ်ဦးက ခွင့်ပြုကြောင်း၊ တရားဝင်ခွင့်ပြုစာကို ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း၊ ရုံးအဖွဲ့မှူးက ဆက်သွယ်အကြောင်းကြားခိုင်းသဖြင့် ဖုန်းဆက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဘယ်သူက ဘယ်လိုအကြောင်းကြားကြား ကိုယ့်ရည်ရွယ်ချက် အောင်မြင်ဖို့ လိုရင်းပဲဆိုပြီး နောက်တစ်နေ့တွင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့ဝင်များစုစည်းပြီး အင်းစိန်ဗဟိုအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ရပါသည်။

ကော်မရှင်ဥပဒေနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာတွင် နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်တင်ပြနေရသဖြင့် ကြန့်ကြာမှုများရှိခဲ့သည့် အလျောက်၊ ကော်မရှင်အနေဖြင့်လည်း နိုင်ငံတော်သမ္မတရုံးသို့ တိုက်ရိုက်တင်ပြလျှင်ဖြစ်တာပဲဆိုပြီး ဒုတိယအကြိမ်မြောက် စစ်တွေနှင့် ဘူးသီးတောင်မြို့များရှိ အကျဉ်းထောင်နှင့် ရဲစခန်းများအားစစ်ဆေးရန်အတွက် နိုင်ငံတော်သမ္မတရုံးသို့ တိုက်ရိုက်တင်ပြသောအခါတွင် နိုင်ငံတော်သမ္မတရုံးက ၎င်းတို့ထံတင်ပြရန် မလိုအပ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်ဖြစ်ကြောင်း၊ အဆင်မပြေမှသာ ၎င်းတို့ထံတင်ပြစေလိုကြောင်း၊ ယခုတော့ ခွင့်ပြုပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့ကြောင့် တတိယအကြိမ်မြောက် မိုင်းဆတ်ထောင်နှင့် တာချီလိတ်ရဲစခန်း၊ အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရန် ပြည်ထဲရေးသို့ အကြောင်းကြားရာတွင် အချုပ်ခန်းများ ခွင့်မပြု၊ မိုင်းဆတ်ထောင်ကိုသာ ရုံးချိန်အတွင်း ခွင့်ပြုကြောင်း ပြန်ကြားသဖြင့် မိုင်းဆတ်ထောင်ကိုသာ ကြည့်ရှုစစ်ဆေးခဲ့ရပါသည်။ ရဲစခန်းရှိ အချုပ်သားများမှာ တရားခံဟု သတ်မှတ်၍မရရှိသေးခြင်း၊ အချုပ်သားများနှင့် တွေ့ဆုံမေးမြန်းချက်များကြောင့် ၎င်းတို့၏အမှု အခြေအနေများပေါ်တွင် သက်ရောက်မှုရှိနိုင်ခြင်းများကြောင့် နောင်ရဲအချုပ်ခန်းစစ်ဆေးခြင်းကို ထည့်သွင်းခြင်း မပြုစေလိုကြောင်း သိရှိခဲ့ရပါသည်။

စတုတ္ထအကြိမ်မြောက် မန္တလေး၊ နောင်ချို၊ သီပေါနှင့် လားရှိုးမြို့များရှိ အကျဉ်းထောင်နှင့် အကျဉ်းစခန်းများကို ကြည့်ရှုစစ်ဆေးရန် ညှိနှိုင်းသောအခါတွင် **"စစ်ဆေး"** ဟူသော စကားလုံးကိုဖြုတ်ပြီး ကြည့်ရှုခွင့်သာပြုကြောင်း၊ ကော်မရှင်ဥပဒေစာအုပ်များ ၎င်းတို့ထံတွင်မရှိသဖြင့် ပို့ပေးစေလိုကြောင်း ပြောကြားသဖြင့် ကော်မရှင်ဥပဒေစာအုပ်များ ပို့ပေးခဲ့ရပြန်ပါသည်။ သို့သော် ထောင်များသို့ ရောက်သောအခါတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ သီးခြားညွှန်ကြားချက် မရှိကြောင်း၊ ပုံမှန်အတိုင်း ကြည့်ရှုစစ်ဆေးနိုင်ကြောင်း ပြောကြားသဖြင့် လုပ်ထုံးလုပ်နည်းအတိုင်း ကြည့်ရှုစစ်ဆေးနိုင်ခဲ့ပါသည်။

၂၁-၉-၂၀၁၅ ရက်နေ့တွင် ကော့သောင်းနှင့် မြိတ်မြို့များရှိ အကျဉ်းထောင်နှင့် ရဲအချုပ်ခန်းများကို **"ကြည့်ရှု"** စစ်ဆေးရန် အကြောင်းကြားစာပေးပို့ခဲ့ရာတွင် ပြည်ထဲ ရေးဝန်ကြီးဌာနမှ ရဲအချုပ်မပါ ခွင့်ပြုသည်ဟု ၂၂-၉-၂၀၁၅ ရက်နေ့တွင် အကြောင်း ပြန်ကြားခဲ့ပါသည်။

ထို့ကြောင့် ကော်မရှင်မျက်နှာစုံညီအစည်းအဝေးတွင် ကော်မရှင်ဥပဒေ၌ မည်သို့ပြဋ္ဌာန်းထားစေကာမူ အကျဉ်းထောင်များကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ပတ်သက်၍ **"ကြည့်ရှုခွင့်သာ"** ပြုသည်ဟူသော ပြန်ကြားချက်ရှိနေမှု၊ အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေး **"ခွင့်မပြုမှု"** များနှင့်ပတ်သက်၍ ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ကောက်နုတ်ပြီး ပြည့်ပြည့်စုံစုံထပ်မံအကြောင်းကြား ညှိနှိုင်းသင့်ကြောင်း ဆွေးနွေး၍ အကျဉ်းထောင်နှင့် အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခြင်းနှင့် ပတ်သက်သောပြဋ္ဌာန်းချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ၃၀-၉-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၆-၁၀-၂၀၁၅ ရက်နေ့တွင် ကော့သောင်းမြို့သို့ ထွက်ခွာ၍ ကော့သောင်းထောင်ကို စစ်ဆေးနေသည့်အချိန်တွင်မှ ရဲစခန်းကိုပါ စစ်ဆေးခွင့်ပြုကြောင်း ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူးက သတင်းပို့ခဲ့ပါသည်။ မယုံမရဲဖြစ်နေသဖြင့် နှုတ်ဖြင့်တော့ မလုပ်ပါနဲ့၊ တရားဝင်စာလေးတော့ ရအောင်တောင်းပေးပါဟု ခရိုင်ရဲတပ်ဖွဲ့မှူးကြီးကို ပန်ကြားရသလို၊ ကော်မရှင်ရုံးသို့ ဖုန်းဆက်၍ ရဲအချုပ်ခန်းများကို ခွင့်မပြုဆိုရာမှ ခွင့်ပြုဆိုသည်မှာ အမှန်တကယ်ဟုတ်၊ မဟုတ် ပြည်ထဲရေးဝန်ကြီးဌာနသို့ အတည်ပြုချက်ရယူစေခဲ့ရပါသည်။ သေချာပြီဆိုမှ နောက်တစ်နေ့နံနက်တွင် ကော့သောင်းရဲအချုပ်ခန်းကို စတင်စစ်ဆေးခဲ့ခြင်းဖြင့် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ပြည့်စုံစွာဆောင်ရွက်ခွင့် ရရှိခဲ့ပါတော့သည်။

ဤကဲ့သို့ ဖြစ်နေရခြင်းမှာ UDHR ကို လက်ခံကြောင်း ပထမဆုံး လက်မှတ်ရေးထိုးခဲ့သောနိုင်ငံများအတွင်း မိမိတို့နိုင်ငံ ပါဝင်ခဲ့သော်လည်း၊ ခေတ်အဆက်ဆက် အကြောင်းအမျိုးမျိုးကြောင့် UDHR ကို သိရှိနားလည်မှုမရှိခြင်း၊ ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို အောက်ခြေအဆင့်မဆိုထားနှင့်၊ ပြည်ထောင်စုအဆင့်မှပင် မသိရှိခြင်း၊ အလေးမထားခြင်း၊ ၎င်းတို့၏လုပ်ပိုင်ခွင့်များကို ဝင်ရောက်စွက်ဖက်နေသည်ဟု ထင်မြင်ယူဆခြင်းများကြောင့် ဖြစ်ဟန်တူပါသည်။ အချိန်ယူ၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းကိစ္စများကို ဆောင်ရွက်ရပါဦးမည်။ ယခင်လူ့အခွင့်အရေးနှင့်ပတ်သက်၍ ဘာမျှသိရှိနားလည်ကျင့်သုံးခြင်း မရှိခဲ့သည့်ဘဝမှ UDHR ကို လွတ်လပ်စွာဘာသာပြန်ဆို ပုံနှိပ်ထုတ်ဝေခွင့်ပြုခြင်း၊ တိုင်းရင်းသားဘာသာများပြန်ဆို၍ ဖြန့်ချိခြင်း၊ အသိပညာပေး ဟောပြောဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေနှင့် လူ့အခွင့်အရေးကော်မရှင် ပေါ်ထွန်းလာခြင်းတို့သည် နိုင်ငံတော်အတွက် ကြီးမားသောအပြောင်းအလဲကြီးများ ဖြစ်ပါသည်။

ကော်မရှင်၏ လှုပ်ရှားဆောင်ရွက်ချက်များကို ဝက်ဘ်ဆိုက်တွင် စဉ်ဆက်မပြတ် ဖော်ပြနေသော်လည်း သတင်းမီဒီယာများသို့ပေးပို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ဖော်ပြမှုမရှိခြင်း၊ တစ်ဝက်တစ်ပျက်သာ ဖော်ပြခြင်း၊ လိုလားသည့်အချက်ကိုသာ ကောက်နုတ်၍ ဖော်ပြခြင်းများလည်း ရှိခဲ့ပါသည်။ ကော်မရှင်၏ ဆောင်ရွက်လှုပ်ရှားမှုအစုစုကို သိရှိလိုသော လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် လူ့အခွင့်အရေးကော်မရှင်၏ဝက်ဘ်ဆိုက်ဖြစ်သော www.mnhrc.org.mm သို့လည်း ဝင်ရောက်ကြည့်ရှုကြပါရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ဆွေးနွေးကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

မည်ကဲ့သို့သော ဝေဖန်ပြစ်တင်ရှုတ်ချမှုများရှိစေကာမူ ကော်မရှင်အနေဖြင့် တာဝန်ပေးထားသမျှကာလပတ်လုံး သတ်မှတ်ပြဋ္ဌာန်းထားသော လုပ်ငန်းတာဝန်များကို တတ်စွမ်းသရွေ့ ကြိုးပမ်းထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

# ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့် တစ်သက်တာစာပေဆု ဆရာကြီး ဦးမောင်လေး(သော်ကြာဦးမောင်လေး)ရရှိ

ရန်ကုန် ဩဂုတ် ၂၀

“ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုသည် ၁၉၉၂ ခုနှစ်တွင် စတင်လှူဒါန်းခဲ့သည့် ငွေများဖြင့် စာပေဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၄ ခုနှစ်မှ ယခုနှစ်အထိ ၂၃ ကြိမ်တိုင်ပြီဖြစ်၍ ပုဂ္ဂလိကစာပေဆုများတွင် သက်တမ်းရှည်ခိုင်မာသည့် ဆုတစ်ဆုဖြစ်ပါကြောင်း၊ ဆုတစ်ဆု၏ ဂုဏ်သိက္ခာနှင့်တန်ဖိုးထားမှု ရွေးချယ်ချီးမြှင့်သည့် ပမာဏအပေါ်တွင်လည်း တန်ဖိုးရှိပါကြောင်း” ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စုပေါင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် ၂၀၁၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုနှင့် ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခြင်းဖြစ်သည်။

ယနေ့စာပေဆုရသော ပုဂ္ဂိုလ်များအနေဖြင့် မိမိတို့၏ ပိုမိုတောက်ပြောင်သော စာပေလက်ရာများ ပြုစုခြင်းအားဖြင့် မိမိတို့၏ စာပေဘဝကို ပိုမိုမြင့်တင်နိုင်ကြပါစေကြောင်း၊ ကျောင်းသားကျောင်းသူ လူငယ်များအနေဖြင့် ပညာရည်ချွန်ဆုရသည့် ယနေ့မှစ၍ နောက်နောင် ပညာရေးဘဝ ပိုမိုမြင့်မားအောင် မိမိတို့၏ပုဂ္ဂိုလ်ရေးဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း၊ မိမိအတွက်သာမက ပတ်ဝန်းကျင် တိုင်းပြည်နှင့် လူမျိုးအတွက်ပါ သယ်ပိုးထမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ စည်သူဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က စာဖတ်ခြင်းသည် ကောင်းကျိုး အမျိုးမျိုးကို ပေးနိုင်ပါကြောင်း၊ စာအုပ်ကောင်းကိုဖတ်ရပါက လူများ၏ စိတ်ကောင်းနှလုံးကောင်း အသိဉာဏ် ပညာ ဗဟုသုတကောင်းတွေ ရပါကြောင်း၊ ဘဝကို ကောင်းမွန်တိုးတက်အောင် တည်ဆောက်နိုင်ပါကြောင်း၊ ယခုကဲ့သို့ စာကောင်းပေမွန်များ များများ ပေါ်ထွန်းနိုင်ရန်အတွက် စာပေပြိုင်ပွဲများ ပြုလုပ်ပေးခြင်း ဖြစ်ပါကြောင်း၊ ထိုစာကောင်းပေမွန်များကို တစိုက်မတ်မတ် ရေးသားသည့်သူများကို ဂုဏ်ပြုလိုသောကြောင့် တစ်သက်တာစာပေဆု ဦးအုံးဖေက အစပြုခဲ့ပါကြောင်း ပြောသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဆရာကြီး ဦးမောင်ကလေး (သော်ကြာ ဦးမောင်ကလေး)နှင့် ကဗျာပေါင်းချုပ် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ စည်သူ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် ပခုက္ကူစာပေရန်ပုံငွေ ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများက ဝတ္ထုရှည်နှင့် ကျမ်းစာပေဆုရသူများ၊ ဝတ္ထုတိုပေါင်းချုပ်နှင့် သုတေသနစာပေဆုရရှိသူများ၊ စာကြည့်တိုက် စာအုပ်ဆုရသူများ၊ ဘာသာရပ်အလိုက် ပညာသင်ဆုရသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စာပေဆုအလှူရှင် ပခုက္ကူ ဦးအုံးဖေကိုယ်စား ပခုက္ကူ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေနှင့် ၂၀၁၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုရ ဆရာကြီး ဦးမောင်ကလေး (သော်ကြာ ဦးမောင်ကလေး)တို့က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၁၅ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူ စာပေဆု၊ ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုများ၌ ကဗျာပေါင်းချုပ်ဘာသာရပ်တွင် မူးမြစ်ရစ်ခွေ အလှမြေကဗျာများဖြင့် မောင်ကြည်နွယ်(ပင်လည်ဘူး)က ပထမ၊ ထာဝရလန်းဆန်းမည့်ုပန်း ကဗျာများဖြင့် မောင်ကြည်ဇော်(စာဂ)က ဒုတိယနှင့် သတ္တိသွေးနှင့် ဓမ္မအလှ ဆရာ့ဘဝကဗျာများဖြင့် မင်းချစ်ကွန်း (သံဖြူဇရပ်)က တတိယတို့ဖြင့်လည်းကောင်း၊ ဝတ္ထုရှည်ဘာသာရပ်တွင် တောင်ဇလပ်ပြာနှင့် မဝေးလိုပါစာမူဖြင့် ဈာန်(စွမ်းအင်)က ပထမ၊ အပြာရောင်ကောင်းကင်စာမူဖြင့် ခင်လပြည့်ဝန်းက တတိယဖြင့်လည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဘာသာရပ်တွင် ဘူးထောက်မာန် ခံနိုင်ရိုးလားနှင့် အခြားဝတ္ထုတိုများစာမူဖြင့် သန်းမြင့်သန်း(ကွမ်းခြံကုန်း)က ပထမ၊ ဘဝပန်းပုရုပ်ကိုယ်တိုင်ထုလုပ်ကြပါစို့နှင့် အခြားဝတ္ထုတိုများစာမူဖြင့် သိန်းဇော်(ရွှေလီဦး)က ဒုတိယ၊ ငှက်ထောင်သမားနှင့် အခြားစွန့်စားခန်းဝတ္ထုတိုများစာမူဖြင့် လွင်ဦး(ကွမ်းခြံကုန်း)က တတိယဖြင့်လည်းကောင်း၊ ကျမ်းစာပေဘာသာရပ်တွင် ခရီးသည်စာမူဖြင့် ပုသိမ်-အောင်သန်းဦးက ဒုတိယ၊ ဘဝထိုထို ထန်းရိပ်ညိုစာမူဖြင့် နွေးထွေး(ပုသိမ်ကြီး)က တတိယဖြင့်လည်းကောင်း၊ သုတေသနစာပေဘာသာရပ်တွင် သမိုင်းအစဉ်အလာအရ မြန်မာ အမျိုးသမီးတို့၏ အခွင့်အရေးများစာမူဖြင့် ထွန်းထွန်း(အင်္ဂလိပ်စာ)က ဒုတိယဖြင့်လည်းကောင်း အသီးသီးဆွတ်ခူးရရှိကြသည်။

ပခုက္ကူစာပေဆုတွင် ကဗျာပေါင်းချုပ် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေ၊ သုတေသနစာပေတို့အတွက် ပထမဆုကို ချီးမြှင့်ငွေကျပ် သုံးသိန်း၊ ဒုတိယဆုကို ချီးမြှင့်ငွေကျပ် နှစ်သိန်း၊ တတိယဆုကို ချီးမြှင့်ငွေကျပ် တစ်သိန်း၊ တစ်သက်တာစာပေဆုကို ငွေကျပ် ငါးသိန်း ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

ယနေ့ ဆုပေးပွဲအခမ်းအနားနှင့်အတူ ပခုက္ကူဦးအုံးဖေစာပေဆု အခမ်းအနားကျင်းပရေးအတွက် မြန်မာ့ရှေ့ဆောင်ဘဏ်ဥက္ကဋ္ဌ ဦးချစ်ခိုင် မိသားစုက ငွေကျပ် ၆၅ သိန်း၊ Total Power Solution for You ကုမ္ပဏီမှ ဦးတင်ဦးနှင့် ဇနီး ဒေါက်တာဒေါ်ထွေးသန္တာရီ၊ သမီး မဇေကရီဦး မိသားစုက ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆုအတွက် တစ်နှစ်လျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ၁၀ နှစ်တာအတွက် ငွေကျပ်သိန်းတစ်ရာကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းမှုဖြင့် လူမှုအခြေပြုဗဟိုဌာန (Community Center) နှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများ၌ စာကြည့်တိုက်များ၊ ရုံးခန်းများဖွင့်လှစ်ကာ အများပြည်သူကြား ဆင်းပြီး တိုက်ရိုက်ထိတွေ့သည့် ဌာနဖြစ်ရန် ဆောင်ရွက်နေကြောင်း၊ စာကြည့်တိုက်များနှင့် ရုံးများအား စာအုပ်ငှားရမ်းဖတ်ရှုနိုင်ရုံသာမက အများပြည်သူစုဝေးရာ နှီးနှောအသုံးပြုရာ လူမှုအခြေပြုဗဟိုဌာနနေရာများအဖြစ် ပြည်သူများ ဝင်/ထွက်သွားလာ အသုံးပြုနိုင်ကြောင်း၊ မြို့နယ် စာကြည့်တိုက်များကလည်း ပြည်သူများ စာအုပ်စာပေ အလွယ်တကူဖတ်ရှုနိုင်ရန် စက်ဘီး၊ ဆိုင်ကယ်များဖြင့် ကျေးရွာများအထိဆင်းကာ စာအုပ်များကို လိုက်ပို့နေသည့်လုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို အများပြည်သူ အသုံးပြုနိုင်သည့် နေရာဌာနများဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ သန့်ဆော်ကောင်းက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်နေမှုအကြောင်းကို ရှင်းလင်းပြောကြားပြီး အထက(၂)အင်းစိန်မှ အဋ္ဌမတန်းကျောင်းသူ မရည်မွန်ဝင်းအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက်ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်အတွက် printer, Router, Acer projector နှင့် အခြားဆက်စပ်ပစ္စည်းများနှင့် Asus Computer များကို လှူဒါန်းသည့် Taiwan digital Opportunity Center Secretariat (TDOC) နှင့် Asus TeK Computer Inc တို့မှ တာဝန်ရှိသူများအား ဒေါက်တာ သန့်ဆော်ကောင်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ လူမှုအခြေပြုဗဟိုဌာန (Community Center)နှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်ပွဲကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာ သန့်ဆော်ကောင်းနှင့် ဒေါက်တာဥမ္မာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာအုပ်များ စနစ်တကျထားရှိမှု၊ ငှားရမ်းပေးမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

မြန်မာနိုင်ငံတွင် စာဖတ်ရှိန်မြှင့်တင်ရန်အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်ကို ၂၀၁၃ ခုနှစ်တွင် ယာဉ်နှစ်စီးဖြင့် စတင်ဆောင်ရွက်ခဲ့သည်။ ယခုအခါ ကော့မှူး၊ နေပြည်တော်၊ ကလော၊ နတ်မောက်နှင့် မြောင်းမြို့တို့တွင် ရွေ့လျားစာကြည့်တိုက်များ ဖွင့်လှစ်ထားသည်။ အဆိုပါ ရွေ့လျားစာကြည့်တိုက်များတွင် စာအုပ်ပေါင်း ခြောက်သောင်းကျော်နှင့် အသင်းဝင်ပေါင်း လေးသောင်းခွဲကျော်ရှိပြီး စာအုပ်တစ်အုပ်လျှင် ပျမ်းမျှ ၁၀ ကြိမ် ငှားရမ်းရကြောင်း သိရသည်။

**(သတင်းစဉ်)**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပခုက္ကူဦးအုံးဖေစာပေဆုရသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

# စက်တင်ဘာလတွင်စတင်မည့် မြန်မာသတင်းပညာသိပ္ပံ၏ အချိန်ပြည့်မာလ်တီမီဒီယာသတင်းပညာဒီပလိုမာသင်တန်းအတွက် ပညာသင်ဆုလျှောက်နိုင်

ရန်ကုန် ဩဂုတ် ၂၀

ပြည်တွင်းမီဒီယာထုတ်လုပ်မှု အရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်စေရန် အဓိကဦးစားပေး ဆောင်ရွက်လျက်ရှိသည့် မြန်မာသတင်းပညာသိပ္ပံ (Myanmar Journalism Institute-MJI)က ဖွင့်လှစ်မည့် အချိန်ပြည့် မာလ်တီ မီဒီယာသတင်းပညာဒီပလိုမာသင်တန်းအတွက် သင်တန်းဖွင့်လှစ်မည့် အစီအစဉ်များ၊ ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်းအစီအစဉ်ကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောအလယ်ရပ်ကွက်ရှိ မြန်မာသတင်းပညာသိပ္ပံရုံး၌ ပြုလုပ်ခဲ့သည်။

မြန်မာသတင်းပညာ သိပ္ပံ၏ သင်တန်းညွှန်ကြားရေးမှူး ဦးစိန်ဝင်းက “သတင်းပညာအချိန်ပြည့် ဒီပလိုမာသင်တန်းဟာ မြန်မာနိုင်ငံမှာ ပထမဆုံးဒီပလိုမာပေးနိုင်တဲ့သင်တန်းပါ။ သင်တန်းသား အယောက် ၂၀ အထိ လက်ခံပါမယ်။ သင်တန်းတစ်ခုကို အယောက် ၂၀ မကျော်ရ သတ်မှတ်ထားပါတယ်၊ သင်တန်းကာလ ၁၀ လပါ။ အဲ့ဒီ ၁၀ လမှာ အခြေခံသတင်းစာပညာ၊ ပုံနှိပ်၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ဗဟုသုတဆိုင်ရာတွေ ပါမယ်။ E-learning အစီအစဉ်နဲ့ ကွင်းဆင်းသတင်းရေးသားရတာတွေ ပါမယ်။ သင်တန်းကြေးသိန်း ၂၀ ပါ။ အဲ့ဒီမှာမှ ကျောင်းသားတွေက Scholarship (ပညာသင်ဆု)အစီအစဉ်ကို လျှောက်ထားခွင့် ရှိတယ်။ Scholarship အစီအစဉ်မှာ အမြင့်ဆုံးကို ၇၅ ရာခိုင်နှုန်းအထိ သင်တန်းကြေးလျှော့ချပေးဖို့ သတ်မှတ်ထားတယ်။ ဥရောပနိုင်ငံတွေရဲ့ သင်ကြားမှုနည်းစနစ်ပုံစံ သင်ကြားပြီး သင်ရိုးညွှန်းတမ်းတွေကိုလည်း အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်”ဟု ပြောသည်။

အချိန်ပြည့် မာလ်တီမီဒီယာသတင်းပညာဒီပလိုမာသင်တန်းအတွက် သင်ရိုးညွှန်းတမ်းများတွင် အခြေခံသတင်းစာပညာ၊ ရေဒီယိုသတင်းပေးပို့ခြင်း၊ သတင်းဓာတ်ပုံရိုက်ကူးခြင်း၊ ဒစ်ဂျစ်တယ်မီဒီယာ၊ ရုပ်သံသတင်းပေးပို့ခြင်း၊ သတင်းစာကျင့်ဝတ်၊ မီဒီယာဥပဒေ၊ သဘာဝပတ်ဝန်းကျင်၊ သတင်းသရုပ်ဖော်ဆောင်းပါးရေးသားခြင်း၊ ဗီဒီယိုကင်မရာ၊ အသံဖမ်းစက်၊ ကင်မရာကိုင်တွယ် အသုံးပြုနည်း၊ သတင်းစာတိုက်များတွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်း၊ ရက်ရှည်ခရီးထွက် သတင်းလိုက်ခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာသတင်းပညာ သိပ္ပံ၏ ညွှန်ကြားရေးမှူးချုပ် ဦးသီဟစောက “ဒီကျောင်းက နိုင်ငံတကာအဆင့်မျိုးဖြစ်အောင် ဒီကဆရာတွေနဲ့ရော၊ နိုင်ငံတကာကဆရာတွေနဲ့ပါ လေ့ကျင့်တယ်။ Scholarship (ပညာသင်ဆု)အစီအစဉ်တွေရှိတယ်။ သွင်းရမယ့် ငွေကျပ် သိန်း ၂၀ မှာ ၁၅ သိန်းလုံးလုံး လျှော့ပေးပြီး ငါးသိန်းပဲသွင်းရမယ့် အစီအစဉ်လည်းရှိတယ်။ ဒါပေမယ့် အများစုက ၁၅ သိန်း မသွင်းနိုင်ဘူး။ ငါးသိန်းပဲသွင်းနိုင်တယ်ဆိုရင်လဲ ကျွန်တော်တို့လုပ်မယ်။ နိုင်ငံတကာနဲ့ချိတ်ပြီး သင်တန်းရအောင် ဖွင့်ပါမယ်။ ငွေအပြည့်ပေးရတဲ့ ပုံစံထက် Scholarship ကို လူတိုင်းလိုလို ရနိုင်အောင် စီစဉ်ထားပါတယ်။ အဲ့ဒီလိုလုပ်နိုင်ဖို့လည်း ကူညီနိုင်မယ့်သူနဲ့ နိုင်ငံတကာ အလှူရှင်တွေ ရှာထားပါတယ်”ဟု ပြောသည်။

အချိန်ပြည့် မာလ်တီမီဒီယာသတင်းပညာ ဒီပလိုမာသင်တန်း တက်ရောက်လိုသူများသည် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊ မြန်မာစာရေးသားနိုင်၊ ဖတ်နိုင်သူများဖြစ်ရမည်ဖြစ်ပြီး အမျိုးသမီးနှင့် တိုင်းရင်းသားများပါဝင်မှုကို ဦးစားပေးသွားမည်ဖြစ်သည်။

အသက် ၁၈ နှစ်ပြည့်ပြီးသူ၊ ပညာအရည်အချင်းက သတင်းစာပညာကို အနိမ့်ဆုံး ရေးတတ် ဖတ်တတ်၊ စာရေးစာဖတ်ကို ဝါသနာပါရပါမယ်။ ကျွန်တော်က ဘွဲ့ရသတ်မှတ်လိုက်ရင် သူက ဘဝအခြေအနေအရ ၁၀ တန်းလောက်ပဲရှိပြီး သင်တန်းမတက်နိုင် ဖြစ်သွားပါလိမ့်မယ်။ အင်တာဗျူးလုပ်တဲ့အခါမှာတော့ သူ့ရဲ့ဝါသနာပါမှုနဲ့ သူ့ရဲ့ရေးပုံရေးနည်းတွေကိုကြည့်ပြီး အင်တာဗျူးမှာ ရွေးချယ်ပါမယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုတာ ရန်ကုန်၊ မန္တလေး တိုးတက်ရုံမရဘူး။ နယ်တွေပါ ဇုန်အလိုက် တိုးတက်မှ ရမှာပါ။ Scholarship ကို ကျွန်တော်တို့က တစ်ဦးချင်း လျှောက်ထားခိုင်းပြီး စိစစ်ပေးသွားမယ်။ အရည်အချင်းတူရင် အမျိုးသမီး၊ တိုင်းရင်းသားအများစု ပါဝင်နိုင်ရေးဦးစားပေးမယ်”ဟု ဦးစိန်ဝင်းက ပြောကြားသည်။

ယခုဖွင့်လှစ်သည့် အချိန်ပြည့် မာလ်တီမီဒီယာ သတင်းပညာသင်တန်းအတွက် ဒီပလိုမာသင်တန်းသည် သတင်းစာပညာ အခြေခံမရှိသူများအတွက် ရည်ရွယ်ခြင်းဖြစ်ပြီး နယ်ကျောင်းသားများအတွက် အဆောင်နှင့် အစားအသောက် ကင်းလွတ်ခွင့်အတွက်ပါ Scholarship လျှောက်ထားနိုင်ကြောင်း သိရသည်။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် အသေးစိတ်ကို MJI ၏ Facebook Page https://www.facebook.com/mjimyanmar နှင့် website https://www.mjimyanmar.org တွင် ကြည့်ရှုနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၇၈၆၂၃၂၄၀၀ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ မြန်မာသတင်းပညာသိပ္ပံ (Myanmar Journalism Institute-MJI) သင်ရိုးညွှန်းတမ်းများသည် ယူနက်စကိုမှ အသိအမှတ်ပြုထားသည်။

**ရဲခေါင်ညွန့်**

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မကွေးတိုင်းဒေသကြီးရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၀**

ဇူလိုင်လနှင့်ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများလှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက်က မင်းဘူးမြို့နယ် မယ်ဘော့ကုန်းကျေးရွာ၊ ဘုရားကြီးဝင်းအတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာနုနုသာနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဘုန်းတော်ကြီးကျောင်းအတွက် နဝကမ္မအလှူငွေကျပ် တစ်သိန်းကို လည်းကောင်း၊ ရေဘေးသင့်ပြည်သူများသို့ ငွေကျပ်သိန်း ၁၀၀ နှင့်ကိုယ်ဝန်ဆောင်ခုနစ်လနှင့်အထက် မိခင်များ အရေးပေါ်သုံးစွဲရန်အတွက် လိုအပ်သော Dignity Kit ၆၂ ထုပ်ကိုလည်းကောင်း၊ မင်းဘူးခရိုင်ရှိ အသင်းပိုင်မူကြိုကျောင်းတွင် မူကြိုဆရာမဝတ်စုံ၊ မူကြိုကလေးဝတ်စုံနှင့် ကလေးများဖြည့်စွက်အာဟာရအတွက်ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ အသင်းပိုင်သားဖွားခန်းတွင် လေးမြှာပူးကလေးများအတွက် ငွေကျပ်လေးသိန်းနှင့်ကိုယ်ဝန်ဆောင်များအတွက် အနီးပိတ်နှင့် CDK များကိုလည်းကောင်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၉၃၆၅၈၂ ကိုထောက်ပံ့လှူဒါန်းခဲ့ရာ တာဝန်ရှိသူများကလက်ခံခဲ့ကြသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးခရိုင်နှင့်ပြည်ခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် တန်ဖိုးငွေကျပ် ၂၄၅၈၃၀၂ ရှိသည့် ကိုယ်ဝန်ဆောင်ခုနစ်လနှင့်အထက် မိခင်များ အရေးပေါ်သုံးစွဲရာတွင် လိုအပ်မည့် Dignity Kit ၁၃၂ ထုပ်ကို ဩဂုတ် ၁၅ ရက်က ပေးပို့ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒိုင်ယမ်မူမုန်တိုင်း လေဖိအားနည်းရပ်ဝန်းအဖြစ်အားလျော့ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းမှအနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်း

**ရန်ကုန် ဩဂုတ် ၂၀**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော အပူပိုင်းမုန်တိုင်း "ဒိုင်ယမ်မူ" သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားခဲ့ကာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းပေါ်တွင်တည်ရှိနေပြီး နောက် ၂၄ နာရီအတွင်း အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

# မန္တလေးမြို့တွင် မိုးသည်းထန်စွာရွာသွန်း၊ လမ်းများနှင့် ရပ်ကွက်အချို့ရေလွှမ်း

**မန္တလေး ဩဂုတ် ၂၀**

မန္တလေးမြို့တွင် ဩဂုတ် ၂၀ ရက် နံနက် ၂ နာရီကျော်က မိုးစတင်ရွာသွန်းခဲ့ပြီး နံနက် ၉ နာရီခန့်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် လမ်းများနှင့် ရပ်ကွက်အတွင်း နေအိမ်ဝင်းများနှင့် နေအိမ်အချို့တွင် ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

မန္တလေး ပြည်ကြီးတံခွန်မြို့နယ်အတွင်း၌လည်း ရပ်ကွက် ၁၆ ရပ်ကွက်ရှိသည့်အနက် ပရံတော်ချောင်းဖြတ်သန်းစီးဆင်းသည့် (ဃ) ရပ်ကွက်၊ (င) ရပ်ကွက် သင်ပန်းကုန်းရပ်ကွက်များအတွင်း မြေနိမ့်သည့်နေရာများနှင့် ကိုလံဘိုမြောင်း ဖြတ်သန်းစီးဆင်းသည့် (က) ရပ်ကွက်နှင့် (ခ) ရပ်ကွက်အတွင်းရှိ မြေနိမ့်သည့်နေရာများတွင် ရေလျှံ၍ လမ်းအချို့နှင့် နေအိမ်ဝင်းများအတွင်း ရေဝင်မှုရှိကြောင်း၊ လမ်းများပေါ်မှရေများ၊ ရပ်ကွက်အချို့နေရာများတွင် ရေဝင်ရောက်မှုတို့အား စည်ပင်သာယာဝန်ထမ်းများက စက်ယန္တရားများဖြင့် ရေများကျဆင်းရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ကောလင်းမြို့တွင် စည်ပင်သာယာရေးကော်မတီနှင့် ဈေးအကျိုးတော်ဆောင်များအား ပွဲကျဈေးသူဈေးသားများက စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်

**ကောလင်း ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့အား ဖျက်သိမ်းပေးရန် ပွဲကျဈေးသူဈေးသားများ၏ ဆန္ဒဖော်ထုတ်ပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက စည်ပင်ပွဲကျဈေးတန်းတွင် စုရပ်ပြုလုပ်ပြီး ရုပ်ရှင်ရုံထောင့်၊ ရွှေမင်းဝံလမ်း၊ ၁၂ လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ စည်ပင်ရုံး၊ ဖိုးလမင်းဆေးခန်းအရှေ့ ခင်မောင်စိန်လက်ဖက်ရည်ဆိုင်ထောင့်မှ ခံသာကားဂိတ်အထိ ကြွေးကြော်သံများဖြင့် စီတန်းလှည့်လည်ကြသည်။

အဆိုပါပွဲကျဈေးသည်များသည် ဆိုင်းဘုတ်၊ ပိုစတာများကိုင်ဆောင်၍ လုပ်ထုံးလုပ်နည်းဖြင့် မကိုက်ညီသော စည်ပင်သာယာရေးကော်မတီဝင်များ ဖြုတ်ချရေး၊ ဈေးအကျိုးတော်ဆောင်များဖြုတ်ချရေး၊ ပွဲကျဈေးသည်များအပေါ် တင်းကျပ်သော ဈေးစည်းမျဉ်းများဖြင့် အကြပ်ကိုင်၍ ဖိနှိပ်မှုကို မကျေနပ်သဖြင့် မြို့တွင်းလှည့်လည်ဆန္ဒပြကြရာ ပွဲကျဈေးသူဈေးသား ၃၀၀ က ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းအတွက် သက်ဆိုင်ရာခွင့်ပြုချက်ဖြင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ကြကြောင်း သိရသည်။

**ကိုကိုညီမိုး(ကောလင်း)**



# သရက်မြို့၌ မိုဘိုင်းဖုန်းဆင်းကတ်များကို စနစ်တကျ မှတ်ပုံတင်ခြင်းဆောင်ရွက်ပေး

**သရက် ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း သရက်ခရိုင် သရက်အော်တိုအိတ်ချိန်းရုံးတွင် ဩဂုတ် ၁၅ ရက်မှစ၍ ၃၁-၃-၂၀၁၇ ရက်အထိ မှတ်ပုံမတင်ရသေးသော မိုဘိုင်း ဖုန်းသုံးစွဲသူ၏ SIM Card (ဆင်းကတ်)များကို စနစ်တကျမှတ်ပုံတင်ခြင်းလုပ်ငန်းကို အခမဲ့ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် အများပြည်သူလုံခြုံရေးကို ထိရောက်စွာ ကာကွယ်ပေးနိုင်ရန် အများပြည်သူများအနေဖြင့် မိုဘိုင်းဖုန်းအသုံးပြုရန် mobile banking ၊ mobile money ၊ online shopping စသည့်ကိစ္စများ ပြုလုပ်ရာတွင် အသိအမှတ်ပြုပစ္စည်း (Indentification Device) တစ်ခုအနေဖြင့် ဆက်စပ်အသုံးပြုနိုင်ရန် SIM Card (ဆင်းကတ်) များကို စနစ်တကျမှတ်ပုံတင်ခြင်းလုပ်ငန်းများအား MPT (GSM, WCDMA,CDMA) SIM Card Registration လုပ်ငန်းကို ဆောင်ရွက်ပေးမည်ဖြစ်သည်။



ဆင်းကတ်မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ သရက်ခရိုင် သရက်အော်တိုအိတ်ချိန်း တာဝန်ခံအင်ဂျင်နီယာ ဦးဌေးအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ဆင်းကတ် မှတ်ပုံတင်ရန်လာရောက်ပါက မိုဘိုင်းဖုန်းသုံးစွဲသူသည် ဖုန်းကိုတစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ပြီး ဝန်ထမ်းမှ အဆိုပါနံပါတ်ကိုခေါ်ဆိုခြင်း (သို့မဟုတ်) အဆိုပါ နံပါတ်မှ ဝန်ထမ်းနံပါတ်ကို ဖုန်းခေါ်ဆို၍ မှန်ကန်မှသာ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။ အမည်၊ အဘအမည်၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်၊ IMSI နံပါတ်ပြည့်စုံစွာဖြည့်စွက်ရမည်။ ထိုသို့ ဖြည့်စွက်နိုင်ရန် ပိုင်ရှင်၏ SIM Card ဘေးသား(ပေါင်)ကို ယူဆောင်ရမည်။ မှတ်ပုံတင်ကတ်၊ ကျောင်းသားကတ်၊ ယာဉ်မောင်းလိုင်စင်ကတ်မိတ္တူ ယူဆောင်လာရမည်။ ကိုယ်စားလှယ်ဖြစ်ပါကလည်း နှစ်ဦးစလုံး၏ မှတ်ပုံတင်မိတ္တူပါရှိရမည်ဖြစ်ပြီး အချက်အလက်ပြည့်စုံပါက မှန်ကန်ကြောင်း တာဝန်ယူကြောင်းလက်မှတ်ရေးထိုးရမည်။ ပုံစံအား ပိုင်ရှင်အား တစ်စောင်၊ ဌာနမှ တစ်စောင်သိမ်းဆည်းထားမည်ဖြစ် သည်။ မိုဘိုင်းဖုန်းမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သရက်အော်တိုအိတ်ချိန်း ဖုန်း - ၀၆၈-၂၁၁၂၂၂၊ ၀၆၈-၂၁၉၉၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပသည်။

ဗိုလ်လုပွဲ အမျိုးသားနှစ်ယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက နေပြည်တော်အသင်းကိုနှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက အမျိုးသမီးနှစ်ယောက်တွဲအဖွဲ့လိုက် ပထမ ပဲခူးတိုင်းဒေသကြီး၊ ဒုတိယ ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယ ကချင်ပြည်နယ်၊ အမျိုးသားနှစ်ယောက်တွဲအဖွဲ့လိုက် ပထမ ကရင်ပြည်နယ်၊ ဒုတိယနေပြည်တော်နှင့် တတိယ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမျိုးသမီးအကောင်းဆုံးဆု မငြိမ်းချမ်းသူ (ပဲခူးတိုင်းဒေသကြီး)နှင့် အမျိုးသားအကောင်းဆုံးဆုရ မောင်စောသောဒီမူး(ကရင်ပြည်နယ်)၊ အမျိုးသမီး တံခွန်စိုက်ဆုရ ပဲခူးတိုင်းဒေသကြီး၊ အမျိုးသားတံခွန်စိုက်ဆုရ ကရင်ပြည်နယ်နှင့်စုပေါင်းတံခွန်စိုက်ဆုရ ပဲခူးတိုင်းဒေသကြီးတို့အား ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်

၂၀ - ၈ - ၂၀၁၆ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ယခုနှစ်ပြိုင်ပွဲဝင်အလှမယ်များအား အခြေခံကြက်ခြေနီသင်တန်းပို့ချပေးမည်

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနိုင်ငံအနေဖြင့် လေးကြိမ်မြောက် ကျင်းပမည့် Miss Universe Myanmar 2017 ပြိုင်ပွဲကြီးအတွက် နိုင်ငံတစ်ဝန်းမှ မြို့နယ်ကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံခဲ့သည့် အလှမယ်များကို Miss Universe Myanmar Organization အနေဖြင့် စတင်စခန်းသွင်း လေ့ကျင့်မှုများ ပြုလုပ်တော့မည်ဖြစ်ပြီး ယခုနှစ်တွင် တစ်မူထူးခြားစွာဖြင့် အလှမယ်များအား အခြေခံကြက်ခြေနီသင်တန်းပါ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် လေးကြိမ်မြောက်အဖြစ်ကျင်းပမည့် Miss Universe Myanmar 2017 ပြိုင်ပွဲကြီးအတွက် နိုင်ငံတစ်ဝန်းမြို့ကြီး ၁၉ မြို့မှ ကိုယ်စားပြုအလှမယ် ၁၉ ဦးအား ပြိုင်ပွဲများပြုလုပ်ရွေးချယ်ခဲ့ပြီး ရန်ကုန်မြို့တွင် လူတွေ့စစ်ဆေး ရွေးချယ်ခဲ့သောဆန်ခါတင် အလှမယ်ခုနစ်ဦး စုစုပေါင်း အလှမယ် ၂၆ ဦးကို စခန်းသွင်း လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကာ နောက်ဆုံးဆန်ခါတင်အလှမယ် ရွေးချယ်မှုကို လာမည့် အောက်တိုဘာ ၆ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ Miss Universe Myanmar Organization အနေနဲ့ ဒီနှစ်မှာ ပြိုင်ပွဲဝင်တွေရဲ့ လူမှုရေး ခရီးစဉ်ကိုတော့ ကချင်ပြည်နယ် ပူတာအိုကို ရွေးချယ်ထားပါတယ်။ စက်တင်ဘာလအတွင်းမှာ သွားရောက်မှာဖြစ်ပြီး ခရီးစဉ်အတွင်းမှာ လေ့လာရေးအစီအစဉ်တွေပါသလို ပြိုင်ပွဲငယ်များကိုလည်း ထည့်သွင်းကျင်းပသွားမှာပါ။ ဒါ့အပြင် ကချင်ပြည်နယ်မှာရှိတဲ့ စစ်ဘေးရှောင်စခန်းကိုလည်း သွားရောက်လှူဒါန်းဖို့ ရှိပါတယ်။ လူမှုရေးခရီးစဉ် မစခင် မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဝေဠုကျော် ဖောင်ဒေးရှင်းနဲ့အတူ ပြိုင်ပွဲဝင်တွေကို အခြေခံကြက်ခြေနီ သင်တန်းပို့ချပေးသွားဖို့ စီစဉ်ထားပါတယ်" ဟု ဩဂုတ် ၁၉ ရက်က ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် ဆန်ခါတင် အလှမယ်များနှင့် ပံ့ပိုးကူညီပေးသော ကုမ္ပဏီများအား စာနယ်ဇင်းမိတ်ဆက်ပွဲတွင် Miss Universe Myanmar Organization မှ နေရှင်နယ် ဒါရိုက်တာဒေါ်စိုးယုဝေက ပြောသည်။

Miss Universe Myanmar 2017 ပြိုင်ပွဲတွင် winner ဆု၊ 1st Runner ဆု၊ 2nd Runner ဆုနှင့် အခြား Title ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကာ winner ဆုတွင် ငွေကျပ်သိန်း ၁၀၀၊ 1st Runner ဆုတွင် ငွေကျပ်သိန်း ၅၀ နှင့် 2nd Runner ဆုတွင် ငွေကျပ် ၂၅ သိန်း ချီးမြှင့်ပေးသွားမည်ဖြစ်ကာ Winner ဆုရရှိသူသည် Miss Universe 2017 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် တွင် 1st Runner ဆုရရှိသူသည် Miss Grand International 2017 ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**မင်းခေတ်**

# ငါးသိုင်းချောင်းမြို့တွင် ရေယိုစိမ့်ပေါက်များပြုပြင်ဆောင်ရွက်

**ငါးသိုင်းချောင်း ဩဂုတ် ၂၀**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီတိုင်းထွာချက်အရ ၂၆ ဒသမ ၅၀ ပေ စိုးရိမ်ရေမှတ်အောက် ၀ ဒသမ ၅ လက်မရောက်ရှိခဲ့ရာ ရေကြည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမော်ဦးဆောင်သော ဝန်ထမ်းများက ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက် ငဝန်ရေကာတာ တာမိုင် ၄၇/၃+၄၀ ရေယိုစိမ့်ပေါက်နေရာအား နေ့ချင်းပြီး ပြုပြင်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာမြို့သဘာဝဘေးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေး ကော်မတီတာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင် ရွက်လျက်ရှိသည်။

ဇူလိုင်လမှ ဩဂုတ်လအထိ ငဝန်မြစ်ရေစိုးရိမ် ရေမှတ်အထက်ရောက်ရှိချိန်တွင် မြို့တွင်းနှင့် အနီးပတ်ဝန်းကျင် တာမိုင် ၃၉ မှ ၅၀ အတွင်း ရေကာတာတစ်လျှောက် ရေယိုစိမ့်ပေါက် ၁၆ ပေါက်တွေ့ရှိရပြီး ပြုပြင်ရန်လိုအပ်သော ရေကာတာ ရေယိုစိမ့်ပေါက်များအား လတ်တလော ရေကာတာကြံ့ခိုင်မှု ပိုမိုကောင်းမွန်စေရန်အတွက် ပြုပြင်ဆောင်ရွက်သွားမည် ဖြစ်သည်။

ဒေသခံပြည်သူလူထုမှာလည်းပုံမှန်ဆက်သွယ်သွားလာလျက်ရှိပြီး မြစ်ရေကြီးမြင့်စဉ် ယာယီပိတ်ထားရသော ငဝန်မြစ်ကမ်းဘေးရေဝင်နစ်မြုပ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၄ စုရှိ အခြေခံပညာကျောင်း ၅၅ ကျောင်းအနက် ၄၃ ကျောင်းပြန်လည်ဖွင့်လှစ် သင်ကြားလျက်ရှိကြောင်း၊ မြို့သဘာဝဘေး ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေးကော်မတီအလှူခံဌာနသို့လည်း အလှူရှင်များက ကယ်ဆယ်ရေးရိက္ခာပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ဝန်ကြီးဌာနများ၊ စာသင်ကျောင်းများနှင့် ကားဂိတ်၊ ဆိုင်ကယ်ကယ်ရီဂိတ်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောဆောင်ရွက်မှုအား ဩဂုတ် ၁၉ ရက်က ပျဉ်းမနားမြို့နယ် ရန်အောင်(၁)အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်ငါးမျိုး၊ ခြေကျင်လမ်းလျှောက်သူ၊ အနေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်အသားများ၊ မီးပွိုင့်နှင့်အဝိုင်းတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှား အမှန်သရုပ်ပြပုံများ မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေနှင့်ပြစ်မှုဆိုင်ရာဥပဒေများကို အသေးစိတ်ချပြရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၃) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးအောက်ရှိ အမှတ် (၃၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်နှင့်အညီ ယာယီဒုတိယရဲမှူးကြီး ခွန်မြတ်လင်းဦးစီးတပ်ဖွဲ့ဝင် ၁၅၀ တို့သည် ဩဂုတ် ၁၈ ရက်က မိတ္ထီလာမြို့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးအတွင်းအပြင်ရှိ ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ အဆောက်အအုံအတွင်း၊ အပြင်များတွင် သန့်ရှင်းရေး ပြုလုပ်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စဉ်။

တင်လှိုင်(မိတ္ထီလာ)

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မြန်မာ့အံ့ဖွယ်ပုံရိပ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသ အလှအပများကို ဖော်ထုတ်မြှင့်တင်ရန်အတွက် "မြန်မာ့အံ့ဖွယ်ပုံရိပ်များ" ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြပွဲပြိုင်ပွဲကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် AMAIZING HOTEL GROUP တို့ ပူးပေါင်း၍ နေပြည်တော်တွင်ကျင်းပမည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်ပွဲနှင့်အတူ စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ဆုရရှိသူများအား ပထမဆုငွေကျပ် ၅ သိန်း၊ ဒုတိယဆုငွေကျပ် ၃ သိန်း၊ တတိယဆုငွေ ကျပ် ၂ သိန်းနှင့် နှစ်သိမ့်ဆု ၃၀ အတွက် တစ်ဆုလျှင် တစ်သိန်းစီဖြင့် ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ရုံးခွဲ အမှတ်(၅၈/၆၂) ဗိုလ်အောင်ကျော်လမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ ဩဂုတ် ၂၂ ရက်မှ စတင်၍ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များကို ဦးအုန်းမြင့်(ညွှန်ကြားရေးမှူး) ဖုန်း ၀၁-၂၅၆၇၃၉ နှင့် ဒေါ်စုစု(လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း ၀၁-၂၅၆၅၆၁ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးခွဲသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရထားစီးခရီးသည်များ လုံခြုံစိတ်ချစေရေးအတွက် ရထားကိုခဲဖြင့် ပစ်ပေါက်မှုများအား အရေးယူမည်

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်း၌ပြေးဆွဲနေသော ရထားများအား စည်းကမ်းမဲ့သူများက ရထားကို ခဲဖြင့်ပစ်ပေါက်မှုများ ရှိနေသောကြောင့် ရထားစီးခရီးသည်များ လုံခြုံစိတ်ချစေရေးအတွက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်း၌ ပြီးခဲ့ သည့် ၂၀၁၅ ခုနှစ်က ရထားကိုခဲဖြင့်ပစ်ပေါက်ခြင်း လေးကြိမ်ဖြစ်ပွားခဲ့ပြီး ယခုနှစ် အတွင်း ရထားကိုခဲဖြင့်ပစ်ပေါက်ခြင်းများစာရင်းအရ ဇန်နဝါရီ ၉ ရက်က သမိုင်း မြို့သစ်ဘူတာနှင့် ကြို့ကုန်းဘူတာကြား၌ လည်းကောင်း၊ မတ် ၂၄ ရက်က သီရိမြိုင်ဘူတာနှင့် ကမာရွတ်ဘူတာကြား၌ လည်းကောင်း၊ မတ် ၃၀ ရက်က ပုဇွန်တောင်ဘူတာအထွက်၌ လည်းကောင်း၊ ဧပြီ ၂၂ ရက်က မလွှကုန်းဘူတာနှင့် သဃ်္ဃန်းကျွန်းဘူတာကြား၌ လည်းကောင်း၊ ဇူလိုင် ၅ ရက်က ပုရွက်ဆိတ်ကုန်းဘူတာ၌လည်းကောင်း စည်းကမ်းမဲ့သူများက ရထားကိုခဲဖြင့်ပစ်ပေါက်ခြင်းများဖြစ်ပွားခဲ့ကြောင်း၊ ထို့ပြင် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က မြန်မာတစ်နိုင်ငံလုံးရှိ ရထားလမ်းပိုင်းများ၌ ရထားကိုခဲဖြင့်ပစ်ပေါက်ခြင်း ခုနစ်မှုဖြစ်ပွားခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန မြန်မာ့မီးရထားမှ ထုတ်ပြန်ထားသည်။ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်း၌ လိုက်ပါစီးနင်းနေကြသော ရထားစီးခရီးသည်များ လုံခြုံစိတ်ချစေရေးနှင့် ရထားများကို ခဲဖြင့်ပစ်ပေါက်မှုများ လျော့နည်းပပျောက်စေရေးအတွက် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ သဃ်္ဃန်းကျွန်းဘူတာ၌ ဩဂုတ်လပထမပတ်က ဆွေးနွေးပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၇)မှ မန်နေဂျာ(သွားလာရေး/တိုင်း) ဦးကျော်စိုးလင်းက "ရထားများကိုခဲနဲ့ ပစ်ပေါက်မှုများ လျော့နည်းပပျောက်စေရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြတာပါ။ ပြီးတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှာ အများပြည်သူများသိရှိအောင် အသိပေးကြေညာစာကပ်ဖို့အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကိုလည်း အသိပေးထားပါတယ်"ဟု ရှင်းပြသည်။

**တင်လှမောင်**

# မျက်ဝန်းကိုလင်းစေသူနှင့် ဘဝအလှဆင်သူ အထ္ထုပ္ပတ္တိစာအုပ် မိတ်ဆက်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

ကြယ်စင်မေတ္တာသွေးလှူရှင်များအသင်းနှင့် လူမှုအခြေပြုအဖွဲ့(Community Base Organization) C.B.O မှ လူမှုဒါနပြုထုတ်ဝေသည့် ကွယ်လွန်သူ ဦးသန်းမြင့်စိုး၏အထ္ထုပ္ပတ္တိစာအုပ်ဖြစ်သည့် မျက်ဝန်းလင်းစေသူနှင့် ဘဝအလှဆင်သူ စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၂ × ၃၃ လမ်းကြားနှင့် ၆၈ × ၆၉ လမ်းကြားရှိ(Mandalay Community Center)လူထုရေးရာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာဦးခင်မောင်ဝင်း(ဓူဝံ)က စာအုပ်ထုတ်ဝေရခြင်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး ဆရာဦးကျော်ရင်မြင့်နှင့် ဆရာဦးမောင်မောင်ကြီး(မန်း) သမိုင်းသုတေသီတို့က ပရဟိတလုပ်ငန်းပေါင်းစုံလုပ်ဆောင်ပေးခဲ့သည့် ကွယ်လွန်သူ ဦးသန်းမြင့်စိုး၏ လုပ်ဆောင်ချက်များနှင့် စာရေးဆရာများ စုပေါင်းချီးမြှင့်ရေးသားပေးခဲ့သည့် မျက်ဝန်းလင်းစေသူနှင့် ဘဝအလှဆင်သူစာအုပ်နှင့် ဦးသန်းမြင့်စိုး၏ လုပ်ဆောင်ချက်များက ဂုဏ်ပြုမုဒိတာစကားပြောကြားသည်။

ဆက်လက်၍ ကြယ်စင်မေတ္တာသွေးလှူရှင်များအသင်းနှင့် C.B.O မှ ဦးဆောင်သူ ဦးအောင်မြင့်ထွန်းက စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပေးခဲ့သည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ကမ္ဘာ့အသက်အငယ်ဆုံး အိုလံပစ်ရွှေတံဆိပ်ဆုရှင်တစ်ဦးဖြစ်လာသည့် တရုတ်ဆယ်ကျော်သက် ဒိုင်ဗင်မယ်

**ရီယိုဒီဂျနေရိုး ဩဂုတ် ၂၀**

ရန်းချန့်ဆိုသူ တရုတ်ဆယ်ကျော်သက်အမျိုးသမီး ဒိုင်ဗင်မယ်သည် မီတာ ၁၀ အမြင့် ဒိုင်ဗင်ဗိုလ်လုပွဲတွင် ဩဂုတ် ၁၈ ရက်က အနိုင်ရရှိခဲ့ပြီးနောက် ရီယိုအိုလံပစ် အားကစားပြိုင်ပွဲ၏ အသက်အငယ်ဆုံး ရွှေတံဆိပ်ဆုရှင်တစ်ဦး ဖြစ်လာခဲ့သည်။



အသက် ၁၅ နှစ်အရွယ် တရုတ်နိုင်ငံသူရန်းချန့်သည် ၎င်း၏စုစုပေါင်း ရမှတ် ၄၃၉ ဒသမ ၂၅ နှင့်အတူ တစ်နိုင်ငံတည်းသားပြိုင်ဘက်ဖြစ်သည့် ဆီယာဂျီးကို ၁၉ ဒသမ ၈၅ မှတ်ဖြင့် မာရီယားလဲန့် ရေကူးအားကစားရုံ၌ အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့အသက်အငယ်ဆုံး ရွှေတံဆိပ်ဆုရှင်တစ်ဦး ဖြစ်လာခဲ့ခြင်းဖြစ်သည်။ အလားတူပင် ကနေဒါနိုင်ငံမှ မီးဂန်ဘင်ဖေတိုက ၎င်း၏စုစုပေါင်း ရမှတ် ၃၈၉ ဒသမ ၂၀ မှတ်ဖြင့် ကြေးတံဆိပ်ဆုရရှိခဲ့ကြောင်း သိရသည်။

ရန်းချန့်သည် ပြိုင်ပွဲအစပိုင်းက ရမှတ်မကောင်းခဲ့သော်လည်း ၎င်း၏နောက်ဆုံး ပြိုင်ပွဲသုံးခုတွင် ၉၄ ဒသမ ၀၅ မှတ်၊ ၉၁ ဒသမ ၂၀ မှတ် နှင့် ၉၁ ဒသမ ၂၀ မှတ်များဖြင့် အကောင်းဆုံး ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

“ဒီပြိုင်ပွဲ အနိုင်ရရှိတဲ့အချိန်မှာ ဝမ်းမြောက်ခြင်းနဲ့အတူ မျက်ရည်ကျခဲ့ပါတယ်။ အခုလို ရွှေတံဆိပ်ဆု ရရှိနိုင်အောင် အဘက်ဘက်က ပံ့ပိုးကူညီပေးခဲ့တဲ့ ကျွန်မရဲ့မိခင်၊ နည်းပြတွေနဲ့ အသင်းသားတွေကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်မအနေနဲ့ အစပိုင်းအကြိုဗိုလ်လုပွဲတွေမှာ အကောင်းဆုံး မစွမ်းဆောင်နိုင်ခဲ့ ပေမယ့် ဒီနေ့ပြိုင်ပွဲ၊ အထူးသဖြင့် နောက်ဆုံးဒိုင်ဗင် သုံးပွဲမှာတော့ အကောင်းဆုံး ဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်”ဟု ရန်းချန့်က ပြောကြားသည်။

ထို့ပြင် ရန်း၏အသင်းဖော်ဖြစ်သူ ဆီယာဂျီးက ပြိုင်ပွဲ၌ ၎င်းရှုံးနိမ့်မှုအပေါ် လက်ခံကျေနပ်မိကြောင်း၊ ရန်းသည် အိုလံပစ်ချန်ပီယံတစ်ယောက်အဖြစ် ထိုက်တန်ကြောင်း၊ ပြောကြားခဲ့သည်။ ရန်းသည် နောက်ဆုံးပြိုင်ပွဲ၌ အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ၎င်းအနေနှင့် ရွှေတံဆိပ်ရရှိမည်ဟု မျှော်လင့်ထားသော်လည်း ရန်းချန့်က ၎င်းထက်ပိုတော်သည့်အတွက် ၎င်းသည် ငွေတံဆိပ်ဆုနှင့်ပဲ ကျေနပ်ခဲ့ရကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ရီယိုအိုလံပစ်ဒိုင်ဗင်ပြိုင်ပွဲတွင် မျှော်မှန်းထားသည့် ရွှေတံဆိပ် ခုနစ်ခုအနက် ခြောက်ခုကို ယခုအချိန်အထိရရှိခဲ့ပြီး နောက်ဆုံးဒိုင်ဗင်ပြိုင်ပွဲဖြစ်သည့် အမျိုးသား မီတာ ၁၀ အမြင့် ဒိုင်ဗင်ဖိုင်နယ်ပွဲကို ဩဂုတ် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# ဒီမိုကရက်တစ်ခေါင်းဆောင်များ ဟတ်ကာများကိုကြောက်ရွံ့နေရ

**ဝါရှင်တန် ဩဂုတ် ၂၀**

ယခုသီတင်းပတ်အတွင်း ပြည်သူများထံသို့ သတင်းအချက်အလက်များပေါက်ကြားစေခဲ့သည့်အတွက် ဟတ်ကာများကို ဒီမိုကရက်တစ်ခေါင်းဆောင်များက စိုးထိတ်လျက်ရှိသည်။

ဟတ်ကာများသည် ဖလော်ရီဒါ ကွန်ဂရက်လွှတ်တော် ပြိုင်ပွဲ၌ ဒီမိုကရက်တစ်ကိုယ်စားလှယ်လောင်းများအား နှောင့်ယှက်မည်ကို စိုးရိမ်ကြခြင်းဖြစ်သည်။မကြာသေးမီကဖြစ်ပွားခဲ့သည့် ဆိုက်ဘာတိုက်ခိုက်မှုမှာ ဂူစီဖာ ၂ အမည်ရှိ အဖွဲ့ကပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်လွှတ်တော် ဖလော်ရီဒါပြည်နယ် ကိုယ်စားလှယ်လောင်းအတွက် ဒီမိုကရက်တစ်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်သူများ၏ အချက်အလက်များကို အများပြည်သူများထံသို့ ပေါက်ကြားအောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဒီမိုကရက်တစ်ပါတီအသိုင်းအဝိုင်းနှင့် နီးစပ်သည့် သတင်းအရင်းမြစ်က ပြောသည်။

ဒီမိုကရက်တစ် မဲဆွယ်စည်းရုံးရေးကော်မတီမှ အချက်အလက်များပေါက်ကြားခဲ့ခြင်းဖြစ်ပြီး ဖလော်ရီဒါကိုယ်စားလှယ်များ၏ ကိုယ်ရေးအသေးစိတ်အချက်အလက်များ၊ နောက်ခံအကြောင်းများပါ ပေါက်ကြားခဲ့ခြင်း ဖြစ်သည်။

(ရိုက်တာ)

# ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံခြားအခြေချနေထိုင်သူ အနည်းဆုံး ၁၆၀၈၇ ၂ဦးရှိ

**ဖနောင်ပင် ဩဂုတ် ၂၀**

ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံခြားအခြေချနေထိုင်သူ အနည်းဆုံး ၁၆၀၈၇၂ဦးရှိကြောင်း အမျိုးသားရဲဌာန ဝက်ဘ်ဆိုက်တွင် ဩဂုတ် ၂၀ရက်က သတင်းထုတ်ပြန်ဖော်ပြထားသည်။

ကနဦးနိုင်ငံခြားသားစာရင်းကောက်ယူမှု စာရင်းဇယားများအရ ၉၅ ရာခိုင်နှုန်းသည် ဗီယက်နမ်များဖြစ်ကြောင်း ကမ္ဘောဒီးယားလူဝင်မှုကြီးကြပ်ရေးဌာနအကြီးအကဲ ဗိုလ်ချုပ် ဆွခ်ဖယ်ကပြောကြားခဲ့သည်။

သတင်းထုတ်ပြန်ဖော်ပြချက်အရ ၂၀၁၄ခုနှစ် လူဝင်မှုကြီးကြပ်ရေးဌာနစတင်တည်ထောင်ခဲ့ချိန်မှစ၍ နိုင်ငံပေါင်း ၆၈နိုင်ငံမှ တရားမဝင်ဝင်ရောက်နေထိုင်သည့်လူဦးရေ ၁၀၇၈၇ဦးရှိကြောင်း ၎င်းတို့ထဲတွင် ဗီယက်နမ်မှ ၉၂၁၇ဦးပါဝင်ကြောင်းသိရသည်။

၎င်းတို့ထဲတွင် နိုင်ငံကူးလက်မှတ်၊ ဗီဇာ သို့မဟုတ် အလုပ်ခွင့်ပြုချက်စသည့် တရားဝင်အထောက်ထားစာရွက်စာတမ်းများ မပါရှိကြောင်း သတင်းထုတ်ပြန် ဖော်ပြချက် အရသိရသည်။

(ဆင်ဟွာ)

# ဖိလစ်ပိုင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် အပစ်ရပ်စဲရေးကို သမ္မတက ကြေညာမည်

**မနီလာ ဩဂုတ် ၂၀**

ကွန်မြူနစ်သူပုန်များ ကြေညာခဲ့သော တစ်ပတ်ကြာ အပစ်ရပ်စဲရေးကို တုံ့ပြန်သောအားဖြင့် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးအနေဖြင့် အပစ်ရပ်စဲရေးကို ဩဂုတ် ၂၀ ရက်တွင် ကြေညာရန် မျှော်လင့်ထားကြောင်း သမ္မတ သတင်းပြန်ကြားရေးဝန်ကြီး မာတင်အန်တာနာက ပြောကြားခဲ့ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်တွင် ဩဂုတ် ၂၀ ရက်က ဖော်ပြခဲ့သည်။

အေဘီအက်စ်-စီဘီ အင်န် သတင်းဌာန၏ တွေ့ဆုံမေးမြန်းခန်းတွင် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက ကွန်မြူနစ်သူပုန်များ၏ ကြေညာချက်ကို ပြန်လည်တုံ့ပြန်မှုပြုလုပ်ရန် ဆန္ဒရှိကြောင်း ပြောခဲ့သည်။

အစိုးရ၏ အပစ်ရပ်စဲရေးသဘောတူညီမှု အသေးစိတ်အချက်များကို နောက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သော်လည်း ကနဦးအပစ်ရပ်စဲရေးကို နေ့ချင်းပြီး ကြေညာသွားရန် မျှော်လင့်ထားကြောင်း မာတင်အန်တာနာက ပြောကြားခဲ့သည်။

ယနေ့အချိန်ထိ သမ္မတကြီးအပါအဝင် သမ္မတ ငြိမ်းချမ်းရေးအကြံပေး ဂျီးဆက်စ် ဒူရီဇာနှင့် ကာကွယ်ရေးဝန်ကြီးတို့သည် အပစ်ရပ်စဲရေးအစီအစဉ်နှင့် အပစ်ရပ်စဲရေး မည်ရွေ့မည်မျှ ကြာမြင့်မည်ကို ဆွေးနွေးနေဆဲဖြစ်ကြောင်း မာတင်အန်တာနာက ပြောကြားခဲ့သည်။

ထို့ပြင် သမ္မတကြီးသည် ငြိမ်းချမ်းရေးအတွက် ပိုမိုကြိုးစားလုပ်ဆောင်နေကြောင်း မာတင်အန်တာနာက ဆက်လက်ပြောကြားခဲ့သည်။

လာမည့်အပတ်တွင် အစိုးရနှင့် ကွန်မြူနစ်သူပုန်များကြား ငြိမ်းချမ်းရေးဆွေးနွေးမှုကို နော်ဝေနိုင်ငံ အော်စလိုတွင် မကျင်းပမီ ကွန်မြူနစ်သူပုန်များဘက်မှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး စိတ်ဝင်စားသည့်အတွက် များစွာ ဝမ်းသာရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး နှစ်ဖက်အပြန်အလှန် အပြုသဘောဆောင်ဆွေးနွေးခြင်းသည် အာရှ၏ အရှည်ကြာဆုံး ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုများကို အဆုံးသတ်ပေးနိုင်ရန် လမ်းခင်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အပစ်ရပ်စဲရေး ဆွေးနွေးမှုသည် ဩဂုတ် ၂၁ ရက် နံနက် ၁၂ နာရီ ၁မိနစ်တွင် စတင်မည်ဖြစ်ပြီး ဩဂုတ် ၂၇ ရက် ညနေ ၁၁ နာရီ ၅၉မိနစ်တွင်ပြီးဆုံးမည်ဖြစ်ကြောင်း အတိုက်အခံသူပုန်များဘက်က ပြောကြားခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုသည် ဩဂုတ် ၂၂ ရက်တွင် စတင်ပြုလုပ်မည်ဖြစ်ပြီး ဩဂုတ် ၂၆ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# တရားရုံးက ဟီလာရီကလင်တန်အား အီးမေးလ် ဆာဗာကိစ္စဖြေရှင်းရန် တောင်းဆို

**ဝါရှင်တန် ဩဂုတ် ၂၀**

အမေရိကန်ဖက်ဒရယ်တရားရုံးက ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ဟီလာရီကလင်တန်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က အသုံးပြုခဲ့သော အီးမေးလ် ဆာဗာကိစ္စ ဖြေရှင်းရန် တောင်းဆိုလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဩဂုတ် ၂၀ ရက်က ဖော်ပြခဲ့သည်။ ဝါရှင်တန်တရားရုံးက ကွန်ဆာဗေးတစ်အုပ်စုမှ တရားစွဲဆိုမှုကို တုံ့ပြန်မှုပြုလုပ်ရန် ဟီလာရီကလင်တန်အား ထိုသို့တောင်းဆိုလိုက်ကြောင်း သိရသည်။ ကလင်တန်အနေဖြင့် အီးမေးလ်ဆာဗာအား မည်သည့်အတွက် အသုံးပြုခဲ့သလဲဆိုသည့်မေးခွန်းနှင့် အခြားမေးခွန်းများကို တရားရုံးတွင် ကျမ်းကျိန်ထွက်ဆိုရ မည်ဖြစ်သည်။

ကွန်ဆာဗေးတစ်အုပ်စုက နိုင်ငံခြားရေးဝန်ကြီးဌာနမှ လူသိရှင်ကြားဖွင့်ချခဲ့သည့် အီးမေးလ်အသစ်ကိုရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ ယင်းအီးမေးလ်ထဲတွင် ကလင်တန်ဖောင်ဒေးရှင်းနှင့်ပတ်သက်နေသော ထိပ်တန်းအရာရှိတစ်ဦးအပေါ်သံသယဖြစ်နေကြောင်း ဖော်ပြခဲ့သည်။ ကလင်တန်အနေဖြင့် ကျမ်းကျိန်ထွက်ဆိုရန်မလိုအပ်ဘဲ ၎င်းအုပ်စု၏မေးမြန်းချက်များကို လက်ရေးမှုဖြင့် ရေးသားဖြေဆိုရန်သာလိုအပ်ကြောင်း တရားရုံးက ပြောကြားလိုက်သည်။ ကလင်တန်စည်းရုံးလှုံ့ဆော်ရေးအဖွဲ့များက ရွေးကောက်ပွဲကိုနှောင့်ယှက်မှုပြုရန် ထိုသို့ပြုလုပ်ခြင်းဖြစ်သည်ဟုဆိုကာ ယင်းအုပ်စုကို ပြစ်တင်ဝေဖန်လိုက်သည်။ **(အင်န်အိတ်ချ်ကေ)**

# ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဇီကာဗိုင်းရပ်စ်ကြောင့် မိုင်ယာမီကမ်းခြေသို့သွားရောက်ခြင်း ရှောင်ရှားရန် သတိပေးထား

**ဖလော်ရီဒါ ဩဂုတ် ၂၀**

ဇီကာဗိုင်းရပ်စ်ကူးစက်မှုများကြောင့် ကမ္ဘာ့လှည့်ခရီးသွားများ လည်ပတ်ရာနေရာတစ်ခုဖြစ်သည့် မိုင်ယာမီကမ်းခြေကို ကိုယ်ဝန်ဆောင်အမျိုးသမီးများ သွားရောက်ခြင်းမပြုရန် သတိပေးမှုများ ထုတ်ပြန်ထားသည်။

အစောပိုင်းက အာဏာပိုင်များသည် ဇီကာဗိုင်းရပ်စ်မှာမိုင်ယာမီကမ်းခြေ အနောက်ပိုင်းရှိ ဝိုင်းဝုဒ်ဒေသ၌သာ ရှိသည်ဟု ယူဆခဲ့ကြသည်။ ယခု၌မူ ကျန်းမာရေးအဖွဲ့အစည်းများက မိုင်ယာမီကမ်းခြေရှိ လူငါးဦးမှာ ဇီကာဗိုင်းရပ်စ် ကူးစက်ခံထားရသည်ဟု ကြေညာခဲ့သည်။

ထို့နောက် ဖလော်ရီဒါရှိ ကျန်းမာရေးအဖွဲ့အစည်းများက ပိုးသတ်ဆေးများ ဖျန်းလျက်ရှိသည်။ ခြင်မှတစ်ဆင့် ကူးစက်ပြန့်ပွားသည့် ဇီကာဗိုင်းရပ်စ်မှာ ကလေးငယ်များမွေးဖွားရာတွင် ချို့ယွင်းချက်များ ဖြစ်လာစေနိုင်သည်။

ယခုအခါ၌ ခြင်များပေါက်ပွားရာ ရာသီဖြစ်သည့်အတွက် ကူးစက်မှုများဖြစ်လာနိုင်သည်ဟု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ပြောသည်။

ဖလော်ရီဒါ၌ ရောဂါပိုးကူးစက်ခံရသူ ၃၆ဦးထိရှိလာပြီး ၎င်းတို့မှာ အမေရိကန်နိုင်ငံအပြင်ဘက်သို့ ခရီးထွက်ဖူးသူများမဟုတ်ပေ။ ဖလော်ရီဒါပြည်နယ် အုပ်ချုပ်ရေးမှူး ရစ်ခ်စကောက်က ဇီကာနှင့်ပတ်သက်၍ သတင်းထုတ်ပြန်မှုများ ပြုလုပ်ရန် နှောင့်နှေးခဲ့သည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

သို့သော် အုပ်ချုပ်ရေးမှူးက ပြည်သူလူထုကို တိကျသည့်သတင်းအချက်အလက်များကိုသာ ထုတ်ပြန်ပေးခဲ့သည်ဟု ပြန်လည်ချေပပြောဆိုခဲ့သည်။

(ဘီဘီစီ)



# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟာ အမျိုးသမီးဖြစ်လာမှာလား

**ချိုးစန္ဒီနွေး**



ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းဟာ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းမှာသူ့ရဲ့ ဒုတိယအကြိမ်မြောက် တာဝန်ထမ်းဆောင်တဲ့ ငါးနှစ်သက်တမ်းပြည့်တော့မှာပဲဖြစ်ပါတယ်။ ဒါကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးဟာ အတွင်းရေးမှူးချုပ်အသစ်ကို ရွေးချယ်ရတော့မှာပဲ ဖြစ်တယ်။ မစ္စတာ ဘန်ကီမွန်းကတော့ သူ့နေရာမှာ နောက်ထပ်တက်လာမယ့်သူဟာ အမျိုးသမီးတစ်ဦးဖြစ်ရင် ပိုကောင်းမယ်လို့ ပြောခဲ့ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်လာတာဟာ နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်လာပြီဖြစ်ပေမယ့် အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကိုတော့ အမျိုးသားတွေကပဲ ထမ်းဆောင်ခဲ့တာပါ။ အခုဆိုရင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို အမျိုးသားရှစ်ဦးက ထမ်းဆောင်ပြီးပါပြီ။ နောက်တစ်ဦးဟာ အမျိုးသမီးပဲဖြစ်သင့်တယ်လို့ ဘန်ကီမွန်းက ပြောခဲ့ပါတယ်။ ဒါပေမယ့် အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကို မစ္စတာ ဘန်ကီမွန်း တစ်ဦးတည်းကပဲ ဆုံးဖြတ်ပေးလို့မရပါဘူး။ အဖွဲ့ဝင် ၁၉၃ နိုင်ငံပါဝင်တဲ့ အထွေထွေညီလာခံမှာ အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်တဲ့ လုံခြုံရေးကောင်စီက အထွေထွေအတွင်းရေးမှူးချုပ်နေရာ ပါဝင်ယှဉ်ပြိုင်သူတွေကို ထောက်ခံမဲခွဲဆုံးဖြတ်ရမှာပဲဖြစ်ပါတယ်။ လက်ရှိ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နေရာကို ယှဉ်ပြိုင်ကြသူ ၁၁ ဦးရှိပြီး အမျိုးသားခြောက်ဦးနဲ့ အမျိုးသမီးငါးဦးပါဝင်ပါတယ်။ ယှဉ်ပြိုင်အရွေးခံကြမည့် ကိုယ်စားလှယ်လောင်း ၁၁ ဦးကတော့ ဘူလ်ဂေးရီးယားနိုင်ငံသူ အိုင်ရီနာဘိုကိုဗာ၊ နယူးဇီလန်နိုင်ငံသူ ဟယ်လင်ကလာ့ခ်၊ ကော်စတာရီတာနိုင်ငံသူ ခရစ္စတီးနားဖီဂူယာစ်၊ မော်လ်ဒိုဗာနိုင်ငံသူ နာတာလီယာဂရေမန်း၊ အာဂျင်တီးနားနိုင်ငံသူ ဆူဆန်နာမယ်လ်ကိုရာ၊ ပေါ်တူဂီနိုင်ငံသား အန်တိုနီယိုဂူတာရက်စ်၊ ဆားဘီးယားနိုင်ငံသား ဗက်ခ်ဂျာရီမစ်၊ မက်ဆီဒိုနီးယားနိုင်ငံသား ဆာဂျီဂျန်ကန်း၊ ဆလိုဗက်ကီးယားနိုင်ငံသား မီရာ့စ်လော့ဗ်လက်ဆေ့ခ်၊ မွန်တီနီဂရိုးနိုင်ငံသား အီဂါလူစ်ဆစ်ခ်နှင့် ဆလိုဗေးနီးယားနိုင်ငံသား ဒန်နီလိုထက်ခ်တို့ပဲဖြစ်ပါတယ်။ ဩဂုတ်လ ၅ ရက်နေ့က ဒုတိယအကျော့မဲပေးမှုများ ပြုလုပ်ခဲ့ရာမှာတော့ ပေါ်တူဂီ ဝန်ကြီးချုပ်ဟောင်း အန်တိုနီယိုဂူတာရက်စ်က ရှေ့ဆုံးမှ ပြေးနေပါတယ်။ မဲပေးတဲ့နေရာမှာ လုံခြုံရေးကောင်စီက ထောက်ခံမဲ၊ ကန့်ကွက်မဲနဲ့ ကြားနေမဲဆိုပြီး မဲတွေခွဲခြားထားပါတယ်။ ဂူတာရက်စ်ကတော့ ထောက်ခံမဲ ၁၁ မဲ၊ ကန့်ကွက်မဲ နှစ်မဲနဲ့ ကြားနေမဲ နှစ်မဲရခဲ့ပါတယ်။ သူဟာ ပထမအကျော့ မဲပေးမှုမှာလည်း ထောက်ခံမဲ ၁၂ မဲနဲ့ ကြားနေမဲ သုံးမဲရရှိခဲ့ပါတယ်။ မဲပေးမှု နှစ်ကြိမ်လုံးမှာ ထိပ်ဆုံးကနေပဲ ဦးဆောင်နေခဲ့သူဖြစ်ပါတယ်။ မစ္စတာဂူတာရက်စ်ဟာ ၁၉၉၅ ခုနှစ်ကနေ ၂၀၀၂ ခုနှစ်အထိ ပေါ်တူဂီ ဝန်ကြီးချုပ် အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်ဇွန်လကနေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်ပါတယ်။

**ထင်ရှားကျော်ကြားပြီး ဦးဆောင်နိုင်စွမ်းရှိတဲ့ အမျိုးသမီးတွေအများကြီးရှိပါတယ်။ စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်နေတဲ့ အမျိုးသမီးတွေ၊ လူမှုအဖွဲ့အစည်းတွေကို ဦးဆောင်နေတဲ့ အမျိုးသမီးတွေနဲ့ နိုင်ငံကိုဦးဆောင်နေတဲ့ အမျိုးသမီးတွေရှိပါတယ်။ ဒါကြောင့် ကုလသမဂ္ဂမှာကောဘာကြောင့် အမျိုးသမီးတွေ မဦးဆောင်နိုင်ရမလဲ**

ဒုတိယအကျော့မဲပေးမှုမှာ မစ္စတာ ဂူတာရက်စ်ရဲ့နောက်မှာ ဒုတိယမဲအများဆုံးနဲ့ ကပ်လိုက်လာတဲ့သူကတော့ ဆားဘီးယားနိုင်ငံခြားရေးဝန်ကြီးဟောင်း ဗက်ခ်ဂျာရီမစ်ပဲဖြစ်ပါတယ်။ သူဟာ ထောက်ခံမဲ ရှစ်မဲ၊ ကန့်ကွက်မဲ လေးမဲနဲ့ ကြားနေမဲ သုံးမဲရရှိထားပါတယ်။ သူဟာ ၂၀၀၇ ခုနှစ်ကနေ ၂၀၁၂ခုနှစ်အထိ ဆားဘီးယားနိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အထိ ၆၇ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံရဲ့ ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

လူမှုအဖွဲ့အစည်းတွေနဲ့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအချို့က ပထမဦးဆုံးအမျိုးသမီး အတွင်းရေးမှူးချုပ် ပေါ်ထွက်လာရေး တိုက်တွန်းမှုတွေ ရှိနေပေမယ့် ဒုတိယအကျော့ မဲပေးမှုမှာ အာဂျင်တီးနားနိုင်ငံရဲ့ အမျိုးသမီး နိုင်ငံခြားရေးဝန်ကြီးဟောင်း ဆူဆန်နာ မယ်လ်ကိုရာဟာ တတိယနေရာမှာပဲ ရပ်တည်နိုင်ခဲ့ပါတယ်။ သူဟာဘန်ကီမွန်းရဲ့ ဝန်ထမ်းတွေကို ကြီးကြပ်ကွပ်ကဲရတဲ့ အကြီးအကဲတစ်ဦးလည်း ဖြစ်ပါတယ်။ ဘူလ်ဂေးရီးယားနိုင်ငံသူ အိုင်ရီနာဘိုကိုဗာကတော့ ပဥ္စမနေရာနဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။ သူဟာ ယူနက်စ်ကိုအဖွဲ့ကြီးရဲ့ အကြီးအကဲလည်းဖြစ်ပါတယ်။ ခရိုအေးရှားနိုင်ငံသူ ဗက်စ်နာပူစစ်ကတော့ ပထမအကျော့မဲပေးမှုမှာပဲ မဲရလဒ် အနည်းဆုံးရခဲ့လို့ ပြိုင်ပွဲကနေ နုတ်ထွက်သွားခဲ့ပါတယ်။ မော်ဒိုဗာနိုင်ငံသူ နာတလီယာဂရေမန်းကလည်း မဲအနည်းဆုံးရရှိတဲ့ သုံးဦးထဲမှာ ပါဝင်ခဲ့ပါတယ်။ ကုလသမဂ္ဂမှ ရုရှားသံတမန် Vitaly Churkin ကတော့ အမျိုးသမီးတွေကို ထောက်ခံမဲပေးရမယ်လို့ ကြွေးကြော်နေသူတွေဟာ အမှန်တကယ်မဲပေးတဲ့နေရာမှာ အပြောနဲ့ လက်တွေ့မညီလို့သာ ဒီလိုမဲရလဒ်တွေ ပေါ်ထွက်လာတာလို့ ပြောပါတယ်။

မစ္စတာ ဘန်ကီမွန်းကတော့ "ထင်ရှားကျော်ကြားပြီး ဦးဆောင်နိုင်စွမ်းရှိတဲ့ အမျိုးသမီးတွေအများကြီးရှိပါတယ်။ စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်နေတဲ့ အမျိုးသမီးတွေ၊ လူမှုအဖွဲ့အစည်းတွေကို ဦးဆောင်နေတဲ့ အမျိုးသမီးတွေနဲ့ နိုင်ငံကိုဦးဆောင်နေတဲ့ အမျိုးသမီးတွေရှိပါတယ်။ ဒါကြောင့် ကုလသမဂ္ဂမှာကောဘာကြောင့် အမျိုးသမီးတွေ မဦးဆောင်နိုင်ရမလဲ" လို့ ပြောခဲ့ပါတယ်။ မစ္စတာဘန်ကီမွန်း ကတော့ သူဘယ်သူ့ကို ထောက်ခံတယ်လို့ တိတိကျကျနာမည်ထုတ်မပြောပေမယ့် "ကမ္ဘာကြီးကို အမှန်တကယ်ပြောင်းလဲနိုင်တဲ့ တက်တက်ကြွကြွ လုပ်ရည်ကိုင်ရည်ရှိတဲ့ အမျိုးသမီးတွေ အများကြီး ရှိပါတယ်။ တခြားနိုင်ငံခေါင်းဆောင်တွေနဲ့ စေ့စပ်ညှိနှိုင်းနိုင်တဲ့ အမျိုးသမီးခေါင်းဆောင်တွေလည်းရှိပါတယ်"လို့ အမျိုးသမီးတွေဘက်ကနေ ပြောခဲ့ပါတယ်။

မဲပေးမှုတွေနဲ့ ပတ်သက်ပြီးတော့ ကုလသမဂ္ဂရဲ့ အာဏာအရှိဆုံး အဖွဲ့အစည်းကြီးဖြစ်တဲ့ လုံခြုံရေးကောင်စီကတော့ ရလဒ်တွေနဲ့ပတ်သက်ပြီး တရားဝင်ကြေညာတာမျိုးတော့ မရှိသေးပါဘူး။ ကောင်စီဟာ ယှဉ်ပြိုင်အရွေးခံကြသူတွေထဲကမှ တစ်ဦးကိုရွေးချယ်နိုင်ဖို့ ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်နေဆဲပဲလို့ သုတေသီတွေက ယူဆကြပါတယ်။ အစဉ်အလာအားဖြင့်တော့ ကုလသမဂ္ဂ အကြီးအကဲရာထူးကို ကမ္ဘာ့ဒေသကြီးတွေက အလှည့်နဲ့တာဝန်ယူနေ သလိုပါပဲ။ အာရှ၊ အာဖရိက၊ လက်တင်အမေရိကနဲ့ အနောက်ဥရောပနိုင်ငံသားတွေကတော့ ကမ္ဘာ့အဆင့်မြင့်ဆုံးသံတမန်နေရာကို ထမ်းဆောင်ခဲ့ဖူးပြီးကြပါပြီ။ ရုရှားနိုင်ငံအပါအဝင် အရှေ့ဥရောပနိုင်ငံတွေကတော့ သူတို့ဟာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နေရာကို တစ်ခါမှုထမ်းဆောင်ဖူးခြင်းမရှိလို့ ဒီတစ်ခါတော့ သူတို့ အလှည့်လို့ စောဒကတက်နေကြပါတယ်။

နိုင်ငံပေါင်း ၅၆ နိုင်ငံပါဝင်တဲ့အုပ်စုကတော့ ပထမဦးဆုံးအမျိုးသမီးအထွေထွေအတွင်းရေးမှူးချုပ် ပေါ်ထွက်လာရေး မဲဆွယ်မှုတွေလုပ်နေပါတယ်။ ဒါပေမယ့်လည်း အမျိုးသမီးတွေဟာ မဲပေးဆုံးဖြတ်မှုမှာ နှစ်ကြိမ်စလုံး တတိယနေရာ ကစပြီးတော့ပဲ နေရာယူထားနိုင်လို့ လူအများကို စိတ်ပျက်အားလျော့စေပါတယ်။

ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း ဂူတာရက်စ်ဟာ မဲပေးမှုရလဒ်တွေမှာ ထိပ်ဆုံးကနေ ပြေးနေပေမယ့် သူသာလျှင် အတွင်းရေးမှူးချုပ်ဖြစ်လာနိုင်တယ်လို့ အဆုံးအဖြတ်ပေးဖို့ကတော့ စောလွန်းနေသေးတယ်လို့ နယူးယောက်မှ သံတမန်တွေက ပြောပါတယ်။ ဒါပေမယ့်လည်း ကြားနေမဲရရှိမှုနည်းတဲ့အတွက်ကြောင့် သူ့ရဲ့အနေအထားက ကောင်းနေတယ်လို့ ရုရှားသံတမန်က ရိုက်တာသတင်းဌာနကို ပြောခဲ့တယ်။ လုံခြုံရေးကောင်စီဟာ ယှဉ်ပြိုင်သူတွေထဲကနေမှ တစ်ယောက်ပဲကျန်တော့တဲ့အထိ မဲပေးရွေးချယ်မှုတွေ လုပ်သွားမှာပဲဖြစ်တယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟာ အရပ်သားဝန်ထမ်း ၄၁၀၀၀ ကို စီမံအုပ်ချုပ်ရပြီးတော့ ရဲတွေနဲ့ တပ်ဖွဲ့ဝင်ပေါင်း ၁၀၁၀၀၀ ပါဝင်တဲ့ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုအဖွဲ့ကိုလည်း စီမံအုပ်ချုပ်ရပါတယ်။ ငြိမ်းချမ်းရေးထိန်းသိမ်းမှုစစ်ဆင်ရေးများအပါအဝင် နှစ်စဉ်ဘတ်ဂျက် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော် ရှိတယ်လို့လည်းခန့်မှန်းရပါတယ်။ လက်ရှိ ကုလသမဂ္ဂ အထွေထွေညီလာခံရဲ့ ဥက္ကဋ္ဌ Mongens Lykketoft က မဲပေးရွေးချယ်မှုလုပ်ငန်းစဉ်တွေမှာ ပွင့်လင်းမြင်သာမှုရှိစေရေး ဆောင်ရွက်လျက်ရှိပါတယ်။

သူကတော့ ကုလသမဂ္ဂကို ဦးဆောင်နိုင်တဲ့သူဟာ ကိုယ်ကျင့်သိက္ခာစံပြဖြစ်ရမယ်။ ပြီးတော့ နိုင်ငံရေးအရနဲ့ သံတမန်ရေးအရပါ နိုင်ငံတွေကို စုစည်းဦးဆောင်နိုင်တဲ့သူ ဖြစ်ရမယ်လို့ ပြောပါတယ်။

ကုလသမဂ္ဂလုံခြုံရေး ကောင်စီကတော့ နောက်ထပ်မဲပေးမှုကို ဩဂုတ်လ ၂၈ ရက်နေ့မှာ ထပ်မံပြုလုပ်သွားမယ်လို့ စီစဉ်ထားပါတယ်။ စက်တင်ဘာလထဲမှာလည်း နောက်ထပ်မဲပေးမှုတစ်ခု သို့မဟုတ် နှစ်ခုကို ပြုလုပ်သွားဖွယ်ရှိပါတယ်။ မစ္စတာဘန်ကီမွန်းနဲ့ အချို့သောနိုင်ငံတွေ မျှော်လင့်ထားသလို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နေရာကို အမျိုးသမီးတွေ ရမလား၊ မရဘူးလားဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရမှာပါ။

**ကိုးကား-ရိုက်တာ၊**
**သည်ဂါဒီယန်၊ ဆင်ဟွာ**

## လှူဒါန်းရေးနှင့်ပတ်သက်၍ ဖေ့ဘွတ်ပေါ်တွင်ကြေညာမိသူ ဒူဘိုင်းတွင် အဖမ်းခံရ



**ဒူဘိုင်း ဩဂုတ် ၂၀**

အသက် ၄၂ နှစ်အရွယ်ရှိ စကောတ်ရစ်ချက်သည် ဒူဘိုင်း၌ရှိနေစဉ် ၎င်း၏ ဖေ့ဘွတ်ပေါ်တွင် လှူဒါန်းရေးနှင့်ပတ်သက်၍ ကြေညာမိသည့်အတွက် တရားစွဲဆိုခံရသည်။

ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံသား လက်မှတ်ကိုင်ဆောင်ထားသည့် သူသည် အာဖဂန်နစ္စတန်နိုင်ငံရှိ ဒုက္ခသည်များကိုကူညီရန် အတွက်ရွက်ဖျင်တဲနှင့် စောင်များဝယ်ယူနိုင်ရေး အလှူခံခဲ့ခြင်းပင်ဖြစ်သည်။ ၎င်းသည် ၂၂ ရက်ကြာ ယင်းသို့ဖေ့ဘွတ်၌ အလှူခံခဲ့ခြင်းဖြစ်ပြီးခွင့်ပြုချက် မတောင်းခံဘဲပြုလုပ်ခဲ့ခြင်းဖြစ်သည့်အတွက် တရားစွဲဆိုခြင်းခံခဲ့ရသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု၌ မှတ်ပုံတင်ထားခြင်းမရှိသော အလှူခံခြင်းကိစ္စများကို တားမြစ်ထားသည့်ဥပဒေသစ် ထုတ်ပြန်ထားသည်။

ယင်းဥပဒေကို လွန်ခဲ့သောနှစ်က ထုတ်ပြန်ထားခြင်းဖြစ်ပြီး အလှူခံခြင်းကိစ္စများ ပြုလုပ်လိုပါက ဒူဘိုင်းရှိ လူမှုရေးကိစ္စများ ဆောင်ရွက်ရေးဌာန၏ ထောက်ခံချက်ရရှိထားရန်လိုအပ်သည်။ အကယ်၍ ချိုးဖောက်ခဲ့ပါ က ထောင်ဒဏ် ၂ လမှ ၁ နှစ်အထိ ချမှတ်နိုင်ပြီး ငွေဒဏ် ဒေါ်လာ ၂၇၀၀၀ အထိလည်း ချမှတ်နိုင်သည်။

**(ဘီဘီစီ)**



ဩဂုတ် ၂၀ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးဝင်းအတွင်း လူမှုအခြေပြုဗဟိုဌာန (Community Center) နှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ လာရောက် လေ့လာနေမှုကို တွေ့ရစဉ်

မျိုးမင်းသိန်း(မရမ်းကုန်း)

# တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

၂၀၁၆ ခုနှစ် (၁၆) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုချီးမြှင့်ပွဲကျင်းပရာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ကျောင်းအုပ်ကြီး ဦးအောင်ငွေက အမျိုးသမီး (၅၃-၅၇) ကီလိုတန်း၊ (၆၁-၆၅) ကီလိုတန်းနှင့် အမျိုးသား(၅၃-၅၇) ကီလိုတန်း ဇန်တိုအတိုက်ပြိုင်ပွဲများတွင် ဆုရရှိသော အားကစားသမားများအားလည်းကောင်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမျိုးနောင်က အမျိုးသား (၅၇-၆၁) ကီလိုတန်း၊ (၆၁-၆၅) ကီလိုတန်း၊ (၆၅-၆၉) ကီလိုတန်းနှင့် (၆၉) ကီလိုတန်းအထက် ဇန်တိုအတိုက်ပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများအား ဆုချီးမြှင့်ခဲ့သည်။

ယင်းနောက် အမျိုးသမီးအကောင်းဆုံးဆုရ မရွှေဥ(မွန်ပြည်နယ်)၊ အမျိုးသား အကောင်းဆုံးဆုရ မောင်စိုင်းနောင်(ရှမ်းပြည်နယ်)၊ အမျိုးသမီး တံခွန်စိုက်ဆုရ (ရှမ်းပြည်နယ်)၊ အမျိုးသားတံခွန်စိုက်နှင့်၊ စုပေါင်း တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းတို့အား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# နေပြည်တော် - ပြည် ရထားနှင့် ကားတိုက်မှုဖြစ်

**နေပြည်တော် ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မိုးကောင်းလေးဘူတာနှင့် အောင်လံဘူတာကြား (တရားမဝင်) ရထားသံလမ်းကူးနေရာ၌ ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီက အမှတ်-၁၀၉ အဆန် နေပြည်တော်-ပြည် RBE ရထားနှင့် လက်ပံတန်းမြို့နေ မိုးဇော် မောင်းနှင်လာသော လိုက်ထရပ်ယာဉ်တို့ တိုက်မိမှုဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ကားဦးခေါင်းပိုင်းပျက်စီးခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါ လက်ပံတန်းမြို့နေ ဦးစိုးလေးတို့နှစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ နေပြည်တော် ရထားရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ရထားနှင့် ယာဉ်တိုက်မှုမှာ မကြာခဏဖြစ်ပွားလျက်ရှိပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ ရထားနှင့် ယာဉ်တိုက်မှု ၃၄ ကြိမ်ဖြစ်ပွား၍ နှစ်ဦးသေဆုံးကာ ၁၈ ဦးဒဏ်ရာရရှိခဲ့ကြောင်း မြန်မာပြည်ရှိ ရထားလမ်းတစ်လျှောက် “တရားဝင်” ရထားသံလမ်းကူး ၁၀၅၅ နေရာနှင့် “တရားမဝင်” သံလမ်းကူး ၁၂၉၁ နေရာရှိပြီး မော်တော်ဆိုင်ကယ်များနှင့် တိုက်မိမှုအဖြစ်များကြောင်း အဆိုပါ သံလမ်းကူးနေရာများတွင် ယာဉ်မောင်းသူများ၊ ဆိုင်ကယ်စီးသူများအနေဖြင့် အန္တရာယ်ကင်းရှင်းရေးသတိထားသင့်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်းလိုက်နာရန်၊ ရထားသံလမ်းကူးနေရာများတွင် သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ ပညာပေးဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယာဉ်မောင်းသူများဘက်မှလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာကာ သတိထားမောင်းနှင်သင့်ကြောင်း ပြောကြားသည်။

**ကိုမျိုး(ရွှေပေါက်ကံ)၊ ဓာတ်ပုံ-ရထားရဲတပ်ဖွဲ့**



# ထောက်ကြန့်၌ ရဲအရာရှိဟောင်းမိသားစု လေးလောင်းပြိုင်အသတ်ခံရမှု ဖြစ်ပွား

ထောက်ကြန့် ဩဂုတ် ၂၀

**မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေ ရွှေနံ့သာကျေးရွာအုပ်စု ပတ္တမြားမြို့သစ်ရပ်ကွက် ကျူးကျော်ကွက်သစ် မြအေးချမ်းသာလမ်းသွယ်အတွင်း အိမ်တစ်အိမ်၌ ရဲအရာရှိဟောင်းတစ်ဦးနှင့် ၎င်း၏မိသားစုဝင်သုံးဦး အသတ်ခံရမှု ဩဂုတ် ၂၀ ရက်က ဖြစ်ပွားခဲ့သည်။**

ဖြစ်စဉ်မှာ သေဆုံးသူများနှင့်အတူနေသူ မိခင်ဒေါ်ရီရီနွဲ့သည် ဩဂုတ် ၁၉ ရက်က ရွှေပြည်သာမြို့နယ်ရှိ ဆွေမျိုးများထံမှ ဩဂုတ် ၂၀ ရက် နံနက် ၆ နာရီက နေအိမ်သို့ပြန်လာခဲ့သည်။ အိမ်တံခါးများအားလုံး ပိတ်နေသည့်အတွက် စောင့်နေရင်း နံနက် ၇ နာရီခွဲခန့်တွင် အိမ်တွင်းသို့ ခေါ်ကြည့်ရာမှ အသံများပြန်လည် မကြားရသည့်အတွက် အိမ်နီးချင်း အမျိုးသမီးအဖော်နှစ်ဦးနှင့်အတူ ပြတင်းပေါက်အားဖွင့်၍ဝင်ကြည့်ရာမှ သမက်ဖြစ်သူ ကိုစိုးနောင်၊ သမီးဖြစ်သူ မချယ်ရီပွင့်နှင့် မြေးနှစ်ယောက်စလုံးဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသဖြင့် ရပ်ကွက်အကူအညီဖြင့် ရဲစခန်းသို့ အကြောင်းကြားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ မှုခင်းတပ်ဖွဲ့မှ ဒုတိယ ရဲမှူးတင်ဝင်းမောင် ဦးစီးသောတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ အထူးတပ်ဖွဲ့ဝင်များ၊ မင်္ဂလာဒုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေ ဦးစီးသောအဖွဲ့ဝင်များ၊ ထောက်ကြန့်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဌေးဝင်းနှင့်တပ်ဖွဲ့ဝင်များက လာရောက်စစ်ဆေးမှုများပြုလုပ်ခဲ့ကြသည်။

စစ်ဆေးချက်အရ ဒုရဲအုပ်ဟောင်း စိုးနောင်(၃၇ နှစ်) (အမြန်လမ်းရဲတပ်ဖွဲ့မှ နောက်ဆုံးနုတ်ထွက်ထားသူ) မှာ အောက်ရင်အုံ၊ ယာဘက်ရင်အုံတို့တွင် ထိုးသွင်းဒဏ်ရာလေးချက်ဖြင့် ဧည့်ခန်းရှေ့တွင်လည်းကောင်း၊ သားကြီးဖြစ်သူ မောင်ဟန်သူရ (၁၃ နှစ်) အဌမတန်း အထက(၄)မင်္ဂလာဒုံမှာ ဝမ်းဗိုက်၊ နံဘေးဝဲဘက်၊ လက်မောင်းညှပ်ရိုးကြားတွင် ထိုးသွင်းဒဏ်ရာ ခုနစ်ချက်ဖြင့် ဖခင်နှင့်အတူ သေဆုံးနေကြောင်း တွေ့ရသည်ဟု ဆိုသည်။

ဇနီးဖြစ်သူ မချယ်ရီပွင့် (၃၄ နှစ်)မှာ ဝဲဘက်နောက်ကျော၊ ယာနောက်ကျော၊ ဝဲဘက်ချိုင်းအောက်၊ ဝဲဘက်ညှပ်ရိုးအောက်၊ ဝဲဘက်မေးစေ့အောက်တို့၌ ထိုးသွင်း ဒဏ်ရာများအပြင် ရင်အုံနှင့်နောက်စေ့တို့၌ ပြတ်ရှဒဏ်ရာများဖြင့် မီးဖိုခန်းအတွင်း၌လည်းကောင်း၊ သားအငယ်ဆုံးဖြစ်သူ မောင်စွမ်းထက်မြက် (၈ နှစ်) တတိယတန်းအမက(၂)ပတ္တမြားအိမ်ရာ အတွင်းမှာ လည်ပင်းနှင့် ညှပ်ရိုးအကြား ယာနို့အုံ၊ ယာချိုင်းအောက်တို့၌ ထိုးသွင်း ဒဏ်ရာသုံးချက်တို့ဖြင့် သေဆုံးနေကြောင်းတွေ့ရသည်ဟု ဆိုသည်။

ပတ်ဝန်းကျင်နှင့် ရဲအရာရှိတို့၏ မှတ်ချက်အရ အငြိုးကြီးစွာဖြင့် တစ်မိသားစုလုံးအား မသေမချင်းသတ်ခဲ့ခြင်းဖြစ်ကြောင်း ဆိုကြသည်။

ရက်စက်စွာသတ်သွားသူများအား အမြန်ဆုံးဖမ်းမိနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ကိုကြီးတင်**

နိုင်ငံတကာသတင်း

# အိန္ဒိယနိုင်ငံ၌အဆောက်အအုံတစ်လုံးပြိုကျ၊ လူခုနစ်ဦးသေဆုံး

**ဂျေတီ**

**နယူးဒေလီ ဩဂုတ် ၂၀**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံအလယ်ပိုင်း မတ်ဒယာပရာဒေ့ရှ် ပြည်နယ်တွင် ယနေ့ အစောပိုင်းက အဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားခဲ့ရာ ကလေးသူငယ် လေးဦး အပါအဝင် လူခုနစ်ဦး ထက်မနည်းသေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အဆိုပါ နေအိမ်ပြိုကျမှုမှာ အိန္ဒိယနိုင်ငံအလယ်ပိုင်း မတ်ဒယာပရာဒေ့ရှ် ပြည်နယ်၊ ဆာဂါခရိုင်၊ ရာဟာဂါ့တ်အရပ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူနှင့် ဒဏ်ရာရရှိသူများသည် မိသားစုနှစ်စုမှဖြစ်ကာ နေအိမ်ပြိုကျမှုဖြစ်ပွားစဉ်က အဆိုပါနေအိမ်ထဲ အိပ်ပျော်နေကြောင်း၊ မတ်ဒယာပရာဒေ့ရှ် ပြည်နယ်သည် အဆက်မပြတ်ရွာသွန်းသောမိုးဒဏ်ကို ယမန်နေ့ ညကတည်းကခံခဲ့ရပြီး ယနေ့ အစောပိုင်းက ယခုကဲ့သို့ နေအိမ်ပြိုကျမှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ဒဏ်ရာရရှိသူများအနက် တစ်ဦးမှာ အခြေအနေစိုးရိမ်ရကြောင်း သိရသည်။ မိုးသည်းထန်စွာရွာသွန်းမှုသည် မတ်ဒယာပရာဒေ့ရှ်ပြည်နယ်အတွင်း ပြီးခဲ့သည့် တစ်ရက်က ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**


## TRINITY COLLEGE PATHWAY TO THE UNIVERSITY OF MELBOURNE

### ၏ ပညာရေးဆွေးနွေးပွဲ

“မြန်မာကျောင်းသား၊ကျောင်းသူ အများဆုံးရွေးချယ် ပညာသင်ကြားလျက်ရှိသော Trinity College မှ IGCSEနှင့်၁၀တန်းအောင်မြင်ထားသောကျောင်းသား/သူများအား ၎င်းကျောင်းနှင့် ပတ်သက်သည်များကို ကျောင်း၏ တာဝန်ရှိသူကိုယ်တိုင် အောက်ပါ အစီအစဉ်အတိုင်း အသေးစိတ်ရှင်းလင်းပြောကြားပေးမည်ဖြစ်ပါသည်။”

Date: 25 August 2016 (Thursday)
Time: 3:00 PM to 5:00 PM
Venue: AVSS Office Yangon
127(A), First Floor, West Shwe Gone
Daing Road, Bahan Tsp, Yangon

For more information & booking, please contact:
Tel: 09 450006944/6955, 5147227

www.trinity.unimelb.edu.au/tcfs




### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/6604 Nissan March AK 12, H/B (4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ကြည် ၁၂/စခန(နိုင်)၀၄၆၁၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၈-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၄)ပါ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မိုးညှင်းခရိုင်မှ လမ်းတံတားလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် ၆"-၉"ကျောက် (၂၀၇၃·၇၅ကျင်း)၊ ခွဲကျောက်မျိုးစုံ (၇၈၄၇·၅ကျင်း)၊ သဲကြမ်း (၁၀၁၁ကျင်း)၊ သဲကျောက် (၂၄၆၆·၇၅ကျင်း)၊ ဆန်ခါချ ကျောက်စရစ် (၄၁၄·၇၅ကျင်း)၊ ဂျင်းမြေ (မြေနီ) (၁၁၁၉·၇၅ကျင်း)၊ ဘိလပ်မြေ (၁၀၈၀·၀၇၅ တန်)၊ သံချောင်းလုံး Size စုံ (၁၂၉·၆၀၂၅ တန်)၊ တောသစ် (၁၁၀·၅၄၀၅ တန်)နှင့် အမှတ်စဉ် (ဂ)တင်ဒါဖွင့်မည့်ရက်/ အချိန်မှာ ၃၁-၈-၂၀၁၆ ရက် ၁၃:၀၀ နာရီဟု ပြင်ဆင်ဖတ်ရှုပါရန်။

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၀)၊ အကွက်အမှတ် (၉) မြို့ဝမ်၊ ဦးပိုင်အမှတ် (၄)၊ မြေချိန်ဧရိယာ ၀ ဒသမ ၆၀၀ ဧကရှိ မြေငှားဂရန်အမှုတွဲအမှတ်-၁၄၉-၅/၂၀၁၅-၂၀၁၆ (အေ)ဖြင့် ချိန်ချန်းခိုက် အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ၎င်းမြေဂရန်မှာ ၂၀၁၄ ခုနှစ် အိမ်ပြောင်းရွှေ့သည့်အချိန်တွင် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၂၀ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နန်းအေးအွမ် ၁၃/လရန(နိုင်)၀၁၈၀၆၈**

# ငွေကျပ်သန်းပေါင်း ၁၅၀၀ ကျော်တန်ဖိုးရှိ ရွှေထည်နှင့်လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၂၀**

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ အမှတ်(၂)ရပ်ကွက် ဥဒေါင်းကန်(၈)လမ်းရှိ နေအိမ်တစ်အိမ်အား ပူးပေါင်းအဖွဲ့က ဩဂုတ် ၁၈ ရက် နံနက် ၆ နာရီက ဝင်ရောက်ရှာဖွေရာ ထိုင်းဘတ်ငွေ၊ မြန်မာငွေ၊ ရွှေထည်ပစ္စည်းမျိုးစုံ စုစုပေါင်း ကာလတန်ဖိုးငွေကျပ်သန်း ၁၅၀၀ ကျော်နှင့်အတူ တရားမဝင် ကိုင်ဆောင်သော လက်နက်ခဲယမ်းများကို ဖမ်းဆီးရမိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့သတင်း ထုတ်ပြန်ချက်အရ သိရသည်။



ဘုရားသုံးဆူမြို့ အမှတ်(၂) ရပ်ကွက် ဥဒေါင်းကန်(၈)လမ်းရှိ အောင်ခိုင်ဦး (ခ)ကတုံး၊ (၃၉နှစ်)သည် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ ရဲအုပ် ကျော်စိုးသန်း ဦးစီးအဖွဲ့၊ နယ်မြေခံတပ်မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မင်းဟိန်း ဦးစီးအဖွဲ့၊ နယ်ခြားစောင့်တပ်ရင်း(၁၀၂၁)မှ ဗိုလ်စောကိုလေး ဦးစီးအဖွဲ့၊ သတင်း ရဲတပ်ဖွဲ့မှ ရဲအုပ် သက်ဝင်းသူတို့ပူးပေါင်း အဖွဲ့သည် သက်သေများနှင့်အတူ ဩဂုတ် ၁၈ ရက်က ၎င်းနေအိမ်အား ဝင်ရောက် ရှာဖွေရာ အဆိုပါနေအိမ်အတွင်းမှ ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ် ၁၂ ခု၊ ၉ မမ ပစ္စတိုကိုးလက်၊ ၎င်းကျည်အိမ်လေးခု၊ ၉ မမကျည် ၄၅ တောင့်၊ ပွိုင့် ၂၂ စနိုက်ပါ တပ်တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ကျည် ၂၀၀၀တောင့်၊ ၅ ဒသမ ၅၆ ကျည်တောင့် ၇၀၀၊ အမ် ၆၇ လက်ပစ်ဗုံး တစ်လုံး၊ ထိုင်းဘတ်ငွေ ၁၂၂၈၄၀၀၀၊ မြန်မာငွေကျပ် ၅၇၇၅၀၀၀၊ အရွယ်အစား အမျိုးမျိုးရှိ ရွှေတုံး ၁၁၃ တုံးနှင့် ရွှေထည်ပစ္စည်း အမျိုးအစားမျိုးစုံပါ ၄၅၃၄ ဂရမ် (အလေးချိန် ၁၅ ဒသမ ၃၆၆ ပိဿာ) စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁၅၇၈၉၆၃၀၀၀ တို့အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသဖြင့် လက်နက်ခဲယမ်းများအား လက်ဝယ်ထားရှိသူ အောင်ခိုင်ဦးအား ဘုရားသုံးဆူနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# မိုးညှင်းမြို့နယ်တွင် တရားမဝင်သယ်ဆောင်လာသော အမိုနီယမ်နိုက်ထရိတ်များ ဖမ်းဆီးရမိ

**မိုးညှင်း ဩဂုတ် ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ဩဂုတ်၁၈ ရက်က ၁၂ ဘီး မော်တော်ယာဉ် သုံးစီးဖြင့် တရားမဝင်သယ်ဆောင်လာသော အမိုနီယမ်နိုက်ထရိတ်များ ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက နယ်မြေခံ တပ်ရင်းမှူးနှင့် တပ်ဖွဲ့ဝင်များသည် မိုးညှင်းမြို့နယ် ဘီလူးမြို့ ကျေးရွာအုပ်စု ကန်သာကုန်း ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ကားလမ်းဘေးတွင် ရပ်ထားသော မော်တော်ယာဉ် နှစ်စီးအား ရှာဖွေရာ ယာဉ်အမှတ်8J/---- ၁၂ ဘီးယာဉ်ပေါ်တွင် တရုတ်နိုင်ငံလုပ် Yunan Top Brand စာတန်းပါ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမပါသော အမိုနီယမ်နိုက်ထရိတ် တစ်အိတ်လျှင် ၅၀ ကီလိုဂရမ်ပါ ၇၅၆ အိတ်နှင့် 5B/---- ၁၂ ဘီးယာဉ်ပေါ်တွင် အိတ် ၇၂၀ တို့ကို ပိုင်ရှင်မဲ့တွေ့ရှိခဲ့သည်။



8D/---- ၁၂ ဘီးယာဉ်အား ဆက်လက်ရှာဖွေရာ အထက်ပါ စာတမ်းပါ အမိုနီယမ်နိုက်ထရိတ် တစ်အိတ်လျှင် ၅၀ ကီလိုဂရမ်ပါ ၇၁၄ အိတ် စုစုပေါင်းအိတ် ၂၁၉၀ တို့ကို ပိုင်ရှင်မဲ့တွေ့ရှိရမိခဲ့သဖြင့် သက်ဆိုင်ရာက ထိန်းသိမ်းထားကြောင်း သိရသည်။ **(ဝ၆၇)**

အဆိုပါနေ့ မွန်းလွဲ ၂ နာရီခွဲတွင် မိုးညှင်းမြို့ ရှောင်လမ်း မိုင်တိုင် အမှတ် ၇/၀ တွင် လမ်းဘေးချုံတောအတွင်း ရပ်ထားသော

# တွဲလောင်းကျနေသော ဖုန်းကြိုးအား ကိုင်မိရာမှ ဓာတ်လိုက်သေဆုံး

**ချောက် ဩဂုတ် ၂၀**

ချောက်မြို့နယ် ငွေးပင်ကွက်သစ်ရွာ၌ ဩဂုတ် ၁၉ ရက်က အမျိုးသမီးတစ်ဦးဓာတ်လိုက်သေဆုံးခဲ့ကြောင်း နယ်မြေခံရဲစခန်းမှသိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ငွေးပင်ကွက်သစ်ရွာ ဆီးသီးဂိုဒေါင်တွင် အလုပ်လုပ်နေသော ကျောက်ပန်းတောင်းမြို့နယ် ခင်မွန်ရွာနေ မဝင်းအေး (၂၀နှစ်)နှင့် မပေါက်စတို့သည် ဆီးဆန်ရွေးနေရာမှ အိမ်သာသို့သွားရောက်ခဲ့ပြီး အိမ်သာမှပြန်လာစဉ် မဝင်းအေးမှာ အိမ်သာပေါက်ဝအနီး မြေပေါ်သို့တွဲလောင်းကျနေသော ဖုန်းကြေးနန်းကြိုးအားလက်မှ ကိုင်လျက်လဲကျကာ ဓာတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းအမျိုးသမီးသေဆုံးခဲ့မှုနှင့်ပတ်သက် ၍ ချောက်မြို့နယ် ငွေးပင်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

# ငွေကျပ်သိန်းပေါင်း ၁၆၈၂ ဒသမ ၈၂ သိန်းတန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၀**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက်က နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် မူဆယ်-မန္တလေး GI ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ လဂေါင်၏ ခရီးဆောင်အိတ်အတွင်း ဘိန်းဖြူ ဆပ်ပြာခွက် ၅၃ ခွက်(အလေးချိန် ၆၈၉ ဂရမ်) ကာလတန်ဖိုးငွေကျပ် ၁၃၀ ဒသမ ၉၁ သိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅၀ (ကာလတန်ဖိုးငွေကျပ် ၅၈၅ သိန်း)၊ မဇာမန္တယ်၏ ခရီးဆောင်အိတ်အတွင်း ဘိန်းဖြူဆပ်ပြာခွက် ၁၀ ခွက်(အလေးချိန် ၁၃၀ ဂရမ်)ကာလ တန်ဖိုးငွေကျပ် ၂၄ ဒသမ ၇ သိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၅၀ (ကာလတန်ဖိုးငွေကျပ် ၄၂၉ သိန်း)၊ မဘောမ်နန်၏ ခရီးဆောင်အိတ်အတွင်း ဘိန်းဖြူဆပ်ပြာခွက် ၄၃ ခွက် (အလေးချိန် ၅၅၉ ဂရမ်) ကာလတန်ဖိုးငွေကျပ် ၁၀၆ ဒသမ ၂၁သိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅၀(ကာလတန်ဖိုးငွေကျပ် ၃၅၁ သိန်း) သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဩဂုတ် ၁၇ ရက်က ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေခံတပ်မှ ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာနှင့် ၁ မိုင်ခန့်အကွာရှိ သဲကျုံးသည့် နေရာရောက်ရှိစဉ် နံပါတ်မပါ Honda Odyssey အမျိုးအစား မော်တော်ယာဉ်တစ်စီးအား လူမရှိဘဲ မသင်္ကာဖွယ်တွေ့ရှိကြောင်း အကြောင်းကြားချက်အရ သွားရောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၇၄၅ ပြား သိမ်းဆည်းရမိသဖြင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးစုံစမ်းဖော်ထုတ်ရာ ချောင်းဝကျေးရွာ သဲကွင်းအနီး ယာဉ်ပိုင်ရှင် ကော့သောင်းမြို့နယ် ဖော့သုတ်ကျေးရွာနေ ကျော်လှိုင်ဦးနှင့် ယာဉ်မောင်းသူ ဖြိုးမြတ်ကျော်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖြိုးမြတ်ကျော်ဦးနှင့်အတူ မူးယစ်ဆေးဝါးများအား လျှို့ဝှက်သယ်ဆောင်သူများဖြစ်သော ကော့သောင်းမြို့ပိတောက်ရွှေဝါရပ်ကွက် ရွှေမင်းဝံ(၁)လမ်းနေ လူနိုင်အောင်သန်းနှင့် အဏ္ဏဝါရပ်ကွက် စံပယ်လမ်းသွယ်(၁)နေ ရန်နိုင်ဦးတို့နှစ်ဦးအား လူနိုင်အောင်သန်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိသည်။

ထို့အတူ ဩဂုတ် ၁၉ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ် (၈၀/၄)တွင် လားရှိုးမှ မန္တလေးဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ပုံလိုလမ်းနှင့် လားဟူဈေးလမ်းထောင့်တွင် အောင်ဆန်းမောင်းနှင်လာသောဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၅၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ဆိုင်ကယ်ကို ကုန်တင်ယာဉ်ဝင်တိုက်၍ တစ်ဦးသေ

**တပ်ကုန်း ဩဂုတ် ၂၀**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ရန်ကုန်-မန္တလေးလမ်းဟောင်းမိုင်တိုင်အမှတ်-(၂၇၄/၀)နှင့်(၂၇/ ၁) ကြား၊ကျားသေအိုင်ကျေးရွာအနီးတွင် ဩဂုတ် ၁၉ ရက်က (၁၂)ဘီး ကုန်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ရန်ကုန်-မန္တလေး လမ်းဘေးဆိုင်ကယ်ပြင်ဆိုင်မှ မောင်ရဲအောင်(၂၀ နှစ်) ကျားသေအိုင်ကျေးရွာနေသူသည် ဆိုင်ကယ်ဖြင့် ရန်ကုန်-မန္တလေးလမ်းမပေါ်သို့လမ်းဖြတ်ကူးစဉ် ပျဉ်းမနားမှ တပ်ကုန်းဘက်သို့ဆန်းထွေးလွင်(၄၁နှစ်)မိတ္ထီလာမြို့နေသူ မောင်းနှင်လာသော (၁၂)ဘီးယာဉ်နှင့်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူ မောင်ရဲအောင်မှာ အခင်းဖြစ်နေရာတွင်သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ မောင်ရဲအောင်အား တပ်ကုန်းမြို့မရဲစခန်းက အမှုဖွင့်ထားသည်။ **တင်ထွန်းတာ(တပ်ကုန်း)**


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် EE/4455 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**အများသိစေရန်ကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ ရကက(၇)နေ ကျွန်တော် ဦးအောင်ကျော်ဦး ၉/အမရ(နိုင်) ၁၁၄၅၁၀နှင့် ဒေါ်ကြူကြူဝင်း ၇/တငန(နိုင်)၁၀၂၈၉၆တို့သည် ၁၉၉၅ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းခဲ့ပါသည်။ ၁၆-၁၂-၂၀၁၃ရက်တွင် ဒေါ်ကြူကြူဝင်းသည် မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီး ယနေ့ချိန်ထိ ဆက်သွယ်လာခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအောင်ကျော်ဦး**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1D/9107 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7G/6817 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3H-6902 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

**အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6B/9282 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/2376 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ (ရွာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5B/3781 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာ(အလယ်ပိုင်း)၊ ရွာလယ်လမ်းမကြီး၊ ခြံကွက်အမှတ် ၅၈ဟုခေါ်တွင်သည့် မခွဲမစိတ်ရသေးသော မြေ၏ (၁၇'×၆၅')အကျယ်အဝန်းရှိ ရွာမြေကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်ကြသည့် ဒေါ်အေးအေးသင်း ၁၂/ရပသ(နိုင်)၀၁၄၃၇၅ပါ မောင်နှမ(၅)ဦးတို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ်ချုပ်ဆိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာ ကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ခင်မေစိုး LL.B**
**အထက်တန်းရှေ့နေ(စဉ်-၃၆၈၀၇)**
**အမှတ် ၅၈၊ ငါးလွှာ၊ ကုက္ကိုသာယာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၆၃၆၃၁၆၂၉၊ ၀၉-၇၈၄၀၁၂၉၁၂**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၄၁၇ဟုခေါ်တွင်သော နှစ် ၆၀ဂရန်မြေအမျိုးအစား အကျယ်အဝန်း (၄၃×၆၀)ပေ၊ ၀ဒသမ ၀၅၉ဧက၊ စတုရန်းပေ ၂၅၈၀ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၁)ရပ်ကွက်၊ လေးကျွန်းကြာခိုင်လမ်း၊ အမှတ် ၄၁၇ဟု ခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ တရားဝင် လက်ဝယ်ထားရှိ ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးမြင့် ၅/ဝသန(နိုင်)၀၀၄၈၄၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနေဝင်းအောင် ၁၁/မပတ(နိုင်)၀၃၅၅၃၅က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးနေမျိုးထွဋ် (စဉ်-၂၉၉၄၃)** LL.B, Diploma in Business Law
**ဦးရန်နိုင်(စဉ်-၄၆၁၆၆)** LL.B
**အထက်တန်းရှေ့နေ**
**Pioneer Law Firm**
**အမှတ် ၁၅၁၊ ဒုတိယထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၄၆၂၁၆၊ ၀၉-၇၉၆၂၈၂၀၄၄**

**အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာ၊ ဈေးပိုင်း၊ အမှတ် ၅၁၇နေ ဒေါ်တင်ရီ ၁၂/ရပသ(နိုင်)၀၀၉၁၂၇နှင့် လှော်ကားကျေးရွာအုပ်စု၊ စမ်းချောင်းလေးနေ ဦးဘမောင်သိန်း ၁၂/ရပသ(နိုင်)၀၀၉၁၇၈၊ ဒေါ်ခင်မေသိန်း ၁၂/အစန(နိုင်)၁၁၉၈၇၂၊ ဦးသန်းဌေး ၁၂/မဘန(နိုင်)၁၀၂၆၆၄၊ ဦးသန့်ဇော်ဦး ၁၂/ကမတ(နိုင်)၀၈၅၁၂၃တို့မှ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်ရီနှင့် ဦးဘမောင်သိန်း (ပါ-၄ဦး)တို့သည် မြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်ပြီး အငြင်းပွားခဲ့ကြပြီး၊ ယခုအခါတွင် နှစ်ဦးနှစ်ဖက်ပြေလည်စွာ ဖြေရှင်းဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါသဖြင့် ဦးဘမောင်သိန်း (ပါ-၄ဦး)မှ မြန်မာ့အလင်းနေ့စဉ်သတင်းစာတွင် ၁၄-၆-၂၀၁၆ရက်က အများသိစေရန်ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ဒေါ်တင်ရီ၏ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်ဟန့်တားမှုမရှိ ဆောင်ရွက်နိုင်ပါကြောင်း ဦးဘမောင်သိန်း (ပါ-၄ဦး)ဘက်မှ ဆက်စပ်သူများကိုလည်း တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်အိအိစိုး (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၇၀၁)**
**ဦးမြင့်စိုး (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၄၅၀၄)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**

# ရတနာပုံအသင်း MNL အမှတ်ပေးချန်ပီယံဆု လက်ခံရယူ



MNL ချန်ပီယံ ရတနာပုံအသင်း ဆုဖလားနှင့်အတူ အောင်ပွဲခံနေစဉ် ဓာတ်ပုံ - စိုးညွန့်

**မန္တလေး ဩဂုတ် ၂၀**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၂) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ချန်ပီယံရတနာပုံအသင်း အိမ်ကွင်း၌ ဆုဖလားလက်ခံရယူသည်။

မန္တလာသီရိကွင်း၌ ကျင်းပသော ပွဲတွင် ရတနာပုံက ချင်းယူနိုက်ကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ချန်ပီယံ ရတနာပုံသည် အိမ်ကွင်းနောက်ဆုံးပွဲကို အနိုင်ရလဒ်ဖြင့် ပိတ်သိမ်းနိုင်ရန် ကြိုးပမ်းခဲ့ပြီး ဂိုးပြတ်နိုင်ပွဲရယူကာ အိမ်ကွင်း၌ ချန်ပီယံဆုဖလား လက်ခံရယူနိုင်ခဲ့သည်။ ရတနာပုံအသင်းသည် ချင်းယူနိုက်တက်ကို အနိုင်ကစားခဲ့သောကြောင့် ယခုရာသီတွင် အိမ်ကွင်းရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းနိုင်ခဲ့ပြီး MNL အမှတ်ပေးချန်ပီယံဆုကို လေးကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုပွဲသည် ဗထူးကွင်း၌ ကျင်းပရမည့်ပွဲဖြစ်သော်လည်း မန္တလေးမြို့တွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဗထူးကွင်းအတွင်း ရေဝင်ရောက်နေရာ မန္တလာသီရိကွင်းသို့ ပြောင်းလဲကျင်းပခြင်းဖြစ်သည်။ မိုးရွာသွန်းနေမှုကြောင့် နှစ်သင်းစလုံး ခက်ခက်ခဲခဲကစားခဲ့ရပြီး ပွဲအစ နှစ်မိနစ်တွင် အောင်သူက ထောင့်ကန်ဘောမှ ခေါင်းတိုက်သွင်းယူကာ ရတနာပုံအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ၁၅ မိနစ်တွင် ဝင်းနိုင်စိုးက ဒုတိယဂိုး သွင်းယူခဲ့သည်။ ၂၇ မိနစ်တွင် တိုက်စစ်မှူး မာတူနာက တတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရတနာပုံအသင်းကသာ ပွဲကို ဆက်လက်စိုးမိုးနိုင်ခဲ့ပြီး ၅၈ မိနစ်နှင့် ၇၂ မိနစ်တို့တွင် ဝင်းနိုင်စိုးက စတုတ္ထဂိုးနှင့် ပဥ္စမဂိုးသွင်းပြီး ဟက်ထရစ်ရခဲ့သည်။

အခြားပွဲစဉ်များတွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်က Southern ကို သုံးဂိုး-ဂိုးမရှိ၊ YUSC ကွင်း၌ ရန်ကုန်က ဟံသာဝတီကို နှစ်ဂိုး-တစ်ဂိုး၊ ကျောက်တိုင်ကွင်း၌ ဧရာဝတီက မကွေးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ယခုပွဲအပြီးတွင် အဝေးကွင်းရှုံးပွဲကြုံတွေ့ခဲ့သည့် Southern အသင်းသည် Horizon အသင်းနှင့်အတူ ပထမတန်းသို့ တန်းပြန်ဆင်းသွားရပြီဖြစ်သည်။ မကွေးအသင်းရှုံးနိမ့်ခဲ့၍ ရန်ကုန်အသင်းမှာ တစ်ပွဲကစားရန် ကျန်သေးသော်လည်း ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာရသွားပြီဖြစ်သည်။

ရတနာပုံနှင့် ချင်းယူနိုက်တက်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ချန်ပီယံ ရတနာပုံအသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေး ငွေကျပ်သိန်း ၁၀၀၀ နှင့် ချန်ပီယံဆုဖလားကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယ ဥက္ကဋ္ဌနှင့် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

**ယနေ့ပွဲ**

(သုဝဏ္ဏကွင်း)

ရခိုင် - ဇေယျာရွှေမြေ

(အောင်ဆန်းကွင်း)

Horizon - ဇွဲကပင်

**ညီမြတ်သော်တာ**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ အမရပူရဗိုလ်စွဲ

**မန္တလေး ဩဂုတ် ၂၀**

၂၀၁၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီက ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အမရပူရမြို့နယ်နှင့် မြင်းခြံမြို့နယ်တို့ ယှဉ်ပြိုင်ရာ အမရပူရမြို့နယ်က ပထမရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ပထမရရှိသော အမရပူရမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေကျပ် ၁၀ သိန်း ချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျန်ဆုရရှိသူများအား ချီးမြှင့်ပြီး ပထမဆုရအသင်းအား မြန်မာ့လက်ရွေးစင်ခြင်းလုံး အားကစားမယ် ခင်ချောစုကလည်း ငွေကျပ်တစ်သိန်းနှင့် အကောင်းဆုံး အားကစားသမားဆုရရှိသူအား ငွေကျပ် ငါးသောင်းကို ထပ်ဆောင်းဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

*ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းသည် ဂျာမနီနိုင်ငံ အပါအဝင် နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဟန်ဂေရီနှင့် ဆိုက်ပရပ်စ်နိုင်ငံတို့၌ လေ့ကျင့်မည်ဖြစ်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ ဥရောပခြေစမ်းခရီးစဉ်ကိုသာ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ကစားမည့်ခြေစမ်းပွဲများကို ထုတ်ပြန်ခြင်းမရှိသေးပေ။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ အထိရောက်ဆုံး ပြင်ဆင်မှုဖြစ်လာစေရန် ဥရောပနိုင်ငံများသို့ ကာလရှည်သွားရောက်ခြင်းဖြစ်ပြီး ခြေစမ်းပွဲအနည်းဆုံး ငါးပွဲအထက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် ဩဂုတ် ၂၃ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး ပဏာမကစားသမား ၂၆ ဦး ရွေးချယ်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခြေစမ်းခရီးစဉ်မတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် အကြိုသဘောတူညီမှုရရှိထားသည်။ ဆူဇူကီးဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်ကို မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ခ)၌ မလေးရှား၊ ဗီယက်နမ်၊ ခြေစစ်ပွဲအောင်အသင်းတို့နှင့်အတူ ကျရောက်နေသည်။ နောက်ဆုံးအဆင့်ပွဲစဉ်များကို နိုဝင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဇွန်လဆန်းပိုင်းက လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကိုရန်ကုန်မြို့၌ ကျင်းပခဲ့ရာ တတိယနေရာရရှိခဲ့သည်။

# မန်စီးတီးတို့ စတုတ်ကို ဂိုးပြတ်နိုင်



အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၂)စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် စတုတ်စီးတီးနှင့် မန်စီးတီးတို့ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးက လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်စတုတ်အသင်းသည် ၄-၂-၃-၁ ပုံစံဖြင့်လည်းကောင်း၊ မန်စီးတီးက ၄-၁-၄-၁ ကစားကွက်ဖြင့် ပွဲထွက်လာကြသည်။ ပထမပိုင်း ၂၇ မိနစ်တွင် မန်စီးတီး ပယ်နယ်တီကန်ခွင့်ရကာ တိုက်စစ်မှူး အဂူရိုသွင်းယူခဲ့ပြီး ပွဲချိန် ၃၆ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် အဂူရိုက ခေါင်းတိုက်သွင်းယူခဲ့၍ ပထမပိုင်းအပြီးတွင် မန်စီးတီးတို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၄၉ မိနစ်တွင် စတုတ်အသင်း ပယ်နယ်တီကန်ခွင့်ပြန်လည်ရရှိ၍ ဘိုဂျန်ကာကစ်က သွင်းယူခဲ့သည်။ မန်စီးတီးအတွက် အနိုင်ဂိုးများကို နိုလီတိုက ပွဲချိန် ၈၆ မိနစ်နှင့် မိနစ် ၉၀ တွင် နှစ်ဂိုးသွင်းယူခဲ့သည်။

အခြားပွဲစဉ်များအဖြစ် ဟားလ်စီးတီးက ဆွမ်ဆီးကို နှစ်ဂိုး-ဂိုးမရှိ၊ စပါးက ပဲလေ့စ်ကို တစ်ဂိုး-ဂိုးမရှိ၊ အဲဗာတန်က ဝက်စ်ဘရွန်းကို နှစ်ဂိုး-တစ်ဂိုး၊ ဘန်လေက လီဗာပူးကို နှစ်ဂိုး-ဂိုးမရှိ၊ ချယ်လ်ဆီးက ဝက်ဖို့ဒ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူက ဆောက်သမ်တန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ **သီဟ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သဲကုန်းမြို့နယ်၊ အမှတ် (၂) ရပ်ကွက်မှ မပန်းအိခိုင်၏ ဖခင်မှာ ဦးထွန်းလှိုင်(ခ)ဦးကျော်ထူး ၇/သကန(နိုင်)၀၅၉၄၈၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွေးလှိုင်(ခ)ဦးကျော်ထူး**

## မိဘအမည်မှန်

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ အလက မှော်စီစာ၊ ပဥ္စမတန်း (B)မှ မောင်ကောင်းမြတ်စံ၏ မိဘအမည်မှန်မှာ ဦးမောင်ကြိုင်-ဒေါ်ညို ချော ဖြစ်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/9044 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

**Y.E.S.** Since 1994

ကျောင်းခွဲမရှိပါ။

ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

**International English Language Centre**

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-1:00-3:00pm 1,29 Aug
Mon to Thurs-3:00-5:00pm 1,22 Aug
Mon to Thurs-7:30-9:30am 8,29Aug,5Sep
Mon to Thurs-5:30-7:00pm 22 Aug
Sat & Sun-9:00-12:00 pm 27 Aug
Sat & Sun-12:30-3:30 pm 27 Aug
Sat & Sun-3:45-6:45 pm 27 Aug
Mon to Thurs-10:00-12:00am 29 Aug

**Pre-Intermediate English**
Mon to Thurs-10:00-12:00am 22 Aug
Mon to Thurs-1:00-3:00pm 29 Aug

**Intermediate English**
Mon to Thurs-1:00-3:00 pm 22 Aug

**Basic Writing Course**
Sat & Sun-12:30-3:30pm 27 Aug
Mon to Thurs-10:00-12:00am 29 Aug

**Vocabulary Enrichment Course**
Sat & Sun - 10:00 - 12:00 am 20 Aug
Mon to Thurs-3:30-5:00pm 29 Aug

**Grammar Foundation Course**
Mon to Thurs-10:00-12:00am 1 Aug
Sat & Sun - 9:00 - 12:00 am 6 Aug
Mon to Thurs-3:30-5:00pm 29 Aug

**Structure & Written Expression**
Sat & Sun - 12:30 - 3:30pm 20 Aug
Mon to Thurs-1:00-3:00pm 22 Aug
Mon to Thurs-5:30-7:00pm 29 Aug

**Academic Preparation For IELTS (API)**
Mon to Thurs - 10:30 - 12:30am 22 Aug

**SAT** Mon to Thurs -3:30-5:00pm 22 Aug
**IELTS**(Foundation) Mon to Thurs 5 :30 to 7pm 22 Aug
**IELTS**(Test Practice) Sat&Sun 10:30 to12:30am 20Aug
**IELTS(Speaking)** Sat&Sun 1:00to3:30pm 20 Aug

**Academic Writing Course**
Sat & Sun - 5:00 - 7:00 pm 20 Aug

**NEW SAT** Sat & Sun -5:00-7:00pm 27Aug

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

## အဆောက်အဦးများတွင် အထပ်မြင့်ကားပါကင်ထည့်သွင်းလိုသူများအတွက်သတင်းကောင်း

ဂျပန်နိုင်ငံရှိ STEEL STRUCTURE COMPANY ဖြစ်သော WATAHAN COMPANY နှင့် မြန်မာနိုင်ငံမှ ရှင်ရဲထွန်းဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် SHIN WATAHAN COMPANY ကို (J.V) တည်ထောင်၍ အထပ်မြင့်ကားပါကင်များ (EV-Parking)၊ ပြန်လည်ရွှေ့ပြောင်း၍ အသုံးပြုနိုင်သော ကားပါကင်များ (Re-Location Parking)၊ အတန်းလိုက်ရွှေ့လျားအသုံးပြုနိုင်သော ကားပါကင် (Mechanical Parking) များကို ဆောက်လုပ်ရန်နှင့် ဆောက်လုပ်ဆဲ အဆောက်အဦးပိုင်ရှင်၊ ကန်ထရိုက်တာများ၏ စိတ်တိုင်းကျ မိမိတို့အဆောက်အဦး အတွက် အသုံးပြုရန်လိုအပ်သည့် ကားစီးရေအလိုက် သင့်တော်သည့်ကားပါကင် ဒီဇိုင်းများရေးဆွဲခြင်း၊ အကြံပေးဝန်ဆောင်မှုပေးခြင်း၊ အချိန်တိုအတွင်း ကားပါကင်များ လက်ခံ ဆောက်လုပ်ပေးခြင်းများကို အချိန်နှင့်တပြေးညီ လုပ်ဆောင်ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်ကုမ္ပဏီ - SHIN WATAHAN COMPANY LIMITED
ဆက်သွယ်ရန်လိပ်စာ - No. (901), Building (C), Pearl Condo., Kabaraye Pagoda Road, Bahan Township, Yangon, Myanmar.
ဆက်သွယ်ရန်ဖုန်း - 09-970041153, 09-773273996 (MMR) + 81-80-10016787 (JPN)



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မုံရွာမြို့နယ်၊ မြေနဲကျေးရွာအုပ်စု၊ ကွင်းအမှတ် ၇၀၅၊ မြေနဲရွာမ၊ ဦးပိုင်အမှတ် ၃၆-ခ၊ ဧရိယာ ၀ ဒသမ ၂၉၀ဧကရှိ မြေကွက်ကို ဦးတင်ငွေ-ဒေါ်သန်းမြင့်တို့မှ ၁၉၈၃ ခုနှစ်တွင် ဒေါ်အုန်းခင်ထံမှ ဝယ်ယူ၍ ၁၉၈၆ ခုနှစ်တွင် နှစ်ထပ်တိုက်ဆောက်လုပ်နေထိုင်ခဲ့ကြောင်း ၁၉၉၅ ခုနှစ်တွင် ဦးတင်ငွေ ကွယ်လွန်ခဲ့ပြီး ၁၉၉၆ခုနှစ်တွင် ဦးတင်ငွေ-ဒေါ်သန်းမြင့်တို့၏ သားသမီးခြောက်ဦးအနက် ဒုတိယသမီးဖြစ်သူ မထူးမှ စီးပွားရေးလုပ်ငန်းမပြေလည်သဖြင့် ဘဏ်မှငွေချေးရန်အတွက် သမီးဖြစ်သူမထူးမှ ၄င်းအမည်ပေါက်ဂရန်လျှောက်ထားပြီး ငွေချေးယူခဲ့ကြောင်း၊ ယခုအခါ သမီးဖြစ်သူ မထူးမှ မိခင်ဖြစ်သူ ဒေါ်သန်းမြင့်အား ယင်းမြေသည် ၄င်းအမည်ပေါက်ဖြစ်၍ ၄င်းပိုင်ဆိုင်သော အိမ်ဝင်း၊ အိမ်အဆောက်အအုံများကို သားသမီးများအား ခွဲဝေမပေးနိုင်ကြောင်း ပြောဆိုသဖြင့် မထူးအမည်ပေါက်မြေဂရန်အား ပယ်ဖျက်ပေးရန် မိခင်အရင်း ဒေါ်သန်းမြင့်မှ လျှောက်ထားလာသဖြင့် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူ့ကိုမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ ပြည့်မြောက်သည့်နေ့အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်၊ တောင်ကွက်သစ်ရပ်ကွက်၊ ကွင်းအမှတ်-၁၆၊ ဦးပိုင်အမှတ်-၃၅၊ ဧရိယာဧက ၀ ဒသမ ၁၃၀ ဧက၏ မူရင်းဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် ဦးလှထွန်း ၁၃/ရစန(နိုင်) ၀၀၇၇၆၀၊ ဦးမျိုးညွန့် ၁၃/ရစန(နိုင်)၀၀၆၆၄၇ တို့မှ အမည်ပေါက် ပြန်လည်လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးလှထွန်း၊ ဦးမျိုးညွန့် မြို့ကုန်းရပ်ကွက် ရပ်စောက်**
**ဖုန်း-၀၉-၃၀၇၈၃၅၃၅၊ ၀၉-၇၇၀၁၇၆၁၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ သလ္လာရပ်ကွက်၊ အကွက်အမှတ် ၆၃၊ မိုးကောင်းအနောက်၊ ဦးပိုင်အမှတ် ၁၁/၈၅၊ ဧရိယာ ၀ဒသမ ၀၃၆ဧကရှိမြေကို မူလက ဦးမှတ်မှပိုင်ဆိုင်ခဲ့၍ ၂၉-၃-၁၉၉၀ရက်တွင် ဦးမှတ်ထံမှ ဒေါ်တင်တင်ဟန် ၅/ဒပယ(နိုင်)၀၀၃၇၈၂က အရပ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ဒေါ်တင်တင်ဟန်ထံမှ ဒေါ်ခင်သန္တာ ၅/မရန(နိုင်)၁၇၆၆၀၃မှ မှတ်ပုံတင်စာချုပ်စာတမ်းဖြင့်ဝယ်ယူ၍ နှစ်ထပ်တိုက်ဆောက်လုပ်နေထိုင်လျက်ရှိပြီး မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူ့ကိုမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ရက်ပေါင်း ၃၀ ပြည့်မြောက်သည့်နေ့အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက တောင်နီ၊ အဋ္ဌမတန်း(ခ)မှ မဝင်းသူဇာ၏ ဖခင်အမည်မှန်မှာ ဦးဘိုးကုန် ၁၃/တကန(နိုင်)၀၃၀၄၆၆ ဖြစ်ပါကြောင်း။ **ဦးဘိုးကုန်**

## အမည်ပြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ အမဲခင်ကျေးရွာနေ ဦးခင်မောင်၏သား မောင်ဇော်နိုင်ဝင်း ၁၁/ပဏတ(နိုင်)၀၇၆၅၄၈ အား မောင်ဝင်းယေဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝင်းယေ**

# ရနံ့သင်းပျံ့ သနပ်ခါးနံ့နှင့်အတူ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်



ကျောက်ပြားကို သံချောင်းစူးချွန်ဖြင့် ခပ်ဆဆထိုးထုတ်မှုကို အချိန်အဆမှန်စွာ တွေ့ရသည်။ ကျောက်ပြားအရိုင်းချပ်မှ ကျောက်အပိုင်းအစများ၊ ကျောက်မှုန်များ ထွက်ပေါ်လွင့်ကျလာသည်။ ဖြည်းဖြည်းမှန်မှန် ထွင်းနေသော ကျွမ်းကျင်သည့်လက်များ လှုပ်ရှားနေမှုအချိန်အတွင်းမှာပင် ပုံကြမ်းပေါ်လာသည်။ မြန်မာလူမျိုးတို့ အိမ်တိုင်းနီးပါးရှိ အသုံးပြုနေသည့် ကျောက်ပြင်၊ မြန်မာအမျိုးသမီးများအတွက် သနပ်ခါးလိမ်းရာတွင် မရှိမဖြစ်ကျောက်ပြင်က ကျောက်သားအရိုင်းချပ်မှ ကျောက်ပြင် ပုံကြမ်းထွက်ပေါ်လာမှုမှာ မျက်စိရှေ့မှာပင် ပြောင်းလဲမှုမြန်ဆန်စွာ ပုံပေါ် လာသည်။

ပိတောက်ခုံကွက်သစ်ကျေးရွာကို ရောက်ရှိခိုက် တစ်ရွာလုံးနီးပါးလုပ်ကိုင်နေသော ကျောက်ပြင်ပြုလုပ်နေမှုကို အချိန်ရသမျှလှည့်လာရင်း ကြည့်ရှုနေမိသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်နေသူများရှိသလို အခြားအလုပ်နှင့်တွဲဖက်လုပ်ကိုင်နေသူများလည်း ရှိသည်ဖြစ်ရာ ချမ်းသာကြွယ်ဝမှုမရှိသော်လည်း ကျေးလက်၌ အိုးမကွာ၊ အိမ်မကွာ လုပ်ကိုင်ရသဖြင့် စွဲမြဲစွာလုပ်ကိုင်နေကြသူများအတွက် ဝင်ငွေရရှိနေသည်။

ကျောက်ပြားအရိုင်းကို သံချွန်ဖြင့် ထိုးထွင်းပုံဖော်နေကြသူများက အရွယ်စုံသည်။ အမျိုးသားရော အမျိုးသမီးများပါ ပြုလုပ်နိုင်ကြသဖြင့် ထိုက်သင့်သောဝင်ငွေရသော်လည်း အားစိုက်လုပ်ရသည်များရှိသဖြင့် လူငယ်များက စိတ်ဝင်စားမှုနည်းလာသည်။ ပိတောက်ခုံကွက်သစ် ကျေးရွာ၌ပင် လူငယ်ယောကျ်ားလေးများက ကျောက်ပြင်ထွင်းထုတ်မှုကို မလုပ်ချင်ကြတော့။ အချိန်၊ အားစိုက်မှုနှင့်တူညီသော ထိုက်တန်သည့်ဝင်ငွေမျိုး လိုချင်နေကြပြီ။ လူငယ်များ မြို့တက်ကြ၊ ပြည်ပထွက်ကြနှင့် ကျောက်ပြင်လုပ်ငန်းတွင် အမျိုးသမီးများလုပ်ကိုင်မှုများလာသည်ကို သတိပြုမိသည်။

ကျောက်ပြင်ထုတ်လုပ်သည့်လုပ်ငန်းမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာအချို့၌ လုပ်ကိုင်နေကြသည်ဖြစ်ရာ ကျွန်တော်တို့ရောက်ရှိနေသော ပိတောက်ခုံကွက်သစ်ရွာလည်း ပါဝင်သည်။ ပိတောက်ခုံကွက်သစ်ရွာက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ကျေးရွာအုပ်စုအတွင်း ပါဝင်ပြီး နှစ်ပေါင်းများစွာကပင် ကျောက်ပြင်လုပ်ငန်းကို လုပ်ကိုင်နေကြခြင်းဖြစ်သည်။ ပိတောက်ခုံကွက်သစ်ရွာသားကိုကျော်ဇံက တက္ကသိုလ်တွင် ကျွန်တော်နှင့် အတန်းဖော်သူငယ်ချင်းဖြစ်ရာ ကန့်ဘလူမြို့ရောက်ခိုက် ကိုယ်တိုင်လာရောက်ခေါ်သဖြင့် သူတို့ရွာသို့ နေ့ချင်းပြန်လိုက်လာခဲ့ခြင်းဖြစ်သည်။

ကျောက်ပြားအကြမ်းမှ ကျောက်ပြင်ဖြစ်သည့်အထိ ကျောက်ပြင်အချပ်အရေအတွက်ဖြင့် လုပ်ခစားလုပ်ကိုင်သူများရှိသလို ကျောက်ပြင်များကိုဝယ်ယူကာ ဈေးကွက်သို့ တင်ပို့သူများလည်း ရှိနေသည်။ ကျောက်ပြင်ကုန်ကြမ်းများကို သယ်ယူပို့ပေးသူများရှိသလို ကိုးတောင်ဘို့ရွာမှ စစ်ကိုင်းမြို့သို့ ကုန်တင်ကားများဖြင့် တင်ပို့နေသူများလည်း ရှိသည်။ ကျောက်ပြင်ကုန်ချောများကို အထက်မြန်မာပြည် မြို့ကြီးများနှင့် အောက်မြန်မာပြည်မြို့များသို့ တင်ပို့ဖြန့်ဖြူးနေရာ ယခင်နှစ်ကာလများကဲ့သို့ ဝယ်လိုအားမကောင်းသော်လည်း ဈေးကွက်လိုအပ်ချက် ရှိနေဆဲပင်ဖြစ်သည်။

“ဟိုးမှာ မြင်ရတာ သဖန်းလျှိုတောင်ကြောပေါ့။ အဲဒီတောင်ကြောမှာ ကျောက်ပြင်လုပ်လို့ရတဲ့ ကျောက်တွေ ထွက်ရှိတယ်”ဟု ကိုကျော်ဇံက စိမ်းညို့ညို့တောင်ကြောကို လက်ညှိုးထိုးပြရင်း ပြောပြသည်။ သဖန်းလျှိုတောင်သည် ကိုးတောင်ဘို့ရွာနှင့် နှစ်မိုင်ခန့်ဝေးရာ ဒေသခံများက အလွယ်တကူသွားလာကာ ကျောက်ပြင်ပြုလုပ်သည့် ကျောက်များကို ရယူကြသည်။ ကိုးတောင်ဘို့ရွာသည်လည်း ကျောက်ပြင်ပြုလုပ်သူများ ရှိသည်။ ကျောက်ငရုတ်ဆုံ၊ ကျောက်ကျည်ပွေ့နှင့် အခြား အိမ်အသုံးအဆောင်အချို့လည်း ထုတ်လုပ်မှုရှိကြောင်း သိရသည်။

သဖန်းလျှိုတောင်ဒေသအခေါ် သွေးကျောက်ချောင်းတောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းတို့တွင်ရှိသော တောင်ကြောမှ ကျောက်ပြင်လုပ်သည့်ကျောက်များကို တူးဖော်ထားကြသည်မှာ လိုဏ်ဂူများသဖွယ် ဖြစ်ပေါ်နေသည်။ ကျောက်လိုဏ်ဂူနံရံများကို သံစို့များဖြင့်ရိုက်သွင်းကာ ကျောက်ပြားအရိုင်းချပ်များရရှိအောင် ထုတ်ယူကြသည်လည်း ရှိသည်။ တောင်ကြောပေါ်တွင် ထုတ်ယူမှုလည်း ရှိသည်။ တစ်ခါတစ်ရံလွယ်ကူသော်လည်း တစ်ခါတစ်ရံ ကျောက်ပြားတစ်ချပ်ထုတ်ယူရန် ခဲယဉ်းကာအပျက်အစီးများနေတတ်ကြောင်း သိရသည်။

**မြန်မာအမျိုးသမီးများက သနပ်ခါးနှင့်ကျောက်ပြင်ကို အသုံးပြုခဲ့ကြသည်မှာ နှစ်ပေါင်းများစွာတိုင်ခဲ့ပြီ။ စာပေများတွင် ဗိဿနိုးဘုရင်မသည် သနပ်ခါးကို သွေးပြီးလိမ်းခဲ့ကြောင်း လေ့လာမိခဲ့သလို ရာဇဓာတု ကလျာမင်းသမီးလည်း ကျောက်ပြင်ဖြင့်သွေးသောသနပ်ခါးကို နှစ်သက်မြတ်နိုးစွာ လိမ်းခဲ့ကြောင်း မှတ်သားနေမိသည်။ သနပ်ခါးနှင့် ကျောက်ပြင်သည် မြန်မာအမျိုးသမီးများအတွက် အလှအပ ခြယ်မှုန်းရာတွင်လည်းကောင်း၊ အသားအရေထိန်းသိမ်းရာတွင်လည်းကောင်း အသုံးပြုနေဆဲ၊ အိမ်တိုင်းနီးပါး တွင် မြင်တွေ့နေရဆဲပင်**

ကျောက်ပြားအကြမ်းများကို လူဖြင့်သယ်ထုတ်ကာ ကျောက်ပြင်ထုဆစ်လုပ်ရာအလုပ်ရုံသို့ ယူဆောင်ပြီး အလုပ်သမားများက ရေစိမ်ကာ နောက်နေ့တွင် ကျောက်ပြင်ချပ်များကို လူအားဖြင့် သံစူးချွန်များအသုံးပြုကာ ပြုလုပ်ထုဆစ်ကြခြင်းဖြစ်သည်။ ကျောက်ပြင်အလုပ်ရုံတစ်ခုတွင် တစ်နေ့လျှင် ကျောက်ပြင်အရွယ်အစားအလိုက် အချပ်ရေ ၇၀ ကျော်မှ ၁၀၀ကျော်အထိ ထုတ်လုပ်နိုင်ကြောင်း ကိုကျော်ဇံက ပြောပြသည်။ တချို့အလုပ်သမားဦးရေများသော အလုပ်ရုံများတွင် တစ်နေ့လျှင် ကျောက်ပြင်အရွယ်အစားမျိုးစုံ အချပ် ၁၅၀ ကျော် ထွက်ရှိသည်ဟုလည်း သိရသည်။

ကျွန်တော်တို့ရွာလယ်လမ်းအတိုင်း လျှောက်လာခဲ့ပြီး လမ်းဘေးဝဲယာနေအိမ်များကို လေ့လာကြည့်ရာ လယ်ယာလုပ်ကိုင်သူများ၊ လက်ခစားလိုက်လုပ်သူများ၏နေအိမ်များကို တွေ့ရပြီး ကျေးလက်အိမ်များဖြစ်သော်လည်း အချို့အိမ်များက သပ်သပ်ရပ်ရပ်ရှိသည်။ အိမ်အချို့ကမူ မြေစိုက်အိမ်များဖြစ်ရာ ကျေးလက်နေထိုင်မှု ဓလေ့အရ လွတ်လပ်မှုပြည့်ဝစွာနေ ထိုင်ကြသည်ကို တွေ့မြင်ခံစားရသည်။ အချို့အိမ်ရှေ့တွင် ကျောက်ပြင်ပြုလုပ်ရန် ကျောက်ပြားချပ်အကြမ်းထည်များကို တွေ့ရသည်။ ကျွန်တော်တို့ ကိုကျော်ဇံ၏မိဘများအိမ်တွင် ဝင်ရောက်နားကာ ထမင်းစားကြသည်။ ကြက်ကာလသားဘူးသီးဟင်း ၊ ငါးခြောက်ထောင်းကြော်၊ ပဲကြီးဟင်းရည်တို့ဖြင့် စားမြိန်လှသည်။ ကန့်ဘလူမြို့တွင်အနေများသော ကိုကျော်ဇံက မိဘထံ မကြာခဏလာရောက်သည်ဖြစ်ရာ ကျွန်တော်တို့ကို အလည်ခေါ်လာခြင်းဖြစ်သည်။

ကျောက်ပြင်လုပ်ငန်းလုပ်ကိုင်သူများက ကျောက်ပြင်အချောနှင့် ကျောက်ပြင်အကြမ်းများကို ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ဖြန့်ဖြူးနိုင် သောစစ်ကိုင်းသို့ တင်ပို့ပေးလျက်ရှိသည်။ ယခင်က ကျောက်တာကျေးရွာသို့ ရထားဖြင့်တင်ပို့သော်လည်း ယခုအခါ ပိတောက်ခုံကွက်သစ်ကျေးရွာ၊ ကိုးတောင်ဘို့ရွာတို့မှ စစ်ကိုင်းသို့ကုန်တင်ကားများဖြင့် တင်ပို့နေကြောင်း ကိုကျော်ဇံ၏ဖခင်ဖြစ်သူက ထမင်းစားပြီးနောက် ပြောပြသည်။

ယခင်က ကောလင်း-ရွာတောင် အစုန်ရထားဖြင့် ကျောက်ပြင်နှင့် ကုန်ကြမ်းများကို တင်ပို့ခဲ့ရာ အချိန်အကန့်အသတ်ကြောင့် အဆင်မပြေခဲ့။ ရထားရပ်ချိန်မှာ ၁၀မိနစ်ခန့်ပင်မကြာရာ အလုအယက် အပြေးအလွှား တင်ရသဖြင့် ကျောက်ပြင်နှင့်ကုန်ကြမ်းများမှာ ထိခိုက်ပျက်စီးမှုများသည်။ ကုန်ကျစရိတ်လည်း များသဖြင့် တွက်ခြေသိပ်မကိုက်ချေ။ ကိုးတောင်ဘို့ဘူတာသို့ သယ်ဆောင်ခ၊ ဘူတာတွင်ပစ္စည်းများချခ၊ ရထားပေါ် ပစ္စည်းများတင်ခ၊ ရွာတောင်ဘူတာသို့အရောက်တွင်လည်း ပစ္စည်းချသည့် အလုပ်သမားခ၊ ရွာတောင်ဘူတာမှ ကျောက်တာရွာသို့ ကားငှားခများဖြင့် ကုန်ကျစရိတ်ကမသေးလှချေ။ သို့သော် ကျောက်ပြင်လုပ်ငန်းက ဈေးကွက်မှန်မှန်ရှိနေရာ တစ်နှစ်ပတ်လုံး အလုပ်ရှိသဖြင့် ဒေသခံများက ဝင်ငွေရသောအလုပ်အဖြစ် လုပ်ကိုင်ကြကြောင်း သိရသည်။

ယခုအခါ ကိုးတောင်ဘို့ရွာမှ စစ်ကိုင်းသို့ ကုန်တင်ကားများဖြင့် ကျောက်ပြင်နှင့်ကုန်ကြမ်းများကို တိုက်ရိုက်တင်ပို့နေရာ ယခင်ကထက် ခရီးစရိတ် ထူးထူးခြားခြားသက်သာမှုမရှိသော်လည်း ကုန်ကြမ်းများ၊ ကျောက်ပြင်များ ထိခိုက်ပျက်စီးမှုနည်းကြောင်း သိရသည်။ အချိန်ကုန်သက်သာမှု၊ ကရိကထနည်းမှုများကြောင့် ကုန်တင်ကားများဖြင့် တင်ပို့နေကြခြင်းဖြစ်သည်။

ကျွန်တော်တို့ ပိတောက်ခုံကျေးရွာမှ ကိုးတောင်ဘို့ရွာသို့ ထွက်လာခဲ့ကြသည်။ ဆိုင်ကယ်ကို နှစ်ယောက်စီးသဖြင့် ခရီးကမတွင်။ မိုးရွာမှု၊ ရေတက်မှုများကြောင့် မြန်မာနိုင်ငံနေရာအများအပြားတွင် ရေဘေးဒုက္ခကြုံတွေ့ရသည်ကို ဆိုင်ကယ်နောက်တွင်စီးရင်း အတွေးရောက်သွားသည်။ မိုးခေါင်သည့်နေရာက ခေါင်ပြီး ရွာသည့်နေရာတွင် သည်းထန်စွာရွာသည်။ သောက်သုံးရေပြတ်လပ်သည့်နေရာက ပြတ်လပ်ပြီး ရေလျှံ၊ ရေနစ်မြုပ်သည့်နေရာက နစ်မြုပ်နေသည်မှာ ရာသီဥတုဖောက်ပြန်ခြင်းကို လူတိုင်းနီးပါး ကြုံတွေ့ခံစားနေရသည်။ ယခုပင် မိုးက ရုတ်တရက်ရွာချလေရာ ပါလာသောထီးကို ဖွင့်ဆောင်းလိုက်ရသည်။

မကြာမီ ကိုးတောင်ဘို့ရွာသို့ရောက်ပြီးကိုးတောင်ဘို့ ဘူတာဘက်သို့ ထွက်ခဲ့သည်။ ဘူတာတွင် လူကကျဲပါးနေသည်။ ရထားဝေးနေသဖြင့် ခရီးသည်တချို့သာ ထိုင်နေကြသည်ကို တွေ့ရသည်။ ကိုးတောင်ဘို့ဘူတာမှ ယခင်က ကျောက်ပြင်များကို တင်ခဲ့ကြရသည်။ ရထားကိုသာအဓိက အားကိုးခဲ့ကြရသော်လည်း ယခုအခါကားများဖြင့် တင်ပို့နေကြပြီဖြစ်သည်။ ကိုးတောင်ဘို့ရွာတွင် ကျောက်ပြင်အဝယ်ဒိုင် အချို့ရှိပြီး ကျောက် ပြင်နှင့်ကျောက်ကြမ်းများကို ဝယ်ယူသိုလှောင်ကာ တင်ပို့ရောင်းချကြခြင်းဖြစ်သည်။

ကျောက်ပြင်ပြုလုပ်ရာတွင် မျက်နှာပြင်အချင်း ၁၂လက်မ၊ ၉ လက်မအရွယ်အစားများ ပြုလုပ်ကြသလို အချင်း ၈လက်မ၊ ၄လက်မ အရွယ်စသည်ဖြင့် အမျိုးအစား၊အရွယ်အစားစုံ ပြုလုပ်ကြသည်။ အလုပ်ရုံတစ်ရုံက တစ်နေ့လျှင် မျက်နှာပြင်အချင်း ၁၂ လက်မအရွယ် ကျောက်ပြင်အချပ် ၇၀ ကျော်ထုတ်လုပ်နိုင်သလို ၉လက်မအရွယ် ကျောက်ပြင်က ၁၀၀ ကျော်အထိ ထုတ်လုပ်နိုင်သည်။ ထွက်ရှိလာသောကျောက်၏ပြင်များကို ၁၀ချပ်စီချည်နှောင်ကာ ကိုးတောင်ဘို့ဘူတာမှ တစ်ဆင့် ရထားဖြင့် တင်ပို့ခြင်းဖြစ်သည်။ ယခု ကျွန်တော်တို့ ရောက်ချိန်တွင် ဘူတာအတွင်း တိတ်ဆိတ်ငြိမ်သက်လျက်။

ကျွန်တော်တို့ ကိုးတောင်ဘို့ရွာအတွင်း လှည့်လည် ကြည့်ရှုပြီးနောက် ပြန်ထွက်လာခဲ့သည်။ မြန်မာအမျိုးသမီးများက သနပ်ခါးနှင့်ကျောက်ပြင်ကို အသုံးပြုခဲ့ကြသည်မှာ နှစ်ပေါင်းများစွာတိုင်ခဲ့ပြီ။ စာပေများတွင် ဗိဿနိုးဘုရင်မသည် သနပ်ခါးကိုသွေးပြီးလိမ်းခဲ့ကြောင်း လေ့လာမိခဲ့သလို ရာဇဓာတု ကလျာမင်းသမီးလည်း ကျောက်ပြင်ဖြင့်သွေးသောသနပ်ခါးကို နှစ်သက်မြတ်နိုးစွာ လိမ်းခဲ့ကြောင်း မှတ်သားနေမိသည်။ သနပ်ခါးနှင့် ကျောက်ပြင်သည် မြန်မာအမျိုးသမီးများအတွက် အလှအပ ခြယ်မှုန်းရာတွင်လည်းကောင်း၊ အသားအရေထိန်းသိမ်းရာတွင်လည်းကောင်း အသုံးပြုနေဆဲ၊ အိမ်တိုင်းနီးပါး တွင် မြင်တွေ့နေရဆဲပင်။

သို့သော်လည်း ပြည်ပမှ မိတ်ကပ်နှင့် အလှကုန်ပစ္စည်းများက ထုပ်ပိုးမှုလှလှ၊ ကြော်ငြာအားကောင်းကောင်းဖြင့် အရှိန်ပြင်းပြင်း ထိုးဖောက်လာမှုက မြန်မာ့သနပ်ခါးနှင့် ကျောက်ပြင်နေရာကို အိမ်တိုင်း၌ ဝင်လုနေသကဲ့သို့ ဖြစ်နေပြီဟုတွေးရင်း စိတ်မောနေမိသည်။ သနပ်ခါးသွေးပြီးလိမ်းနိုင်သည့် ကျောက်ပြင်တစ်ချပ်ဖြစ်ရန် တောင်ကြောမှ သဲကျောက်ပြားကို ထုတ်ယူရ၊ သံစူးချွန်ဖြင့်ထွင်းထုရ၊ မျက်နှာပြင်ပုံဖော်ရ၊ ရေဆေးရဖြင့် လူလုပ်အားသက်သက်၊ လက်မှုပညာသက်သက်ဖြင့် အချိန်ပေးပြုလုပ်ရသည့်မြင်ကွင်းက အပြန်လမ်းတစ်လျှောက် အတွေးထဲကမထွက်။ လေအဝှေ့တွင်ကျောက်ပြင်ဖြင့် သွေးထားသော သနပ်ခါးရနံ့က အနီးဝန်းကျင်၌ ထုံသင်းပျံ့နှံ့လာသကဲ့သို့ပင်။ ။



# ဝါကျတွင်း အစပ်အဟပ်

**မောင်ခင်မင်(ဓနုဖြူ)**

"ဘဘ ပြောပြလို့ ဝါကျတွေမှာ ပုဒ်အထားအသိုနေရာမကျရင် အဓိပ္ပာယ်ရှုပ်သွားတတ်တဲ့ ပြဿနာတွေ တော်တော်သိသွားပါပြီ ။ ကျေးဇူးတင်ပါတယ်ဘဘ"

"ဘဘကလည်း သတိထားမိတာကလေးတွေ ပြောရတာပါ ။ စကားလုံးတစ်လုံးထက်ပိုပြီး တွဲစပ်လိုက်ပြီဆိုတာနဲ့ အဓိပ္ပာယ်မရှင်းမရှင်း ဖြစ်တတ်တာမျိုးတွေ ပေါ်လာတတ်တာမို့ သတိထားရတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ စကားလုံးတွေတွဲလိုက်ရင် အဓိပ္ပာယ်ရှုပ်သွားသလား၊ ရှုပ်မသွားဘူးလား သတိထားရမယ်ဆိုလို့ သမီးသတိထားမိတာကလေး တစ်ခုပြောပြချင်ပါတယ်"

"ပြောလေ"

"အလုပ်အကိုင်ကိုဖော်ပြတဲ့ အကြောင်းကလေးပါ။ ရေးထားတာက 'ဂျပန်ကျောင်းဆရာ ' တဲ့ ဘဘ။ သမီးက အဲဒီအကြောင်းရဲ့ အဓိပ္ပာယ်နှစ်မျိုးဖြစ်နေတယ်လို့ ထင်ပါတယ်"

"ဘယ်လိုလဲ သမီးရဲ့"

"' ဂျပန်ကျောင်းဆရာ ' ဆိုတာမှာ 'ဂျပန် ' နဲ့ 'ကျောင်းဆရာ' လို့ခွဲပြီး စဉ်းစားရင် ဂျပန်လူမျိုး ကျောင်းဆရာလို့ အဓိပ္ပာယ်ရမယ်ထင်ပါတယ်"

"ဟုတ်ပြီ"

"အဲ့... 'ဂျပန်ကျောင်း' နဲ့ 'ဆရာ'လို့ခွဲပြီး စဉ်းစားရင်တော့ ဂျပန်ဘာသာသင်တဲ့ကျောင်းမှာ သင်တဲ့ဆရာလို့ အဓိပ္ပာယ်ရမှာပါ။ ဘာလူမျိုးလဲတော့ မသိဘူးပေါ့။ ဂျပန်ဖြစ်ချင်လည်းဖြစ်မယ်၊ တခြားလူမျိုးဖြစ်ချင်လည်း ဖြစ်မယ်ပေါ့"

"သမီးတော်တယ်ကွယ်။သမီးပြောတာဟုတ်ပါတယ်။ အဲဒီလိုအဓိပ္ပာယ်နှစ်ခွထွက်တဲ့ စာမျိုးမဖြစ်အောင် ဂရုစိုက်ရေးရမှာပေါ့ ။ ကဲ... သမီးဆိုရင် ဘယ်လိုရေးမှာလဲ"

"ဟုတ်ကဲ့။ ပထမအဓိပ္ပာယ်ဆိုရင် 'ဂျပန်လူမျိုးကျောင်းဆရာ' လို့ ရေးပါ့မယ် ။ ဒုတိယအဓိပ္ပာယ်ဆိုရင် 'ဂျပန်စကားကျောင်းကဆရာ' ၊ 'ဂျပန်စကားသင်တန်းမှာ သင်တဲ့ဆရာ'ဆိုတာမျိုး ရှင်းအောင်ရေးရမယ် ထင်ပါတယ်ဘဘ"

"ဟုတ်ပါပြီ။ သမီးပြောလို့ ဘဘလည်း အဲဒီလို အရေးအသားတစ်ခု မကြာခင်ကတွေ့ခဲ့သေးတယ်။ ကျမ်းပြုမယ့်သူတစ်ယောက်က သူ့ကျမ်းခေါင်းစဉ်ကိုရေးထားတာလေ။ ' သိန်းဖေမြင့်၏အတ္ထုပ္ပတ္တိ ရေးဟန်' တဲ့"

"ဟုတ်ကဲ့ပါ"

"သမီးစဉ်းစားကြည့်လေ။ ဒီခေါင်းစဉ်အရဆိုရင် သိန်းဖေမြင့်ရဲ့ အတ္ထုပ္ပတ္တိကို တခြားစာရေးဆရာတစ်ယောက်ကရေးတဲ့ ရေးဟန်လို့လည်း အဓိပ္ပာယ်ရနိုင်တယ်။ တခြားလူတွေရဲ့ အတ္ထုပ္ပတ္တိတွေကို သိန်းဖေမြင့်က ဘယ်လိုရေးတယ်ဆိုတဲ့ ရေးဟန်ကိုဆိုလိုတာလို့လည်း အဓိပ္ပာယ်ရနိုင်တယ်လေ။ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘဘ။ သိန်းဖေမြင့်နဲ့ အတ္ထုပ္ပတ္တိကိုတွဲရင်တစ်မျိုး၊ အတ္ထုပ္ပတ္တိနဲ့ ရေးဟန်ကိုတွဲရင် တစ်မျိုး အဓိပ္ပာယ်ရမှာပါ"

"ဟုတ်တယ်။ သူ့ကိုမေးကြည့်တော့ ဦးသိန်းဖေမြင့်က ဆရာလွန်းအတ္ထုပ္ပတ္တိတို့၊ ဇာတ်မင်းသားကြီး ဦးဖိုးစိန် အတ္ထုပ္ပတ္တိတို့လည်း ရေးတယ်။ သူ့အကြောင်း သူပြန်ရေးတဲ့ 'ကျွန်တော်၏ အချစ်ဦး' တို့၊ 'တက်ခေတ်တက်လူတက်ဘုန်းကြီးသိန်းဖေ' တို့လို ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွေလည်းရှိတယ်။ အဲဒီအတ္ထုပ္ပတ္တိတွေကို ဦးသိန်းဖေမြင့်က ဘယ်လိုရေးတယ်ဆိုတဲ့ ရေးဟန်ကို သုတေသနလုပ်မှာလို့ သိရတယ်"

"ဟုတ်ကဲ့ပါ"

"ဒါကြောင့်၊ ဘဘက 'သိန်းဖေမြင့်ရေးသားသော အတ္ထုပ္ပတ္တိ ... ၏ ရေးဟန်'လို့ ပြင်ဖို့ အကြံပေးခဲ့တယ်"

"ဟုတ်ကဲ့၊ တကယ်လို့ ဦးသိန်းဖေမြင့်ရဲ့အတ္ထုပ္ပတ္တိကို တခြားစာရေးဆရာက ရေးဟန်ကို ဆိုလိုတယ်ဆိုရင် ခေါင်းစဉ်ကို ဘယ်လိုပေးမလဲ ဘဘ"

"အင်း... ဒီလိုဆိုရင်တော့ 'သိန်းဖေမြင့် အတ္ထုပ္ပတ္တိ၏ ရေးဟန်' ဆိုတာမျိုး ခေါင်းစဉ်တပ်ရမှာပေါ့ကွယ်"

"ဒီလိုအဓိပ္ပာယ်နှစ်ခွထွက်ရတဲ့ အကြောင်းက စကားတစ်ခုဟာ ရှေ့ကစကားနဲ့လည်း တွဲလို့ရတယ်၊ နောက်ကစကားနဲ့လည်း တွဲလို့ရတယ်ဆိုတာမျိုး ဖြစ်နေတော့ တွဲပုံကိုလိုက်ပြီး အဓိပ္ပာယ်တစ်မျိုးစီထွက်နေတာကြောင့် ဖြစ်မယ်နော် ဘဘ"

"ဟုတ်ပါတယ်ကွယ်။ အဲဒါကြောင့် ကွဲကွဲပြားပြားဖြစ်အောင်ရေးဖို့ လိုတာပေါ့။ ဝါကျတစ်ခုထဲက စကားတွေ ရှေ့နောက် အစပ်အဟပ်မတည့်ရင်လည်း အဓိပ္ပာယ်ရှုပ်ထွေးသွားတတ်တာမျိုးရှိသေးတယ်ကွဲ့"

"ဟင်... ဘယ်လိုဟာမျိုးလည်း ဘဘ"

"ကဲ... ဘဘက နမူနာတစ်ခုပြမယ်။ 'လယ်သမားများ၊ ကျောင်းသားများ၊ ကုန်သည်များသည် ပညာသင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လယ်လုပ်ခြင်းတို့ကို အသီးသီး ဆောင်ရွက်ကြသည်'ဆိုတဲ့ ဝါကျဆိုပါတော့။ ခြုံပြီးကြည့်ရင်တော့ မှန်သလိုလိုပဲ။ ဒါပေမယ့် တစ်ခုချင်းအဓိပ္ပာယ်ကောက်ရင်တော့ ရှုပ်သွားရောလေ"

"ဘာဖြစ်လို့လဲဟင် ဘဘ"

"အဲဒီဝါကျမှာရှေ့ပိုင်းနဲ့ နောက်ပိုင်း အချိတ်အဆက်ရှိတယ်လေ။ ရှေ့ပိုင်းက လူသုံးမျိုး၊ နောက်ပိုင်းက အဲဒီလူတွေလုပ်တဲ့ အလုပ်သုံးမျိုးကို ဖော်ပြထားတယ်။ ကဲ...အဓိပ္ပာယ်ကောက်ရင် ဘယ်လိုကောက်ရမလဲ"

"ရှေ့နောက်အစီအစဉ်အတိုင်း ကောက်ရမယ်ထင်ပါတယ်"

"ဟုတ်တယ်လေ။ အစီအစဉ်အတိုင်းကောက်ရမှာပေါ့။ ကဲ သမီးပဲ အဓိပ္ပာယ်ကောက်ကြည့်ပါဦး"

"ဟာ... ဘဘ၊ ဒီအတိုင်းဆိုရင် လယ်သမားက ပညာသင်တယ်၊ ကျောင်းသားက ရောင်းဝယ်တယ်၊ ကုန်သည်က လယ်လုပ်တယ်လို့ အဓိပ္ပာယ်ကောက်ရမလိုဖြစ်နေတာပေါ့"

"ဒါကြောင့် ဘဘပြောတာလေ။ ဝါကျတစ်ခုလုံးခြုံကြည့်ရင် လူသုံးယောက်က သူ့အလုပ်သူလုပ်တာကိုရေးထားတာမှန်ပေမယ့် အစဉ်အတိုင်းတော့လည်း သမီးပြောသလိုပဲ အစပ်အဟပ်တွေလွဲကုန်ရောလေ။ ဒီတော့ ရှေ့နောက်အစပ်အဟပ်တည့်အောင် ဘယ်လိုရေးမလဲ"

"ဟုတ်ကဲ့၊ 'လယ်သမားများ၊ ကျောင်းသားများ၊ ကုန်သည်များသည် လယ်လုပ်ခြင်း၊ ပညာသင်ခြင်း၊ ကုန်သွယ်ခြင်းတို့ကို အသီးသီးဆောင် ရွက်ကြသည်'လို့ ရေးမှမှန်မှာပါ ဘဘ"

"ဟုတ်ပါတယ်။ 'မြစ်ကြီးနားမြို့ တောင်ကြီးမြို့ စစ်တွေမြို့တို့သည် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့၏ မြို့တော်များဖြစ်ကြသည်' ဆိုတာမျိုး တချို့ရောနှောပြီးရေးတတ်ကြတယ်။ အစဉ်အတိုင်း အဓိပ္ပာယ်ကောက်ရင် တလွဲတွေဖြစ်ကုန်ရောလေ။ ဒီတော့ 'မြစ်ကြီးနားမြို့ တောင်ကြီးမြို့ စစ်တွေမြို့တို့သည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့၏ မြို့တော်များဖြစ်ကြသည်လို့ ရေးမှအစပ်အဟပ်တည့်မှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ရှေ့နောက်အစပ်အဟပ်အကြောင်းပြောရင်းနဲ့ ဘဘတို့ငယ်ငယ်တုန်းက နာမည်ကြီးတဲ့ ရွှေမန်းတင်မောင်ရဲ့ 'အောင်ပါစေ' သီချင်းထဲက အပိုဒ်ကလေးတစ်ခုသတိရတယ်"

"ဆိုပြပါ ဘဘ"

"ဘဘဆိုမပြတတ်ပါဘူးကွယ်။ သီချင်းစာသား အစပ်အဟပ်ကလေးကို နမူနာအနေနဲ့ ပြောပြချင်လို့ပါ။ သမီးလည်း ကြားဖူးမယ်ထင်ပါရဲ့။ 'စီးပွားရေးရယ် ကြီးပွားရေးရယ် သမီးရည်းစားရေး အောင်ပါစေ' ဆိုတာလေ"

"ကြားဖူးပါတယ်ဘဘ"

"အဲဒီစာသားကလေးကို နားစွဲရတဲ့အကြောင်းတစ်ခုက 'စီးပွားရေး၊ ကြီးပွားရေး၊ သမီးရည်းစားရေး' ဆိုပြီး ပုံစံတူ 'ရေး'နဲ့ဆုံးတဲ့ စကားကလေးတွေ ဆက်စပ်ဟပ်ထားလို့ပဲကွဲ့"

"ဟုတ်ကဲ့ပါ"

"ပုံစံတူကလေးတွေစပ်ဟပ်ကာထားတော့ ပြေပြစ်တာပေါ့။ အဲဒီစာသားကို 'စီးပွားရေး၊ ကြီးပွားခြင်း၊ သမီးရည်းစားကိစ္စ' လို့ ပြောင်းလိုက်ရင် အဓိပ္ပာယ်က အတူတူပေမယ့် အစပ်အဟပ်ပြေပြစ်တယ်လို့ မခံစားရသလိုပဲလေ"

"ဟုတ်ကဲ့ဘဘ"

"အဲဒီလိုပဲ၊ 'လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ခြင်း' ဆိုပြီး 'ခြင်း'တွေနဲ့ အဆုံးသတ်တာမျိုး ၊'ခြားနားချက်၊ ဖြေရှင်းချက်၊ ဆုံးဖြတ်ချက်'ဆိုပြီး 'ချက်'တွေနဲ့ အဆုံးသတ်တာမျိုး၊ အဲဒီလိုပုံစံတူ စကားကလေးတွေသုံးရင် အစီအစဉ် အစပ်အဟပ်တည့်တာပေါ့ကွယ်။ 'လွတ်လပ်ရေး၊ ညီမျှမှု၊ ချစ်ကြည်ခြင်း'ဆိုပြီး အဆုံးသတ်တွေ မတူအောင် ရေးလို့လည်း ဖြစ်ပါတယ်။ မမှားပါဘူး...။ ဒါပေမယ့် အထူးသဖြင့် သဘောချင်းတူတဲ့ အချက်တွေကို အဲဒီလိုပုံစံတူ စကားကလေးတွေနဲ့ ရေးရင်တော့ အစပ်အဟပ်ပြေပြစ်ပြီး မှတ်မိလွယ် တာပေါ့ကွယ်။ ကဲ... နားကြဦးစို့"

"ဟုတ်ကဲ့ပါဘဘ"

# ဗိုင်းရပ်စ်ပိုးများသည် နံနက်ခင်းအချိန်တွင် သာမန်ထက် ပိုမိုအန္တရာယ်ကြီးမား

**ကလျာမိုးမြင့်**

နံနက်ခင်းအချိန်မှာ ရောဂါပိုးမွှား ကူးစက်ဝင်ရောက်မှုဟာ တခြားသော အချိန်တွေထက် အန္တရာယ်ကြီးမားတယ်လို့ ကိန်းဘရစ်ချ်တက္ကသိုလ်မှာ လေ့လာသူတွေက ပြောဆိုနေကြပါတယ်။

နံနက်ခင်းအချိန် ရောဂါပိုးမွှားဟာ လူ့ကိုယ်ခန္ဓာထဲ ဝင်ရောက်ခဲ့မယ်ဆိုရင် ဗိုင်းရပ်စ်တွေဟာသာမန်အချိန်တွေထက် ရောဂါဖြစ်ပွားမှု ၁၀ ဆလွန်ကဲစေတယ်လို့ တွေ့ရှိခဲ့ပါတယ်။ ဒါ့အပြင် အနေအထိုင် အစားအသောက်မမှန်ခြင်းနဲ့ အားအင်ကုန်ခန်းနွမ်းနယ်ခြင်းကလည်း ခန္ဓာကိုယ်လည်ပတ်မှုယန္တရားကို ဖရိုဖရဲဖြစ်စေနိုင်တာကြောင့်ဒီလိုအချိန်မျိုးမှာ ရောဂါဖြစ်ဖို့ သိပ်ကိုလွယ်ကူပါတယ်။

တိရစ္ဆာန်တွေကို လေ့လာရာက တွေ့ရှိခဲ့တဲ့ ဒီစမ်းသပ်မှုဟာ ကမ္ဘာအနှံ့မှာ ဖြစ်ပွားနေတဲ့ ရောဂါတွေကို ရပ်တန့်စေမယ့် နည်းလမ်းသစ်တွေဆီကို ဦးဆောင်လမ်းပြနိုင်လိမ့်မယ်လို့ သုတေသီတွေကဆိုပါတယ်။ ဗက်တီးရီးယား (သို့မဟုတ်) ကပ်ပါးပိုးမွှားတွေနဲ့ မတူညီတဲ့အချက်က ဗိုင်းရပ်စ်ပိုးတွေဟာ ဆဲလ်အတွင်းပိုင်း လည်ပတ်မှု လမ်းကြောင်းပြောင်းလဲသွားခြင်းအပေါ် လုံးဝမှုတည်နေပါတယ်။


ဒါပေမယ့် ဒီဆဲလ်တွေ ရုတ်တရက်ပြောင်းလဲခြင်းက ခန္ဓာကိုယ်ယန္တရားလည်ပတ်မှုစနစ်ရဲ့ တစ်စိတ်တစ်ဒေသပဲဖြစ်ပါတယ်။ သင့်ခန္ဓာကိုယ်မှာ ဘာတွေဖြစ်ပျက်နေသလဲဆိုတာကို ခုပဲလေ့လာကြည့်ကြရအောင်။

စမ်းသပ်လေ့လာမှုအတွင်းမှာ ကြွက်တွေကို တုပ်ကွေးရောဂါဖြစ်စေတဲ့ တုပ်ကွေးဗိုင်းရပ်စ်နဲ့ ပါးစပ်မှာဖြစ်တတ်တဲ့ အနာတွေအပါအဝင် ရောဂါတော်တော်များများကို ဖြစ်စေနိုင်တဲ့ ရေယုန်ဗိုင်းရပ်စ်တွေကို ကူးစက်စေခဲ့ပါတယ်။ ဒီလိုစမ်းသပ်လိုက်တော့ နံနက်ပိုင်းမှာ ရောဂါကူးစက်ခံရတဲ့ ကြွက်တွေမှာ ရောဂါဖြစ်ပွားမှုနှုန်းဟာ ညနေခင်းမှာ ကူးစက်ခံရတဲ့ကြွက်တွေထက် ၁၀ ဆမြင့်မားတာကို တွေ့ရှိခဲ့ရပါတယ်။

ဒါဟာ အတော်လေးကြီးမားတဲ့ ခြားနားချက်ပဲလို့ သုတေသီ ပရော့ဖ်အာခီလက်ရှ်ရယ်ဒီက ပြောခဲ့ပါတယ်။ ဗိုင်းရပ်စ်တွေ အလုပ်လုပ်ဖို့က သူ့အချိန်နဲ့သူ လုပ်ဆောင်မယ့်အင်္ဂါအစုအဝေးလိုအပ်ပါတယ်။

နောက်ထပ် လေ့လာစမ်းသပ်မှုတွေက တိရစ္ဆာန်ရဲ့ ဇီဝယန္တရားလည်ပတ်မှုကို ကြားဖြတ်နှောင့်ယှက်လိုက်တဲ့အခါ ဗိုင်းရပ်စ်ပိုးတွေဝင်ရောက်ဖို့ ခွင့်ပြုလိုက်တဲ့အခြေအနေမျိုး ရောက်သူတွေကို နံနက်ပိုင်းဟာ ဗိုင်းရပ်စ်ကို အသုံးချတဲ့ ပြင်ပအကြောင်းတရားတွေကြောင့် ပိုပြီးအန္တရာယ်ဖြစ်စေတယ်လို့ ထင်မြင်ယူဆစေခဲ့ပါတယ်။

လူ့ခန္ဓာကိုယ်အတွင်း လုပ်ဆောင်မှုတွေကို ညွှန်ကြားတဲ့ gene တွေရဲ့ ၁၀ ရာခိုင်နှုန်းဟာ တစ်နေ့တာလုံးရဲ့



သွားကြောင်း ဖော်ပြနေပါတယ်။

ဒီလ ညဘက်တွေမှာ အလုပ်ဆင်းလိုက်၊ နောက်တစ်လ ညဘက်အနားယူပြီး နေ့ဘက်ဆင်းလိုက်နဲ့ အလုပ်ချိန်အမျိုးမျိုးပြောင်းနေရတဲ့ အလုပ်သမားတွေမှာ ခန္ဓာကိုယ်လည်ပတ်မှုစနစ်တွေဟာလည်း ကမောက်ကမဖြစ်ကုန်တာမို့ ရောဂါဖြစ်ပွားဖို့ ပိုပြီးအလားအလာများတယ်လို့ ဒေါက်တာရေချယ် အက်ဂါကရှင်းပြခဲ့ပါတယ်။ ဒီစမ်းသပ်မှုမှာ လေ့လာသူတွေက ဗိုင်းရပ်စ်နှစ်မျိုးကို အသုံးပြုခဲ့ကြတာပါ။ စမ်းသပ်မှုမှာ DNA ဗိုင်းရပ်စ်နဲ့ RNA ဗိုင်းရပ်စ်ဆိုတဲ့ ဗိုင်းရပ်စ်အတွဲတစ်ခုပါဝင်နေပြီး ဒီဗိုင်းရပ်စ်နှစ်ခုက လေ့လာကိုယ်တွင်းဆောင်ရွက်မှုတွေကို ပြောင်းလဲစေနိုင်ပါတယ်။ Bmal 1 လို့ အမည်ပေးထားတဲ့ gene ကို အဓိကထားပြီး သုတေသနပြုလိုက်တော့ ကြွက်တွေနဲ့ လူတွေမှာ ဒီ gene ဟာ နေ့လယ်ခင်းအချိန်မှာ အစွမ်းကုန်အလုပ်လုပ်ဆောင်တယ်လို့ သိရပါတယ်။

ဒါပေမယ့် Bmal 1 ဟာ ဆောင်းရာသီကာလအတွင်းမှာ တက်ကြွလှုပ်ရှားမှုနည်းတာကြောင့် နှစ်တစ်နှစ်ရဲ့ အဲဒီအချိန်မှာ ရောဂါပိုးကူးစက်ဝင်ရောက်မှု အန္တရာယ်ပိုကြီးတယ်လို့ ယူဆခဲ့ခြင်းဖြစ်ပါတယ်။

**(ဘီဘီစီ)**

**ဒီလ ညဘက်တွေမှာ အလုပ်ဆင်းလိုက်၊ နောက်တစ်လ ညဘက်အနားယူပြီး နေ့ဘက်ဆင်းလိုက်နဲ့ အလုပ်ချိန်အမျိုးမျိုး ပြောင်းနေရတဲ့ အလုပ်သမားတွေမှာ ခန္ဓာကိုယ်လည်ပတ်မှု စနစ်တွေဟာလည်း ကမောက်ကမ ဖြစ်ကုန်တာမို့ ရောဂါဖြစ်ပွားဖို့ ပိုပြီး အလားအလာများ**



မြန် မာ့ ရိုး ရာ အား က စား

# နိုင်ငံတဝန်း ရိုးရာလက်ဝှေ့အမွေကိုဆက်ခံမယ့် ရွက်ပုန်းသီးမျိုးဆက်သစ်လူငယ်များ ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲမှ ပေါ်ထွက်ခွင့်ရတော့မည်လား

**သတင်းဆောင်းပါး-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

**ရိုး**ရာလက်ဝှေ့လောကမှ ရန်ကုန်မြို့တွင် ငါးနှစ်ကျော်ကြာ ရပ်နားထားခဲ့တဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း ရိုးရာလက်ဝှေ့အမွေကိုဆက်ခံမယ့် ရွက်ပုန်းသီး ရိုးရာလက်ဝှေ့မျိုးဆက်သစ်များ(သို့မဟုတ်)ကန့်လန့်ကာနောက်ကွယ်မှ ပုန်းလျှိုးနေရတဲ့ မျိုးဆက်သစ်လက်ဝှေ့လူစွမ်းကောင်းများ စွမ်းရည်ပြသခွင့်နှင့်အတူ ပေါ်ထွက်ခွင့်ရကြတော့မှာဖြစ်ပါတယ်။ တကယ်တော့ ရိုးရာလက်ဝှေ့ဟာ အခြား အားကစားနည်းများနှင့်မတူ တစ်မူ ကွဲပြားနေတာကတော့ မျိုးဆက်သစ်ပြဿနာ ဖြစ်ပါတယ်။ လက်ဝှေ့ အားကစားနည်းဟာ အားကစားသမား ဘယ်လောက်ကောင်းနေနေ၊ ဘယ်လောက်တော်နေနေ တခြားအားကစားနည်းများကဲ့သို့ နှစ်ရှည်လများ ရပ်တည်သွားနိုင်စွမ်းမရှိတာကိုတော့ ရိုးရာလက်ဝှေ့ ချစ်ပရိသတ်များ သဘောပေါက်နားလည်ပြီးသားဖြစ်မှာပါ။ ဒါ့ကြောင့်ဆယ်စုနှစ်ကျော်ကတည်းက ရွက်ပုန်းသီး မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်များ ပေါ်ထွန်းရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက စီစဉ်ပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က နှစ်စဉ်ကျင်းပခဲ့သော ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။



၅၄ ကီလိုတန်း(ဘင်တန်ဝိတ်တန်း)တွင် ယှဉ်ပြိုင်ကစားမည့် နဂါးမာန်ကလပ်မှ တိုးလုံ။

ရန်ကုန်မြို့မှာ ငါးနှစ်ကျော်ကြာရပ်နားခဲ့တဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံမှာ ယခု ဩဂုတ် ၂၄ ရက်ကနေ ဩဂုတ် ၃၁ ရက်အထိ ရှစ်ရက်ကြာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။ ဒီနှစ်ကျင်းပမယ့်ပြိုင်ပွဲကတော့ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် (၁၄)ကြိမ်မြောက်ပြိုင်ပွဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်မှစတင်ကာ ရန်ကုန်မြို့တွင် ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ အဲဒီနောက်ပိုင်း (၂၇)ကြိမ်မြောက်အိမ်ရှင်ဆီးဂိမ်းအပါအဝင် အကြောင်းအမျိုးမျိုးတို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် နားခဲ့တာ ငါးနှစ် ကျော်ခဲ့ပြီဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်တုန်းကတော့ ကရင်ပြည်နယ်မှာ ဝန်ကြီးချုပ်ဒိုင်းပြိုင်ပွဲအဖြစ် ကျင်းပခဲ့ပြီး ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ကတော့ အမျိုးသားအားကစားပွဲတော် ရှိခဲ့တဲ့အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ကျင်းပနိုင်ခဲ့ခြင်းမရှိပါဘူး။ ယခုနှစ်(၁၄)ကြိမ်မြောက်မှ ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနက ဦးဆောင်ကာ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ် ကျင်းပပေးခြင်းဖြစ်ပါတယ်။

ယခုနှစ်ကျင်းပမယ့် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာလက်ဝှေ့ပြိုင်ပွဲမှာ ထည့်သွင်းထားတဲ့ ပြိုင်ပွဲဝင်အမျိုးအစားတွေကတော့ (က)အဆင့်၊ (ခ)အဆင့်၊ (ဂ)အဆင့်နဲ့ ရွက်ပုန်းသီးမျိုးဆက်သစ်များပေါ်ထွက်စေမယ့် လူသစ်တန်းပြိုင်ပွဲဆိုပြီးတော့ လေးတန်း ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်လိုတဲ့ပြည်နယ်နှင့် တိုင်းဒေသကြီးတွေအနေနဲ့ အဲဒီအမျိုးအစားလေးမျိုးမှာ တစ်မျိုးလျှင် အားကစားသမား ကိုးဦးစီ ဝင်ရောက်ယှဉ်ပြိုင်နိုင် မှာဖြစ်ပါတယ်။ သတ်မှတ် အဆင့်တိုင်းမှာ ဝိတ်တန်းအနေနဲ့ ကိုးတန်းသတ်မှတ်ပေးထားတာဖြစ်ပါတယ်။ ယင်းပြိုင်ပွဲ ဝင်အမျိုးအစား အဆင့်လေးဆင့်တိုင်းမှာ ပါဝင်ထည့်သွင်းထားတဲ့ သတ်မှတ် ဝိတ်တန်း ကိုးတန်းကတော့ လိုက်ဖလိုင်းဝိတ်တန်း ကီလို ၄၅ အ ထက် မှ ၄၈ အထိ၊ ဖလိုင်းဝိတ်တန်း ကီလို ၄၈ အထက်မှ ၅၁ အထိ၊ ဘင်တန်ဝိတ်တန်း ကီလို ၅၁ အထက်မှ ၅၄ အထိ၊ ဖယ်သာဝိတ်တန်း ကီလို ၅၄ အထက်မှ ၅၇ အထိ၊ လိုက်ဝိတ်တန်း ကီလို ၅၇ အထက်မှ ၆၀အထိ၊ လိုက်ဝယ်တာဝိတ်တန်း ကီလို ၆၀ အထက်မှ ၆၃ ဒသမ ၅ ကီလိုအထိ၊ ဝယ်တာဝိတ်တန်း ကီလို ၆၃ ဒသမ၅ ကီလို အထက်မှ ၆၇ ကီလိုအထိ၊ လိုက်မစ်ဒယ်ဝိတ် တန်း ၆၇ ကီလိုအထက်မှ ၇၁ ကီလိုအထိ၊ မစ်ဒယ်ဝိတ်တန်းမှာ ၇၁ ကီလိုအထက်မှ ၇၅ ကီလိုအထိ သတ်မှတ်ထားတာဖြစ်ပါတယ်။

သတ်မှတ်အဆင့်လေးဆင့်မှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်တဲ့ အားကစားသမားတွေအနေနဲ့ကတော့ (က)အဆင့်လေးချီပြိုင်ပွဲတန်းမှာ ပထမရသူများ ပါဝင်ခွင့်ပြုထားပြီး ရွှေခါးပတ် ချန်ပီယံများနှင့် ဒင်္ဂုံရွှေအောင်လံဆုရှင်များ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမှာမဟုတ်ပါဘူး။ အလားတူ (ခ)အဆင့်မှာလဲ ငါးချီစိန်ခေါ်ထိုးသတ်ဖူးသော လက်ဝှေ့သမားများမှအပ ကျန်လေးချီ၊ သုံးချီစိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ဖူးသူများ ယှဉ်ပြိုင်ခွင့်ရမှာဖြစ်ပါတယ်။ (ဂ)အဆင့်ပြိုင်ပွဲမှာတော့ သုံးချီပြိုင်ပွဲများမှာ ဆုရရှိဖူးသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမှာမဟုတ်ဘဲ (ခ) အဆင့် မထိုးဖူးသူများသာ ဝင်ရောက်ယှဉ်ပြိုင် ခွင့်ပြုသွားမှာဖြစ်ပြီး နောက်ဆုံး လူသစ်တန်း ပြိုင်ပွဲမှာတော့ မျိုးဆက်သစ်ရွက်ပုန်းသီး မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ငါးချီ စိန်ခေါ်ပွဲ၊ လေးချီစိန်ခေါ်ပွဲနှင့် တရားဝင်ပြိုင်ပွဲကြီးများမှာ ထိုးဖူးသူများ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမှာမဟုတ်ကြောင်း အပြိုင်ပွဲ ဦးဆောင် ကျင်းပတဲ့ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရပါတယ်။

ဒီပြိုင်ပွဲက ပြောရရင် မလုပ်ဖြစ်တာတော့ ကြာပြီ။ ၂၀၁၁ ခုနှစ်နောက်ပိုင်းပေါ့။ ဒီကြားထဲမှာ ၂၀၁၄ ကဒီပြိုင်ပွဲလိုမျိုး ဝန်ကြီးချုပ်ဒိုင်း ဆိုပြီး တော့ ကရင်ပြည်နယ်မှာလုပ်ခဲ့တယ်။ ပြီးခဲ့တဲ့နှစ်ကတော့ အမျိုးသားအားကစားပွဲရှိတာကြောင့် မလုပ်ဖြစ်ခဲ့ဘူး။ ဒီနှစ်ပြိုင်ပွဲရက်က ရှစ်ရက်ပဲရတယ်။ ရက်ကတော်တော်လေးနည်းတယ်။ အရင် အမျိုးသားအားကစားပွဲတော်လောက် ရက်ခြားချင်မှခြားနိုင်မယ်။ အနည်းဆုံး တစ်ရက်ခြားလောက် ဖြစ်ချင်ဖြစ်သွားနိုင်တယ်။ လူသိပ်များတဲ့၊ အပြည့်လာတဲ့ ဝိတ်တန်းတွေဆိုရင် ခြားတောင်မှခြားနိုင်မယ်။ ဖိုင်နယ်ကို နှစ်ရက်ယူထားတယ်။ ဘာလို့လဲဆိုတော့ ဝိတ်တန်း ၃၆ တန်းမှာ တစ်ရက်တည်းလုပ်လို့မရဘူး။ တစ်နေ့ ၁၂ ပွဲ၊ ၁၃ ပွဲလောက်ပဲ လုပ်နိုင်မှာ။ အခုလောလောဆယ် ပြည်နယ်နဲ့တိုင်းဒေသကြီးတွေက ပေးထားတဲ့စာရင်းအရဆိုရင်တော့နည်းပြ၊ အုပ်ချုပ်သူအပါအဝင် ပြိုင်ပွဲဝင်အား ကစားသမား ၂၂၇ ဦးရှိပြီဖြစ်တယ်။ ဒါတောင် ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၄ ခုမှာ ရခိုင်ပြည်နယ်က လုံးဝလာမပြိုင်ဘူး”ဟု အဆို ပါပြိုင်ပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံရိုးရာလက်ဝှေ့ အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးစန်းမြင့်က ပြောပါတယ်။

ယခုကျင်းပမယ့် ပြည်နယ်နဲ့တိုင်းဒေသကြီး (၁၄) ကြိမ်မြောက် ရိုးရာလက်ဝှေ့ပြိုင်ပွဲမှာ တိုင်းဒေသကြီးခုနစ်ခုမှာ အားလုံးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြည်နယ်ခုနစ်ခုတွင် ရခိုင်ပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မှုမရှိကြောင်း သိရပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်မယ့် လတ်တလော အုပ်ချုပ်သူ၊ နည်းပြနဲ့ အားကစားသမားစာရင်းကတော့ ရန်ကုန်တိုင်းဒေသကြီးမှ ၃၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၇ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၃ ဦး၊ မကွေးတိုင်းဒေသကြီးမှ ခြောက်ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၃ဦးနဲ့ ဧရာဝတီတိုင်းဒေသကြီးမှ ကိုးဦး၊ ဝင်ရောက်ယှဉ်ပြိုင်မယ့် ပြည်နယ်ခြောက်ခုကတော့ ကရင်ပြည်နယ်မှ ၄၀၊ မွန်ပြည်နယ်မှ ၂၇ ဦး၊ ရှမ်းပြည်နယ်မှ ၁၁ဦး၊ ကချင်ပြည်နယ်မှ ၁၆ ဦး၊ ချင်းပြည်နယ်မှ ငါးဦးနဲ့ ကယားပြည်နယ်မှ ရှစ်ဦး စုစုပေါင်းအုပ်ချုပ်သူ၊ နည်းပြနဲ့ အားကစားသမားအပါအဝင် စုစုပေါင်း ၂၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်မယ့် ပြိုင်ပွဲဝင်အားကစားမားများနဲ့ အုပ်ချုပ်သူ၊ နည်းပြများကို ဦးဆောင်စီစဉ်ကျင်းပတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက နေထိုင်စားသောက်စရိတ်အပါအဝင် သွား/ပြန်ခရီးစရိတ်ပါ ကျခံပေးမှာဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမားများကို ရွှေ၊ ငွေ၊ ကြေး သတ်မှတ်ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေနဲ့လည်း ဆုရရှိတဲ့ ရွှေ၊ ငွေ၊ ကြေး အားကစားသမားများကို ဆုကြေးအဖြစ် အထိုက်အလျောက် ချီးမြှင့်ပေးသွားဖို့ စီစဉ်လျက်ရှိကြောင်း အဖွဲ့ချုပ်မှ သိရပါတယ်။

ပြိုင်ပွဲတစ်လျှောက်လုံး ရုံဝင်ကြေးအနေနဲ့ ကောက်ခံသွားမှာမဟုတ်ဘဲ ရိုးရာလက်ဝှေ့ ဝါသနာရှင် ပြည်သူများအား အခမဲ့ ကြည့်ရှုခွင့်ပြုသွားမှာဖြစ်ပြီး နေ့စဉ် မွန်းလွဲ ၂နာရီမှာ ပြိုင်ပွဲစတင်ကျင်းပသွားမှာဖြစ်ပါတယ်။ ယခုယှဉ်ပြိုင်မည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာလက်ဝှေ့ပြိုင်ပွဲကနေ နိုင်ငံတဝန်းက ရိုးရာလက်ဝှေ့အားကစားသမား ရွက်ပုန်းသီးများ ဘယ်လောက်အထိ ပေါ်ထွက်လာမလဲဆိုတာကိုတော့ ရိုးရာလက်ဝှေ့ဝါသနာရှင် ပြည်သူများ စောင့်မျှော်ကြည့်ရှုခွင့်ရကြတော့မည်ဖြစ်ပါကြောင်း။ ။

**နိုင်ငံတစ်ဝန်း ရိုးရာလက်ဝှေ့အမွေကိုဆက်ခံမယ့် ရွက်ပုန်းသီး ရိုးရာလက်ဝှေ့မျိုးဆက်သစ်များ(သို့မဟုတ်)ကန့်လန့်ကာနောက်ကွယ်မှ ပုန်းလျှိုးနေရတဲ့ မျိုး ဆက်သစ်လက်ဝှေ့လူစွမ်းကောင်းများ စွမ်းရည် ပြသခွင့်နှင့်အတူ ပေါ်ထွက်ခွင့်ရကြတော့မှာဖြစ်ပါတယ်။ တကယ်တော့ ရိုးရာလက်ဝှေ့ဟာ အခြား အားကစားနည်းများနှင့်မတူ တစ်မူကွဲပြားနေတာကတော့ မျိုးဆက်သစ် ပြဿနာ ဖြစ်ပါတယ်။**

## မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံလုပွဲတွင် အထူးပွဲစဉ်အဖြစ် လူပုလေးနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည်



အာကာသမောင်(တောင်ကလေး)


**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာ ဂရု(ပ်)က စီစဉ်ကျင်းပသည့် ပထမဆုံး အကြိမ်ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံလုပွဲတွင် အထူးပွဲစဉ်အဖြစ် လူပုလေးနှစ်ဦးဖြစ်သည့် အာကာသမောင်(တောင်ကလေး)နှင့် စကြာဝဠာမောင်(တိုက်ဂါး)တို့ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးကို ဩဂုတ် ၂၁ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်း မြို့နယ် သုဝဏ္ဏ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ(၁)၌ ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်ရာ စကိုင်းနက်ရုပ်သံလိုင်းမှလည်း တိုက်ရိုက် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် နိုင်ငံတစ်ဝန်း ရိုးရာလက်ဝှေ့အားကစားသမားများအနေဖြင့် အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို ရိုးရာအသွင်ဆောင်စေရန် တစ်မူထူးခြားစွာဖြင့် တေးသံရှင်များက ရိုးရာလက်ဝှေ့သီချင်းများဖြင့် ဖျော်ဖြေသွားမည့်အပြင် မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးကိုလည်း ဝိုင်းပြည့်ထည့်သွင်း ဖျော်ဖြေကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု အထူးပွဲစဉ်အဖြစ် ထည့်သွင်းထားသော အာကာသမောင်(တောင်ကလေး) နှင့် စကြာဝဠာမောင်(တိုက်ဂါး) လူပုလေးနှစ်ဦးတို့မှာ ပြီးခဲ့သည့် ဒင်္ဂုံရွှေအောင်လံလုပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ တစ်ဖက်နှင့်တစ်ဖက် အနိုင်အရှုံးမပေါ်ဘဲ သရေကျခဲ့ကြောင်း သိရသည်။

**သတင်း-မင်းခေတ်**
**ဓာတ်ပုံ-မိုးမခ**



စကြာဝဠာမောင်(တိုက်ဂါး)

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ၀ အ တွက် တာ

# ရပ်ရွာထဲမှာ အချိန်ပိုင်း၊ ရက်ပိုင်းအလုပ်လုပ်ရာက ထိခိုက်ဒဏ်ရာရခဲ့ရင် လျော်ကြေးခံစားခွင့်ရှိပါတယ်

**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

သရက်သီးပွဲစားတစ်ဦးက နေ့စားလုပ်သား ငှားရမ်းပြီး သရက်သီးအငှားဆွတ်ခူးပါတယ်။ တစ်မနက်မှာတင် အလုပ်သမားဟာ သရက်သီး ခူးနေရင်း ဓာတ်ကြိုးနဲ့ထိခိုက်မိတဲ့အတွက် ဓာတ်လိုက်သေဆုံးသွားခဲ့ရပါတယ်။ အငှားလုပ်သားဖြစ်တဲ့အတွက် လုပ်သားခမြာ လူမှုဖူလုံရေးထည့်ဝင်ဖို့ဆိုတာ သူလုံးဝသိမထားသလို သူ့မိသားစုအနာဂတ်အတွက်လည်း ရင်လေးစရာပါ။ တစ်ဖက်မှာလည်း သရက်သီးပွဲစားဖြစ်သူက လျော်ကြေးပေးရမယ်ဆိုတဲ့ အသိပညာအားနည်းပုံရပါတယ်။ ဒီလိုပြဿနာမျိုးတွေဟာ မြို့ကြီးတွေထက် ကျေးလက်တွေမှာ မကြာခဏဖြစ်ပွားတတ်ပါတယ်။

**အလုပ်သမားတိုင်း ထိခိုက်ရင်လျော်ကြေးရရမယ်**

အမှန်က အလုပ်သမားလို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သူ မည်သူမဆို လုပ်ငန်းခွင်ထဲမှာ ထိခိုက်ဒဏ်ရာရလာပြီဆိုရင် ဥပဒေအရ အလုပ်ရှင်လို့ သတ်မှတ်ခံရသူတွေထံကနေ လျော်ကြေးခံစားခွင့်ရှိပါတယ်။ အဲဒီဥပဒေကို ၁၉၂၃ ခုနှစ်ကတည်းက ကျင့်သုံးခဲ့တာ အခုဆိုရင် နှစ်ပေါင်း ၉၀ ကျော်လာခဲ့ပါပြီ။ ဥပဒေ၊ နည်းဥပဒေတွေကို အနည်းငယ်ပြင်ဆင်ပြီး သုံးစွဲလာခဲ့ပေမယ့် ဥပဒေအကြောင်းကို သိရှိသူအားနည်းနေဆဲပါ။ အဲဒီဥပဒေကတော့ အလုပ်သမားလျော်ကြေးအက်ဥပဒေပဲ ဖြစ်ပါတယ်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနလက်အောက် ဒေသန္တရနှင့် ညှိနှိုင်းစိစစ်ရေးဌာနခွဲကနေ အလုပ်သမားတွေအတွက် ရသင့်ရထိုက်တဲ့ အလုပ်သမားခံစားခွင့်လျော်ကြေးတွေရရှိအောင် လုပ်ဆောင်ပေးနေတာဖြစ်ပြီး မြို့နယ်တိုင်းက အလုပ်သမားရုံးတွေတိုင်းမှာ လာရောက်တိုင်ကြားနိုင်တယ်လို့ သိရပါတယ်။

"အလုပ်သမားတစ်ဦးဟာ လုပ်ငန်းခွင်အတွင်း၊ အလုပ်ချိန်အတွင်းမှာ အလုပ်ကိုအကြောင်းပြုပြီး မတော်တဆထိခိုက်ဒဏ်ရာရတာပဲဖြစ်ဖြစ်၊ သေဆုံးသွားရတာဖြစ်ဖြစ်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ချို့ယွင်းသွားတာဖြစ်ဖြစ်၊ ထိခိုက်မှုတစ်စုံတစ်ရာဖြစ်လာပြီဆိုရင် အလုပ်ရှင်မှာ အဓိကတာဝန်ရှိနေပြီ ဖြစ်ပါတယ်။ မြို့ပေါ်တွေ မှာ ထိခိုက်မှုတစ်စုံတစ်ရာ ဖြစ်လာရင် ဖြေရှင်းပေးတာ၊ ကုသပေးတာ လွယ်ကူမြန်ဆန်ပေမယ့် ကျေးလက်ဒေသတွေမှာတော့ ဥပဒေအကြောင်း သိရှိနားလည်ဖို့ခက်ခဲမှုတွေကြောင့် မြို့ပေါ်တွေလောက် ခံစားခွင့်မရကြဘူး။ ဥပဒေက



ဆောက်လုပ်ရေးကျပန်းအလုပ်သမားများ၏ လုပ်ငန်းခွင်တစ်နေရာ

ပြဋ္ဌာန်းထားတာကြာခဲ့ပြီဖြစ်လို့ လျော်ကြေးငွေတွေဟာ အလုပ်သမားတွေအတွက် နည်းကောင်းနည်းနေပါလိမ့်မယ်။ အဲဒီအတွက်လည်း ဥပဒေကို ပြန်လည်ပြင်ဆင်ဖို့ စတင်နေပြီဖြစ်တာကြောင့် အလုပ်သမားတွေအတွက် ထိခိုက်မှုကြုံလာရင် အရင်ကထက်ပိုပြီး ခံစားခွင့်တွေရှိလာနိုင်တယ်" ဟု အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ဒေသန္တရနှင့် ညှိနှိုင်းစိစစ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ရှင်းပြပါတယ်။

**လူမှုဖူလုံရေးမရှိရင် လျော်ကြေးမရဘူးလား**

စက်ရုံ၊ အလုပ်ရုံကြီးတွေကနေ အသေးစားလုပ်ငန်းလေးတွေအထိ လူမှုဖူလုံရေးထည့်ဝင်ကြေးတွေကို ပိုပြီးထည့်ဝင်လာကြတဲ့အတွက် အလုပ်သမားတွေရဲ့ လူမှုဖူလုံရေးအကျိုးခံစားခွင့်တွေက အရင်ကထက်စာရင် အလုပ်သမားတွေ ပိုမိုခံစားလာကြရပေမယ့် ရပ်ထဲရွာထဲမှာ ဘောက်လို့ခေါ်တဲ့ ကျပန်းအလုပ်သမားတွေအတွက်တော့ လူမှုဖူလုံရေးခံစားခွင့်တွေက အလှမ်းဝေးနေဆဲပါ။

မြို့နယ်တိုင်းက အလုပ်သမားရုံးတွေမှာ အလုပ်သမား လျော်ကြေးခံစားခွင့်အတွက် လျှောက်ထားနိုင်ပါတယ်။ မြို့နယ်အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီဆိုပြီး ဖွဲ့စည်းထားပါတယ်။ ကော်မတီမှာ ဥက္ကဋ္ဌအနေနဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူးအဖြစ် အလုပ်သမားကဦးစီးအရာရှိနဲ့ အဖွဲ့ဝင်အဖြစ် မြို့နယ်ဆရာဝန်က တာဝန်ယူထားပါတယ်။ အဲဒီအဖွဲ့ကနေ လျော်ကြေးနဲ့ပတ်သက်တဲ့ တိုင်ကြားစာရရှိပြီဆိုတာနဲ့ ပဏာမစုံစမ်းစစ်ဆေးခြင်း ပြုလုပ်ပါတယ်။

"တိုင်ကြားသူက အလုပ်သမားလျော်ကြေးဥပဒေနဲ့ ကိုက်ညီမှုရှိမရှိ၊ သေဆုံးတယ်ဆိုရင်လည်း တရားဝင်မှီခိုတဲ့သူတွေ လျှောက်ထားတာ ဟုတ်မဟုတ်၊ ထိခိုက်တာဆိုရင် ကိုယ်တိုင်လျှောက်ထားတာ ဟုတ်မဟုတ်၊ အလုပ်တာဝန်ထမ်းဆောင်နေစဉ်မှာ အလုပ်ကိုအကြောင်းပြုပြီး သေတာဟုတ်မဟုတ်ကို ကော်မတီကနေ ကနဦးလေ့လာစုံစမ်းပြီး မှန်ကန်တယ်ဆိုရင် အမှုကို လက်ခံဆောင်ရွက်ပေးနေပါတယ်"လို့ ဦးစိုးဝင်းက ဆက်လက်ပြောပြပါတယ်။

အဓိကကတော့ လူမှုဖူလုံရေးနဲ့ အကျုံးမဝင်တဲ့ အလုပ်သမားတွေရဲ့ ရပိုင်ခွင့်အတွက် ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ လျော်ကြေးဥပဒေကရေးဆွဲထားတာကြာပြီဖြစ်လို့ နှစ်အနည်းငယ်အတွင်းကမှ ပြင်ဆင်သတ်မှတ်ပြဋ္ဌာန်းထားတဲ့ လူမှုဖူလုံရေးအကျိုးခံစားခွင့်တွေလောက်တော့ လျော်ကြေးမရရှိဘူးလို့ သိရပါတယ်။

**အလုပ်ရှင်ဖြစ်တဲ့သူတိုင်းလည်း သိထားသင့်တယ်**

"ကျွန်တော့်လက်ဖက်ရည်ဆိုင်က ကလေးတစ်ယောက် ကြံရည်ကြိတ်ရင်း လက်ကောက်ဝတ်ကနေစပြီး ပြတ်ထွက်သွားခဲ့တယ်။ သူ့အတွက် ဆေးရုံတက်နေစဉ် ကုန်ကျစရိတ်တွေအားလုံး ကျခံပေးတဲ့အပြင် ကျွန်တော်ကိုယ်တိုင်ပဲ အလုပ်သမားရုံးကနေတစ်ဆင့် ကလေးရသင့်ရထိုက်တဲ့ ခံစားခွင့်ကို တွက်ချက်ဖြေရှင်းပေးနိုင်ခဲ့တယ်။ လုပ်ငန်းခွင်ထဲမှာဖြစ်လာရင် ကျွန်တော်တို့ အလုပ်ရှင်တွေမှာ အပြည့်အဝတာဝန်ရှိပြီး လက်သိပ်ထိုးဖြေရှင်းတာထက် ဥပဒေနည်းလမ်းတကျ ဖြေရှင်းတာက အလုပ်ရှင်ရော၊ အလုပ်သမားဘက်မှာရော သံသယကင်းရှင်းတယ်"လို့ လျော်ကြေးဥပဒေဖြင့် အလုပ်သမားတစ်ဦးရဲ့ ထိခိုက်ဒဏ်ရာရရှိမှုကို လျော်ကြေးပေးခဲ့တဲ့ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီဆေးရုံအနီး ရွှေလက်ရာလက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုမျိုးမြင့်က ပြောပြပါတယ်။

**လျော်ကြေးတွေကိုသတ်မှတ်တဲ့အခါ**

ထိခိုက်မှုဖြစ်ပွားတဲ့အခါ လျော်ကြေးဥပဒေရဲ့သတ်မှတ်ချက်က သေဆုံးခြင်း၊ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းချို့ယွင်းဆုံးရှုံးပြီး အမြဲတမ်းလုံးဝမသန်မစွမ်းခြင်း၊ အမြဲတမ်းတစ်စိတ်တစ်ဒေသမသန်မစွမ်းခြင်း၊ ယာယီမသန်စွမ်းခြင်းဆိုပြီး အမျိုးအစားတွေခွဲခြားထားတာကို တွေ့ရပါတယ်။

သေဆုံးတဲ့အခါ သေဆုံးသူရဲ့ တစ်လစာလစာငွေကို ၃၆ ဆဖြစ်အောင် တွက်ချက်ပြီး ပေးရတာဖြစ်သလို အရင်က သေရင် ငွေကျပ် ၇၀၀၀ ဝန်းကျင်ပဲရတယ်လို့ သိရပါတယ်။ နောက်ပိုင်းမှာ သေရင် ငွေကျပ် တစ်သိန်းခွဲကနေ လေးသိန်းခွဲအထိ ဥပဒေပါ ခြွင်းချက်အတိုင်း တိုးမြှင့်ပေးနိုင်လာခဲ့ပါတယ်။

ထိခိုက်ဒဏ်ရာရရှိခဲ့မယ်ဆိုရင်လည်း လစာရဲ့ ၃၆ဆကိုမှ ၁၄၀ ရာခိုင်နှုန်းတွက်ချက်ပြီး ပေးအပ်ပါတယ်။ အမြဲတမ်းလုံးဝမသန်မစွမ်းတွေအနေနဲ့ ငွေကျပ် နှစ်သိန်းကနေ အများဆုံး ခြောက်သိန်းအထိပေးနိုင်တယ်လို့ သိရပါတယ်။ ဒါပေမယ့် လူတစ်ယောက်ဟာ အခြားလူတစ်ယောက်ရဲ့အကူအညီကို ယူပြီးနေထိုင်သွားရတော့မယ်ဆိုရင်တော့ အမြင့်ဆုံးရလာမယ့် လျော်ကြေးရဲ့ ၂၅ ရာခိုင်နှုန်းကို ခံစားနိုင်ပါတယ်။

"လျော်ကြေးပေးတယ်ဆိုတာ ထိခိုက်တဲ့အတွက် လုပ်အားဆုံးရှုံးမှုကို တွက်ချက်ပြီး လျော်ကြေးအနေနဲ့ အလုပ်ရှင်က ပေးအပ်ရတာ ဖြစ်ပါတယ်။ အရင်ကသတ်မှတ်တဲ့လျော်ကြေးတွေဟာ ခေတ်ကာလနဲ့ မကိုက်ညီတဲ့အတွက် ၂၀၀၅ ခုနှစ်မှာ ကြေညာချက်ထုတ်ပြီး လျော်ကြေးတိုးမြှင့်ပေးခဲ့တာဖြစ်ပါတယ်" လို့ တာဝန်ရှိသူတစ်ဦးက ရှင်းပြပါတယ်။

လုပ်အားဆုံးရှုံးမှုဆိုတာကို တွက်ချက်ရာမှာ အဓိကလျော်ကြေးတွက်ချက်ပေးရသူက ကော်မတီထဲမှာပါဝင်တဲ့ ဆရာဝန်ပဲ ဖြစ်ပါတယ်။ သူ့အနေနဲ့ လုပ်အားဆုံးရှုံးမှုတန်ဖိုးကို ကျန်းမာရေးအမြင်အရရော၊ ဥပဒေအနေနဲ့ပါ ပေါင်းစပ်ညှိနှိုင်းပြီး ပေးအပ်တာဖြစ်ပါတယ်။ ဥပမာပြောရရင် ထိခိုက်ဒဏ်ရာရလာတယ်ဆိုရင် လျော်ကြေး သတ်မှတ်တာက ငွေကျပ် ခြောက်သိန်းဖြစ်မယ်ဆိုရင် အဲဒါကို လုပ်အားဆုံးရှုံးမှုတန်ဖိုး (ရာခိုင်နှုန်း)ကို ဆရာဝန်က သတ်မှတ်ရတာဖြစ်တယ်လို့ သိရပါတယ်။

လက်ချောင်းတွေပြတ်ရင်တောင် စျေးကမတူညီပါဘူး။ လက်မတို့၊ လက်ညှိုးတို့ဟာ အခြားလက်တွေထက် ပိုပြီးလျော်ကြေးရနိုင်သလို၊ လုပ်အားဆုံးရှုံးမှုကို တွက်ချက်တဲ့အခါ အမျိုးသမီးဖြစ်ခြင်း၊ သူ့ရဲ့မိသားစု နောက်ခံသမိုင်းကြောင်းနဲ့ သူ့အတွက် အခွင့်အလမ်းပြန်လည်ရရှိနိုင်မှုတွေကိုလည်း မေ့ထားလို့ မရပါဘူး။

**အချင်းချင်းညှိနှိုင်းပါ၊အဆင်မပြေလျှင် အလုပ်သမားရုံးသို့လာရောက်ပါ**

"မြို့ပေါ်လုပ်ငန်းခွင်တွေမှာဖြစ်တဲ့ ထိခိုက်မှုတော်တော်များများဟာ လျော်ကြေးကော်မတီကို မရောက်လာကြဘဲ အချင်းချင်းညှိနှိုင်းမှုတွေကြောင့် ပိုရသွားတာမျိုးတွေရှိပါတယ်။ အဓိကကတော့ အလုပ်ရှင်၊ အလုပ်သမား ကျေနပ်သွားကြဖို့ပါပဲ။ ဒါပေမယ့် ကျေးလက်ဒေသတွေမှာတော့ လယ်ယာမြေထဲမှာ စိုက်ပျိုးနေရင်း ပိုးထိတာ၊ နွားစာစဉ်းစက်မှာ အလုပ်လုပ်နေရင်း ထိခိုက်တာနဲ့ အချိန်ပိုင်းစိုက်ပျိုး၊ မွေးမြူရေးတွေ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေမှာ ထိခိုက်တာ၊ အိမ်တွင်းတစ်နိုင်တစ်ပိုင်အလုပ်တွေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ ထိခိုက်မှုဖြစ်လာတဲ့အခါ လျော်ကြေးရရှိဖို့ မလွယ်ကြဘူး။ ထိခိုက်မှုဖြစ်ပွားလာရင် မြို့နယ်အလုပ်သမားရုံးကို ဆက်သွယ်တိုင်ကြားနိုင်တယ်ဆိုတာမသိကြဘူး"လို့ ဦးစိုးဝင်းက ပြောပြပါတယ်။

**ဒီနှစ်အတွက်လျော်ကြေး ငွေကျပ် သိန်း ၄၀၀ ပေးခဲ့တယ်**

အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်းမှာ လူမှုဖူလုံရေး အကျိုးခံစားခွင့်မရဘဲ သေဆုံးသွားတဲ့ အလုပ်သမားထိခိုက်သေဆုံးမှုရှစ်မှုအတွက် အကျိုးခံစားခွင့်ကို ပေးအပ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် မတော်တဆထိခိုက်မှုစုစုပေါင်း ၁၉ မှုအတွက်လည်း အကျိုးခံစားခွင့်ရရှိအောင် လျော်ကြေးပေးအပ်နိုင်ခဲ့ပြီး စုစုပေါင်း ပေးအပ်နိုင်ခဲ့တဲ့ အကျိုးခံစားခွင့်ရှိသူ ၂၇ဦးရှိကာ လျော်ကြေးငွေအားဖြင့် ငွေကျပ် ၄၄၅၁၉၄၈၀ ပေးအပ်နိုင်ခဲ့တယ်လို့ သိရပါတယ်။ လျော်ကြေးတွေပေးနေတယ်လို့ သိရပေမယ့် ခေတ်ကာလကုန်စျေးနှုန်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အလွန်နည်းနေသေးတာကို တွေ့ရပါတယ်။ ဒါပေမယ့် လုံးဝလျော်ကြေးခံစားခွင့်မရတာနဲ့ နှိုင်းယှဉ်မယ်ဆိုရင်တော့ အထိုက်အလျောက် အကျိုးရှိစေတဲ့အတွက် ပြောင်းလဲလာတဲ့ ခေတ်ကာလနဲ့အညီ လွန်ခဲ့တဲ့ နှစ် ၉၀ ကျော်က ဥပဒေကိုပြင်ဆင်ဖို့ ဌာနတွင်း ညှိနှိုင်းဆွေးနွေးမှုတွေ စတင်နေပြီလို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက သိရပါတယ်။

"ရရှိတဲ့ လျော်ကြေးပမာဏကို အားမရတာဖြစ်ဖြစ်၊ ဆုံးဖြတ်တာကို မယုံကြည်တာဖြစ်ဖြစ် ဖြစ်လာမယ်ဆိုရင်တော့ သက်ဆိုင်ရာတိုင်းဒေသကြီး တရားရုံးတွေကနေတစ်ဆင့် တိုင်ကြားနိုင်ပြီး အဲဒီတိုင်ကြားမှုကို တရားရုံးကနေ ပြန်လည်စိစစ်ပေးတာရှိပါတယ်။ ကော်မတီက မှန်မှန်ကန်ကန်ဆုံးဖြတ်ထားတာတွေ့ရင် ပလပ်ပေးသလို မမှန်ကန်ဘူးထင်ရင်တော့ လက်ခံအမှုဖွင့်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါပေမယ့်ကော်မတီကို ဆုံးဖြတ်မခိုင်းဘဲ တရားရုံးက စီရင်ဆောင်ရွက်တာတော့မရှိပါဘူး"လို့ ဦးစိုးဝင်းက ရှင်းပြပါတယ်။



*စာမျက်နှာ ၂၁ သို့*

# ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၅၁) အဖြစ် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေထုတ်ပြန်ခဲ့ရာ အဆိုပါဥပဒေတွင် အောက်ပါအကြောင်းအရာတို့ကို ပြဋ္ဌာန်းခဲ့ပါသည်။ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း (၁၀၀) နှစ်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာဘူမိသဘာဝပတ်ဝန်းကျင်နေရာများအပါအဝင် လူသားတို့နေထိုင်ပြုလုပ်သုံးစွဲတည်ဆောက်ခဲ့သည့် အဆောက်အအုံနေရာများသည် ရှေးဟောင်းအဆောက်အအုံများ ဖြစ်ပါသည်။

၂။ မည်သူမျှရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ပရဝဏ်အတွင်းတွင် ဦးစီးဌာန၏ စာဖြင့်ခွင့်ပြုချက်မရရှိဘဲ၊ ရှေးဟောင်းအဆောက်အအုံကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေရန်ဆောင်ရွက်ခြင်း၊ ရှေးဟောင်းအဆောက်အအုံ၏ မူလပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလလက်ရာကိုဖြစ်စေ ပြောင်းလဲစေရန်ပြုလုပ်ခြင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊ မူလရှေးဟောင်းအဆောက်အအုံမှ မူလအစိတ်အပိုင်းများ၊ အနုပညာလက်ရာပစ္စည်းများ ဖြုတ်ခွာယူခြင်း၊ ဖယ်ရှားခြင်း မပြုလုပ်ရ။

၃။ မည်သူမျှ ရှေးဟောင်းအဆောက်အအုံ သို့မဟုတ် ရှေးဟောင်းစာရင်းဝင်အဆောက်အအုံမှ သတ်မှတ်ထားသော ဇရိယာအတွင်းတွင် ရှေးဟောင်းအဆောက်အအုံကို ထိခိုက်နိုင်သည်ဟု ယူဆရသော ရှေးဟောင်းစာရင်းဝင် အဆောက်အအုံအဖြစ် သတ်မှတ်ထားသည့် ရှေးဟောင်းအဆောက်အအုံကို စီးပွားရေးအလို့ငှာ ဓာတ်ပုံ၊ ဗီဒီယို၊ ရုပ်ရှင်ရိုက်ကူးခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံစံငယ်ပြုလုပ်ခြင်း၊ ရှေးဟောင်းအဆောက်အအုံအနီး သတ်မှတ်ထားသော နယ်မြေအတွင်း တုန်ခါမှုဖြစ်ပေါ်စေသောယန္တရားကြီးများ အသုံးပြုခြင်း၊ ယာဉ်အမျိုးမျိုးသွားလာခြင်း၊ ရှေးဟောင်းအဆောက်အအုံအနီး ထွန်ယက်စိုက်ပျိုးခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များမွေးမြူခြင်း၊ ပိတ်ဆို့၍ ခြံစည်းရိုးများကာရံခြင်း သို့မဟုတ် ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေသည့် အခြားဆောင်ရွက်မှုတစ်စုံတစ်ရာပြုလုပ်ခြင်း၊ ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေသော မီးပုံးပျံကဲ့သို့ ဓာတ်ငွေ့ထုတ်လွှတ်သည့် ကိစ္စများဆောင်ရွက်ခြင်း၊ ရှေးဟောင်းအဆောက်အအုံကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်စေနိုင်သော သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လေယာဉ်များ၊ ရဟတ်ယာဉ်များတက်ဆင်းခြင်း၊ ပျံသန်းခြင်း၊ ရှေးဟောင်းအဆောက်အအုံနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ဓာတုပစ္စည်းများစွန့်ပစ်ခြင်း၊ အမှိုက်သရိုက်များစွန့်ပစ်ခြင်းစသည်များကို စာဖြင့်ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ။

၄။ သို့ဖြစ်၍ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပြည်သူအများ ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများလှူဒါန်း

**သာပေါင်း ဩဂုတ် ၂၀**

ဝေန်မြစ်ရေကြီးမှုကြောင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်အတွင်းရှိ ရွှေညောင်ပင်ကျေးရွာအုပ်စုနှင့် လင်းတာကျကျေးရွာအုပ်စုများရှိ ရေဘေးသင့်ပြည်သူများအား ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့ကို မြို့နယ်သံဃနာယက ဥူးပညာစာရဦးဆောင်၍ ဩဂုတ် ၁၇ ရက်က စားသောက်ကုန်ပစ္စည်းများ ကာလတန်ဖိုးငွေကျပ်သိန်း ၁၀၀ ခန့် လာရောက်လှူဒါန်းခဲ့ပြီး သာပေါင်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးသိန်းဇော်နှင့် ဦးစီးတပ်ဖွဲ့ဝင် ၁၅ ဦး၊ မီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦးတို့က မော်တော်များပေါ်မှ စက်လှေများပေါ်သို့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**


# MPT ဆင်းကတ်သုံးစွဲသူများ
# SIM Registration မှတ်ပုံတင်ပြုလုပ်နိုင်ပြီ

၂၀၁၆ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်အရ မှတ်ပုံတင်ထားခြင်းမရှိသေးသော လက်ရှိ MPT ဆင်းကတ်သုံးစွဲလျက်ရှိသူများနှင့် MPT ဆင်းကတ်အသစ်ဝယ်ယူသူများသည် မိမိတို့၏ SIM Card များအား မှတ်ပုံတင်ရန်လိုအပ်ပါမည်။

စာချုပ်ရှိသော ဆင်းကတ်သုံးစွဲသူများသည် ထပ်မံမှတ်ပုံတင်ရန်မလိုအပ်ပါ။ စာချုပ်တွင်ပါရှိသောအမည်မှာ လက်ရှိအသုံးပြုသူအမည်ဖြစ်ပါက ထပ်မံမှတ်ပုံတင်ရန်မလိုအပ်ပါ။ စာချုပ်ပါအမည်မှာ အခြားသူအမည်ဖြစ်နေလျှင် သို့မဟုတ် မိမိအမည်နှင့် ကွဲလွဲနေလျှင် ပြန်လည်မှတ်ပုံတင်ရန် လိုအပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့၏ SIM ကတ်များအား နိုင်ငံတော်အစိုးရမှ ထုတ်ပေးသည့် သက်သေခံကတ်ပြားတစ်ခုခု (မှတ်ပုံတင် သို့မဟုတ် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ကျောင်းသားကတ် သို့မဟုတ် နိုင်ငံခြားသားများအနေဖြင့် ၎င်းတို့၏ ပတ်စ်ပို့ သို့မဟုတ် အစိုးရမှထုတ်ပေးထားသည့် သက်သေခံကတ်ပြား တစ်ခုခု) နှင့်အတူ နီးစပ်ရာ MPT ၏ဆိုင်များသို့ လာရောက်ပြီးမှတ်ပုံတင်ကြရန် တိုက်တွန်းအပ်ပါသည်။ ဆင်းကတ်မှတ်ပုံတင်နိုင်မည့် MPT ဆိုင်များကို MPT ၏ Facebook စာမျက်နှာ https://www.facebook.com/mptofficialpage/ တွင်ဖော်ပြထားပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂B၊ လူနေရပ် ကွက်အမှတ်(ပျဉ်းမပင်မြောက်ရပ်ကွက်)၊ မြေကွက်အမှတ် ၄၉၀၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ မြို့နယ်၊ ပျဉ်းမပင်မြောက်ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် ၄၉၀ဟု ခေါ်တွင်သော အကျယ်အဝန်းပေ(၆၀×၆၀)၊ စတုရန်းပေ ၃၆၀၀ကျယ်ဝန်းသော နှစ် ၆၀ ဂရန်မြေနှင့် ၎င်းမြေနှင့် ဆက်စပ်လျက် ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန်အတွက် ရောင်းပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူထံသို့ ကျွန်ုပ်မိတ်ဆွေ ဦးတိုးလွင်က မြေကွက်တန်ဖိုး၏တစ်စိတ်တစ်ပိုင်းဖြစ်သော စရန်ငွေကို အတိအလင်းပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ကန့်ကွက်မည်ဆိုပါက ကျွန်ုပ်ထံသို့ မြေကွက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်စေလိုပါ သည်။ ယင်းရက်ကျော်လွန်သည့်တိုင်အောင် လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတိုးလွင်**
**၁၂/တမန(နိုင်)၀၈၇၈၀၂**
**(လွှဲအပ်ညွှန်ကြားသူ)**

**ဦးအောင်မိုး(ကော့မှူး)**
**ဥပဒေတွဲ့**
**တရားလွှတ်တော်ရှေ့နေ**
**အခန်း ၁၁/၁၂-အေ၊ ပထမထပ်၊ အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်**
**ဖုန်း-၀၉-၄၂၁၀၇၁၀၀၂**

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-ဘီ)၊ မြေကွက်အမှတ် ၃၅၀၊ အကျယ်အဝန်း ၁၂၅၀စတုရန်းပေရှိ နှစ် ၆၀ဂရန်မြေကွက် (အရပ်အခေါ်)အမှတ် ၃၃၊ (၈) လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

အထက်လိပ်စာပါ မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအာကာမိုးဦး ၁၂/မဂတ(နိုင်) ၀၉၉၄၇၃၏ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၁၇၈၁၃/၂၀၁၃ဖြင့် အထွေထွေကိုယ်စားလှယ် လွှဲစာရရှိသူ ဒေါ်စန္ဒာသိန်း ၁၁/စတန(နိုင်) ၀၂၈၁၁၁ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက် အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ယင်းအရောင်းအဝယ်ပိုင်ဆိုင်မှုကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B)၊ (စဥ်-၂၂၇၄၇) ဒေါ်နှင်းပွင့်သန်း(LL.B)(စဥ်-၂၇၀၇၅)**
**"လင်း" ဥပဒေအကြံပေးအထက်တန်းရှေ့နေများ**
**အမှတ် ၅/၁၁-ဘီ၊ မြေညီ၊ ဖျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၉၇၄၀၀၂၄၅၂၊ ၀၉-၂၅၇၂၈၅၀၅၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈/U-9)ရပ်ကွက်၊ သခင် အုံးဖေကြီးလမ်း၊ သပြေခြံ၊ အမှတ် ၈၃/ခ၊ အကျယ်အဝန်း အလျား×အနံပေ (၁၀၀×၂၀)ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်အကျိုးခံစားရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်စန်းကြည် ၁၂/ရကန(နိုင်) ၀၀၉၇၃၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ကိုသန်းထိုက်အောင် ၁၂/ကမရ(နိုင်)၀၅၁၂၀၄က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းအေး (LL.B, D.B.L, WIPO Switzerland)**
**အထက်တန်းရှေ့နေ (စဥ်-၃၀၇၀၀)**
**Royal King Real Estate Services Co.,Ltd**
**အမှတ် ၂၀၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉၄/ ၃၇၆၀၂၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၄ယ/၅၆၂၃၀ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆမ် ၁၃/ကတန (နိုင်) ၀၅၆၅၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၁၂၅၄၇ Yin-xiang-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချိုမောင် ၉/ပသက(နိုင်)၀၇၆၆၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/3396၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
Facebook ကို MPT ဖြင့် အခမဲ့ အသုံးပြုလိုက်ပါ
အချိန်တိုင်း အချင်းချင်း
အဆက်အသွယ်မပြတ် ရှိနေနိုင်မယ့်
ဝန်ဆောင်မှုအသစ်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# CONGRATULATIONS UAB!

UAB
United Amara Bank

(၂၀၁၆)ခုနှစ်အတွက် စင်္ကာပူနိုင်ငံအခြေစိုက် Asian Banking & Finance (ABF)မှ ဇူလိုင်လ(၂၀)ရက်နေ့တွင် ဂုဏ်ပြုချီးမြှင့်သော –



- Myanmar Domestic Technology and Operations Bank of the Year
- The Most Improved Retail Bank of the Year - Myanmar
- Advertising Campaign of the Year - Myanmar

စုစုပေါင်း ဆု(၃)ဆုအား **ယူနိုက်တက် အမရဘဏ်**မှ လက်ခံရရှိခြင်းအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

- Apex Gas & Oil Public Co.,Ltd
- Apex Greatest Industrial Services Co.,Ltd
- Benhur Trading Co.,Ltd
- Chairman ( Myat Noe Thu Group of Companies)
- Daw Nan Mya (Managing Director) Shwe Sin Nawarat Trading Co.,Ltd
- Dr. Aung Thein + Daw Myint Myint Win Nibban Electric and Electronics
- Dr. Kaung Kyaw Swe (Managing Director) K Future Co.,Ltd
- Farmer Auto Co.,Ltd
- Fuji Alumium Construction Co.,Ltd
- G6 Entertainment
- Golden Hawks Co.,Ltd
- Golden Light Co., Ltd
- Golden Rice Co., Ltd.
- Hone Shin Co.,Ltd
- International Green Land Co.,Ltd
- Inya Land Co.,Ltd
- M.M.M Construction Co.,Ltd
- Mobile Mother
- Mother Trading & Construction Co.,Ltd
- Myanmar Acme Services Co.,Ltd
- Myanmar Bestin Co.,Ltd
- Myanmar Millennium Group
- Naing Groups Construction Co.,Ltd


## Asian Development Bank နှင့် United Amara Bank တို့ နှစ်ဦးသဘောတူ နိုင်ငံတကာဘဏ် လုပ်ငန်း မိတ်ဖက်ပူးပေါင်းခြင်း။

ADB ၏ Trade Finance Program (TFP)နှင့် United Amara Bank တို့နှစ်ဦးသဘောတူ နိုင်ငံတကာဘဏ်လုပ်ငန်း မိတ်ဖက်ပူးပေါင်းခြင်း(Trade Finance Partnership)လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ၂၀၁၆ခုနှစ်၊ ဩဂုတ်လ(၃)ရက်နေ့တွင် Sedona Hotel ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်၊ ဤမိတ်ဖက် ပူးပေါင်းမှုသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ကုန်သွယ်မှုဆိုင်ရာငွေရေးကြေးရေးကူညီပေးရန်နှင့် မြန်မာပြည်၏စီးပွားရေးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုနိုင်စေရန် UABနှင့် ADB တို့ ရေရှည်အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၏ ပထမဆုံးခြေလှမ်းဖြစ်ပါသည်၊ ထို့အပြင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ(၄)သန်းအထိ ADB ၏အာမခံချက်ဖြင့် ပံ့ပိုးကူညီခွင့်ပြုလာနိုင်မည်ဖြစ်သည်။ ၄င်းလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဗဟိုဘဏ်ဒုဥက္ကဋ္ဌ ဦးဆက်အောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ UAB ဘဏ်မှ Chairman ဦးနေအောင်၊ BOD အဖွဲ့ဝင် ဦးသန်းဝင်းဆွေ၊ CEO ဦးသိန်းလွင်၊ COO ဦးသန့်ဇင်နှင့် CBO ဒေါ်ကျော့ကေခိုင်စသည့် တာဝန်ရှိသူများ၊ ADB မှ Winfried Wicklein, Country Director, Myanmar Resident Mission နှင့် Janet Hyde, Relationship Manager, Trade Finance Program စသည့် ကိုယ်စားပြုသူများနှင့် ဖိတ်ကြားထားသော ဂုဏ်သရေရှိ ဧည့်သည်တော်များလည်း တက်ရောက်ခဲ့ပါသည်။ ။



# ပညာရေးဝန်ကြီးဌာန
# စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
# နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း
# ICTTI Advanced ICT Engineering သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်းနှင့် ဂျပန်နိုင်ငံ၊ JICAတို့ပူးပေါင်း ဖွင့်လှစ်သည့် Information and Communication Techonology Training Institute (ICTTI)သင်တန်းဌာနတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်နေ့ | လက်ခံမည့်သင်တန်းသားဦးရေ |
|---|---|---|---|---|
| (၁) | Professional Diploma in Software Engineering Course | ၂၃ပတ် | ၇-၁၁-၂၀၁၆ရက် | ၅၀ ဦး |
| (၂) | Professional Diploma in Network Engineering Course | ၂၃ပတ် | ၇-၁၁-၂၀၁၆ရက် | ၆၀ ဦး |
| (၃) | Advanced Web Development Course (Web Design and PHP Web Development) | ၅ပတ် | ၃၁-၁၀-၂၀၁၆ရက် | ၃၂ ဦး |
| (၄) | Oracle Database 11g Course (SQL PL/SQL and DBA) | ၃ပတ် | ၇-၁၁-၂၀၁၆ရက် | ၁၈ ဦး |
| (၅) | Cisco Learning Network Course (Routing & Switching and voice) | ၄ပတ် | ၇-၁၁-၂၀၁၆ရက် | ၁၂ ဦး |
| (၆) | Project Management Course | ၄ပတ် | ၁၂-၁၂-၂၀၁၆ရက် | ၁၀ ဦး |
| (၇) | Advanced Server Course (Virtualization and LDAP) | ၇ပတ် | ၁၉-၁၂-၂၀၁၆ရက် | ၈ ဦး |
| (၈) | Java Framework-based Development Course (Spring 3) | ၂ပတ် | ၁၆-၁-၂၀၁၇ရက် | ၁၈ ဦး |
| (၉) | Mobile Phone System Development Course | ၄ပတ် | ၆-၂-၂၀၁၇ရက် | ၁၈ ဦး |
| (၁၀) | Web and Cloud System Development Course | ၄ပတ် | ၆-၃-၂၀၁၇ရက် | ၁၈ ဦး |

၂။ အမှတ်စဉ်(၁)နှင့်(၂)သင်တန်းများသည် ဒီပလိုမာဘွဲ့သင်တန်းများဖြစ်ပြီး မိမိကြိုက်နှစ်သက်ရာသင်တန်းကိုရွေးချယ်လျှောက်ထားနိုင်ပါသည်။

၃။ အမှတ်စဉ်(၃)သင်တန်းအတွက် HTML နှင့် Programming အခြေခံရှိသူများလျှောက်ထားနိုင်သည်။

၄။ အမှတ်စဉ်(၄)သင်တန်းအတွက် Database အခြေခံရှိသူများလျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၅)သင်တန်းအတွက် ICTTI Professional Diploma in Network Engineering သင်တန်း တက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၆။ အမှတ်စဉ်(၆)သင်တန်းအတွက် IT Professional အဖြစ်အသက်မွေးဝမ်းကျောင်းမှုသက်တမ်းအနည်းဆုံး(၃)နှစ်နှင့်အထက်ရှိသူများ လျှောက်ထားနိုင်သည်။

၇။ အမှတ်စဉ်(၇)သင်တန်းအတွက် ICTTI Professional Diploma in Network Engineering သင်တန်းတက်ရောက်အောင်မြင်ပြီး Cisco Networking အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၈။ အမှတ်စဉ်(၈)သင်တန်းအတွက် Java Programming နှင့် Framework အခြေခံရှိသူများလျှောက်ထားနိုင်သည်။

၉။ အမှတ်စဉ်(၉)နှင့်(၁၀)သင်တန်းများအတွက် ICTTI သင်တန်းဌာနမှ Professional Diploma in Software Engineering သင်တန်း(သို့မဟုတ်) IMCEITS သင်တန်းဌာန Professional Diploma in Java Programming သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၁၀။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်များမှအပ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ အချိန်ပြည့်သင်တန်းများဖြစ်သည်။

၁၁။ သင်တန်းအောင်မြင်ပြီးဆုံးပါက ပညာရေးဝန်ကြီးဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်းနှင့် ဂျပန်နိုင်ငံ၊ JICA တို့မှပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များပေးအပ်မည်ဖြစ်ပါသည်။

၁၂။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူများဖြစ်ရမည်-

(က) B.C.Sc/B.C.Tech/ B.Tech (IT)/B.Tech(EC)/B.E(EC)/B.E(IT)/B.Sc(ComputerScience)/M.C.Sc/ M.C.Tech/M.I.Sc/M.A.Sc/M.E(IT)/M.E(EC)/M.Sc(Computer Science) ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ Computer Hardware ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှသတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။

(စ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၁၃။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်များတွင် Online ဝင်ခွင့်စာမေးပွဲများဖြေဆိုကြရမည်-

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၂၃-၉-၂၀၁၆ (သောကြာနေ့) | Online ဝင်ခွင့်စာမေးပွဲ | နံနက် ၁၀း၀၀ နာရီ | ICTTI သင်တန်းဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း |

၁၄။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း ICTTI သင်တန်းဌာနတွင် ၁၉-၉-၂၀၁၆ရက် (တနင်္လာနေ့)နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၅။ အခြားသိရှိလိုသည်များရှိပါက ICTTI သင်တန်းဌာန ဖုန်း-၀၁-၆၆၁၇၁၄၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၅၂၅၄၂၊ ၀၁-၆၆၂၃၂၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈င/၂၅၂၀ KO L/T (KOL.01) P/U(4x2) ယာဉ်လက်ဝယ်ရှိသူ အရှင်ကေသရ ၅/မရန(သ) ၀၀၁၀၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (မုံရွာ)**

**ဖခင်အမည်မှန်**

ဒီပဲယင်းမြို့နယ်၊ မင်းဆွေနှစ်ကျေးရွာ၊ ရေဦးမြို့၊ ခွဲသန်ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်း (A) မှ မောင်ကောင်းမြတ်စိုး၏ဖခင်အမည်မှန်မှာ ဦးမြမင်း ၅/ဒပယ(နိုင်)၀၅၂၆၃၉ဖြစ်ပါကြောင်း။ **ဦးမြမင်း**

**ဖခင်အမည်မှန်**

ရေစကြိုမြို့နယ်၊ မအူအောက်ဆိပ်၊ အထက ပဥ္စမတန်း (A)မှမသင်းမြတ်ဇော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်နိုင် ၈/ရစက(နိုင်)၁၁၈၁၁၃ဖြစ်ပါကြောင်း။ **ဦးမျိုးဇော်နိုင်**

**တစ်ဦးတည်းဖြစ်ကြောင်း**

ကောလင်းမြို့နယ်၊ မင်းချမ်းအထက တက္ကသိုလ်ဝင်တန်းမှ မနန်းကေသီအောင်၏ဖခင် ဦးကျော်နိုင်နှင့် ဦးအိုက်ငွေ ၅/ကလတ(နိုင်)၀၁၅၀၀၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်နိုင်(ခ)ဦးအိုက်ငွေ**

---

# ပညာရေးဝန်ကြီးဌာန
# စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
# နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်း
# IMCEITS Advanced ICT Engineering သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်းနှင့် အိန္ဒိယနိုင်ငံ CDAC တို့ပူးပေါင်းဖွင့်လှစ်သည့် India-Myanmar Centre for Enhancement of IT Skills (IMCEITS) သင်တန်းဌာနတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်နေ့ | လက်ခံမည့်သင်တန်းသားဦးရေ |
|---|---|---|---|---|
| (၁) | Professional Diploma in Java Programming Course | (၂၄)ပတ် | ၇-၁၁-၂၀၁၆ | ၁၂၀ဦး |
| (၂) | Professional Diploma in Ms.Net Programming Course | (၂၄)ပတ် | ၇-၁၁-၂၀၁၆ | ၈၀ဦး |
| (၃) | Professional Diploma in Wireless and Mobile Computing Course | (၂၄)ပတ် | ၇-၁၁-၂၀၁၆ | ၄၀ဦး |
| (၄) | Professional Certificate in Web Technologies Course | (၈) ပတ် | ၇-၁၁-၂၀၁၆ | ၄၀ဦး |
| (၅) | Professional Certificate in Android Programming Course | (၈)ပတ် | ၉-၁-၂၀၁၇ | ၄၀ဦး |
| (၆) | Professional Certificate in Linux Course | (၈)ပတ် | ၉-၃-၂၀၁၇ | ၄၀ဦး |

၂။ အမှတ်စဉ် (၁)၊ (၂)နှင့် (၃) သင်တန်းများသည် ဒီပလိုမာဘွဲ့သင်တန်းများဖြစ်ပြီး မိမိ၏ပရိုဂရမ်စွမ်းရည်ကို အခြေခံ၍ ကြိုက်နှစ်သက်ရာသင်တန်းကို ရွေးချယ်လျှောက်ထားနိုင်သည်။

၃။ အမှတ်စဉ်(၄)သင်တန်းကို HTML နှင့် Programming အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၄။ အမှတ်စဉ်(၅)သင်တန်းကို IMCEITS သင်တန်းဌာနမှ Professional Diploma in Java Programming (သို့မဟုတ်) Wireless and Mobile Computing Course သင်တန်းအောင်မြင်ပြီးသူ (သို့မဟုတ်) ICTTI သင်တန်းဌာနမှ Professional Diploma in Software Engineering သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၅။ အမှတ်စဉ်(၆)သင်တန်းကို Linux အခြေခံရှိသူများ လျှောက်ထားနိုင်သည်။

၆။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်များမှအပ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ အချိန်ပြည့်သင်တန်းများဖြစ်သည်။

၇။ သင်တန်းအောင်မြင်ပြီးဆုံးပါက နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်းနှင့် အိန္ဒိယနိုင်ငံ၊ CDAC အဖွဲ့အစည်းတို့ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။

၈။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) B.C.Sc/B.C.Tech/B.Tech (IT)/B.Tech (EC)/B.E (IT)/B.E (EC)/B.Sc (Computer Science)/M.C.Sc/M.C. Tech/M.I.Sc/M.A.Sc/M.E(IT)/M.E(EC)/M.Sc (Computer Science) ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့ (သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။

(ဃ) ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှသတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။

(စ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၉။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်များတွင် Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၂၂-၉-၂၀၁၆ (ကြာသပတေးနေ့) | Online ဝင်ခွင့်စာမေးပွဲ | နံနက် ၁၀း၀၀ နာရီ | IMCEITS သင်တန်းဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း |

၁၀။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်း IMCEITS သင်တန်းဌာနတွင် ၁၉-၉-၂၀၁၆ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၁၁။ အခြားသိရှိလိုသည်များရှိပါက IMCEITS သင်တန်းဌာန၊ ဖုန်း-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၆၂၃၂၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
# အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့်ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၆-၈-၂၀၁၆ရက် မွန်းတည့် ၁၂း၀၀နာရီ
၂၉-၈-၂၀၁၆ရက် မွန်းလွဲ ၁၃း၀၀နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့် တန်ပမာဏ** - ကျွန်းသစ်လုံး(၁၆၅)တန်
- ကျွန်းခွဲသား (၂၄၀)တန်
- ပျဉ်းကတိုး၊ အင်-ကညင်/အင်ကြင်း/စကားဝါ/သစ်ယာ/ယမနေ/ထောက်ကြန့် (၂၀၆၇)တန်

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် website ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ **ဆက်သွယ်ရန် Ph;01-528764, E-mail;marketing 1 ppy@gmail.com**

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၁၄၃၈၀၊ Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တိုးတိုးအောင် ၁၀/သထန(နိုင်)၁၀၀၇၄၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

---

**အမည်မှန်**

ဦးအောင်နိုင် ၉/ပမန(နိုင်)၀၉၃၀၅၃၏သမီး မအေးအေးအောင်၏ အမည်မှန်မှာ မရွှေရီလင်း ၉/ဥတတ(နိုင်)၀၀၈၅၄၆ ဖြစ်ပါသည်။

**မွေးသက္ကရာဇ်အမှန်**

တောင်သာမြို့၊ နတ်စောင်ကျေးရွာနေ ဦးစ၏သမီးမသန်းဌေး ၉/တသန(နိုင်)၀၅၇၈၃၃၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၇-၁၉၆၆ ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျိုက်မရောမြို့နယ်၊ ဓမ္မသကျေးရွာမှ ဦးကျော်အုံး၏သား ဦးဖိုးဝမ်းနှင့် ဦးဖိုးဝိုင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဖိုးဝမ်း(ခ)ဦးဖိုးဝိုင်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျိုက်မရောမြို့နယ်၊ ဓမ္မသကျေးရွာမှ ဦးဖိုးဝိုင်း၏သမီး မိတင်မိုးမြင့်နှင့်မိခင်မိုးမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မိတင်မိုးမြင့်(ခ)မိခင်မိုးမြင့်**

**ဖခင်အမည်မှန်**

မုဒုံမြို့၊ အထက(၃)၊ နဝမတန်း(C)မှ မအိဖြိုးဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးညွန့် ၁၀/မဒန(နိုင်)၀၆၄၈၆၆ ဖြစ်ပါကြောင်း။ **ဦးမျိုးညွန့်**

**ဖခင်အမည်မှန်**

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီ၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ခင်နိုင်လင်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်လေး ၁၂/ဒလန(နိုင်)၀၃၂၉၄၄ ဖြစ်ပါကြောင်း။ **ဦးခင်မောင်လေး**

**ဖခင်အမည်မှန်**

မြင်းခြံမြို့၊ အထက-၁ တက္ကသိုလ်ဝင်တန်း(F) မှ မောင်မြင့်ကျော်အောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်အောင် ၉/မခန(နိုင်)၀၉၀၃၅၇ ဖြစ်ပါကြောင်း။ **ဦးကျော်မြင့်အောင်**

**အမည်ပြောင်း**

တောင်ကြီးမြို့နယ်၊ အထကတောင်နီ စတုတ္ထတန်း(ဂ)မှ မရန်ရှန်ပီအား ယနေ့မှစ၍ မရှောင်မြီဟုပြောင်းလဲခေါ်ပါရန်။ **မရှောင်မြီ**

**မိခင်အမည်မှန်**

တောင်ကြီးမြို့နယ်၊ အထကတောင်နီ စတုတ္ထတန်း(ဂ)မှ မရှောင်မြီ၏မိခင်အမည်မှန်မှာ ဒေါ်ကျူဟွေ့ရှန်း TMN-015046 ဖြစ်ပါကြောင်း။ **ဒေါ်ကျူဟွေ့ရှန်း**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် လှချေး ၂/ဖရဆ(နိုင်)၀၁၂၈၃၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၆၄၉၉၃၈၁**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်သိန်းထွန်းဝင်း ၁၃/တကန(နိုင်)၁၆၀၃၄၉၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၂၀၇၉၇၆**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကလိန်အောင်မြို့နယ်၊ ဇင်းဘားကျေးရွာနေ သမိုင်းစတုတ္ထနှစ်အဝေးသင်၊ထားဝယ်တက္ကသိုလ်မှ နော်လေးဝါးထူး၏ဖခင် စောညာထီးနှင့် စောညဏ်ထီးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **စောညာထီး(ခ)စောညဏ်ထီး ၆/ရဖန(နိုင်)၀၁၇၃၉၆**

**အမည်မှန်**

ရေနံချောင်းမြို့နယ်၊ ပင်းဝအုပ်စု၊ ပင်းဘုရားကုန်းကျောင်း၊ အထက(ခွဲ) ပဥ္စမတန်း(A)မှ (ဘ)ဦးသက်နိုင်ဝင်း ၈/ခမန(နိုင်)၁၇၆၈၆၈ ၏သား မောင်ချစ်စန်းနိုင်၏ အမည်မှန်မှာ မောင်ချစ်စန်းလှိုင် ဖြစ်ပါကြောင်း။ **မောင်ချစ်စန်းလှိုင်**

**အဘအောင်မင်းခေါင်ပွဲသို့ဈေးကြေးစည်**
▲အဘပွဲ၊ ပုပ္ပါး (ညအိပ်) Sep16
▲ပုပ္ပါး(ညအိပ်)၊ ပုဂံ-ညောင်ဦး(စွယ်တော်လေးဆူ)၊ ပခုက္ကူ
အဘပွဲသီးသန့် Sep17
▲ပုပ္ပါး(ညအိပ်)၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်အနီ (ကျောက်စိမ်းဘုရား)
▲ပုပ္ပါး(ညအိပ်)၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်စမ်းဂူ
▲ပြည်ဘုရားစုံ၊ အကောက်တောင်၊ ပေါင်းတည်စွယ်တော်ပွဲ(နေ့ချင်းပြန်) Sep14
ပန်းဆိုးတန်း ☎01-240860/01-372290 ဒေါ်ပုံ 09-49282825,09-421029191

23 မဆလာ (ဖင်ဆက်အလှအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

**အမြန်ရောင်းမည် / လဲမည်။**
Backhoe မြေတူးစက် ရောင်းရန်ရှိသည်။
အိမ်စီးကား Four Wheel ( သို့ ) တိုက်ခန်းနှင့်လဲမည်။
ဖုန်း - ၀၉-၄၅၂၃၄၃၃၈၇၊ ၀၉-၉၇၂၅၀၂၆၈၇

ပိုက်ဖြောလစ်/လေဝီအား/Fully Auto
တွန်းကချစ် အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884

# *Smile Card Member* များအတွက်

၁.၁.၂၀၁၆ မှ ၃၀.၆.၂၀၁၆ အတွင်း Gandamar Wholesale နှင့် Ruby Mart များတွင် Smile Card ဖြင့် ဝယ်ယူအားပေးခဲ့သော Customer များအနက် သတ်မှတ်ချက်နှင့် အကျုံးဝင်သူများအား Rewardများ ပြန်လည်ချီးမြှင့်မည်ဖြစ်ပါသဖြင့် Smile Card ပြုလုပ်ခဲ့သော သက်ဆိုင်ရာ Gandamar Wholesale နှင့် Ruby Mart တို့တွင် ၁.၈.၂၀၁၆ မှ ၃၀.၁၀.၂၀၁၆ အထိ လာရောက်ထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

စုံစမ်းရန် ဖုန်း - ၆၅၇၃၁၄၊ ၆၅၇၃၁၉ လိုင်းခွဲ(၃၁၂)

PUN HLAING SILOAM HOSPITALS

အလှအပနှင့်အရေပြားဆိုင်ရာ
ခွဲစိတ်ကုသမှုအထူးအစီအစဉ်

ဩဂုတ်လ (၂၇) ရက်နေ့မှ (၂၈) ရက်နေ့အထိ

ကိုရီးယားမင်းသမီးတွေလိုလှပဖို့အတွက် ကိုရီးယားနိုင်ငံကို သွားစရာမလိုတော့ပါ...

- မျက်နှာပေါ်ရှိ အစရေးအကြောင်းများဖျောက်ပေးခြင်း
- ခန္ဓာကိုယ်အချိုးအစားပြေပြစ်လှပအောင် ပုံဖော်ခြင်း
- မျက်နှာအချိုးအစားပြေပြစ်လှပအောင် ခွဲစိတ်ခြင်းအမျိုးမျိုး
- မျက်လုံးတဝိုက်ပြုပြင်ခြင်းအမျိုးမျိုး
- ရင်သားအလှပြုပြင်ခြင်းအမျိုးမျိုး
- နှာခေါင်းအလှပြုပြင်ခြင်းအမျိုးမျိုး
- နှုတ်ခမ်းအလှပြုပြင်ခြင်းအမျိုးမျိုး
- အဆီစုပ်ထုတ်ခြင်း

ကိုရီးယားနိုင်ငံမှ
အလှအပရေးရာခွဲစိတ်အထူးကု
ဆရာဝန်ကြီးကိုယ်တိုင်
လာရောက်ခွဲစိတ်ကုသပေးမည်။



LIKE US ON facebook
Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၃၀၀၄၂၆၇၉ ၊ (၀၉) ၂၆၄၉၅၀၈၀၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀
www.punhlaingsiloamhospitals.com

Facebook ကို
အကန့်အသတ်မရှိ သုံးနိုင်ပြီ
Facebook ဗီဒီယိုကြည့်မလား၊
ပုံတင်မလား၊ ချက်တင်လုပ်မလား
ကြိုက်သလို မရပ်မနားအသုံးပြုနိုင်ပါပြီ

ooredoo



နေ့စဉ်
၁၉၉ ကျပ်
အကန့်အသတ်မရှိ

အပတ်စဉ်
၉၉၉ ကျပ်
အကန့်အသတ်မရှိ

အစီအစဉ်ကို ရယူရန်
*133#
ကို ခေါ် ဆိုပါ

စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။



# (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၂)နှင့် DPN အဖွဲ့တို့ NCA စာချုပ် သဘောတူလက်မှတ်ရေးထိုးနိုင်ရေး တွေ့ဆုံဆွေးနွေး

**သတင်း - ရဲခေါင်ညွှန့် ၊ ဓာတ်ပုံ - ဖိုးထောင်**

**ရန်ကုန် ဩဂုတ် ၂၀**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ (NCA) စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၂)နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) တို့သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC ) ရန်ကုန်တွင် တွေ့ဆုံဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) ခေါင်းဆောင် ခူဦးရယ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီမှ ဦးသိန်းဇော်တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲသည် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်များက NCA လက်မှတ်ရေးထိုးနိုင်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတက်ရောက်နိုင်ရေး

*စာမျက်နှာ ၅ ကော်လံ ၁* ❒

## တနင်္ဂနွေဖတ်စရာ

ဆောင်းပါး

**ရနံ့သင်းပျံ့ သနပ်ခါးနံ့နှင့်အတူ**

စာ - ၁၅

မြန်မာ့ရိုးရာအားကစား

**နိုင်ငံတစ်ဝန်း ရိုးရာလက်ဝှေ့အမွေကို ဆက်ခံမယ့် ရွက်ပုန်းသီး မျိုးဆက်သစ် လူငယ်များ ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲမှ ပေါ်ထွက်ခွင့်ရတော့မည်လား**

စာ - ၁၉

အခွင့်အလမ်းဖွေရှာဘဝအတွက်တာ

**ရပ်ရွာထဲမှာ အချိန်ပိုင်း၊ ရက်ပိုင်းအလုပ်လုပ်ရာက ထိခိုက်ဒဏ်ရာရခဲ့ရင် လျော်ကြေးခံစားခွင့်ရှိပါတယ်**

စာ - ၂၀

# ထိုင်းနိုင်ငံသို့ ကျပ်တစ်သိန်းခွဲဝန်းကျင်ဖြင့် တရားဝင်ရွှေ့ပြောင်းအလုပ်လုပ်ကိုင်နိုင်ပြီ

■ **မြင့်မောင်စိုး**

**ရန်ကုန် ဩဂုတ် ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးကွန်ရက် (Migrant Worker Rights Network-MWRN) နှင့် ထိုင်းနိုင်ငံရှိ အသားအအေးခန်းစက်ရုံ ကုမ္ပဏီအုပ်စုကြီးတစ်ခုဖြစ်သည့် Thai Union Group PCL တို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အလုပ်သမားသင်တန်းကျောင်း၌ ယနေ့ နံနက်ပိုင်းက ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်တွင် အခမဲ့ဝန်ဆောင်မှုဖြစ်ပေါ်စေရေး ဦးတည်ဆောင်ရွက်နေမှု အခြေအနေနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်အလုပ်လုပ်ကိုင်လိုသူများ ယခင်က အထွေထွေကုန်ကျစရိတ် ကျပ်ငွေ ငါးသိန်းခန့်ကုန်ကျရာမှ ယခုအခါ နှစ်နိုင်ငံအစိုးရ၏ ပူးပေါင်းဆောင်ရွက်မှု၊ ထိုင်း-မြန်မာ လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မြန်မာကျပ်ငွေ တစ်သိန်းခွဲခန့်သာ ကုန်ကျစရိတ်ရှိကာ သွားရောက်အလုပ်လုပ်ကိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၃* ❄

# မြန်မာ့လက်ရွေးစင်အသင်း ဥရောပ ငါးနိုင်ငံ၌ လေ့ကျင့်မည်

**သတင်း - ရဲရင့်ရှိုင်း**

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ပြိုင်ပွဲမတိုင်မီ ဥရောပ ငါးနိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်း၏ ဥရောပလေ့ကျင့်ရေး ခရီးစဉ်မှာ စက်တင်ဘာ ၁၀ ရက်တွင် စတင်မည်ဖြစ်ပြီး အောက်တိုဘာ ၁၅ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကာ ရက်ပေါင်း ၃၀ ကျော်ကြာမြင့်မည်ဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၅* ✪



မြန်မာ့လက်ရွေးစင်အသင်း လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမတိုင်မီက လေ့ကျင့်နေစဉ် ဓာတ်ပုံ - ဖိုးသော်ဇင်

## ဝဝန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၀**

ယနေ့ ညနေ ၃ နာရီခွဲတိုင်းထွာချက်အရ ဝဝန်မြစ်ရေသည် ပုသိမ်မြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

